# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်    ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၄၉]


**ဝီရိယနှင့် ဆန္ဒအကျိုး**

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# တရုတ်-အာဆီယံ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု ၁၂၆ ဒသမ ၉၅ ဘီလီယံအထိ တိုးတက်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပြပွဲဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် မြန်မာပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နန်နင်း စက်တင်ဘာ ၁၈**

(၁၂)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပြပွဲဗဟိုဌာန (Nanning International Convention and ExhibitionCentre) ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျောင်းကောင်းလီ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**သီလဝါအထူးစီးပွားရေးဇုန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန်စီစဉ်လျက်ရှိ** စာ-၅

**မဲစာရင်းတွင်အမည်ကို လွယ်ကူစွာကြည့်နိုင်မည့်နည်း မင်္ဂလာတောင်ညွန့်တွင် အကောင်အထည်ဖော်အသုံးပြုနေ** စာ-၁၇




# နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အလားအလာ

ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ နိုင်ငံစီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးဖော်ဆောင်ရာတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်ကောင်းကောင်းဖြင့် ဖွံ့ဖြိုးလာရန် လိုအပ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံအသီးသီးက ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် ဆွဲဆောင်မှုများ ပိုမိုပြုလုပ်လာကြပါသည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူဖြစ်စေနိုင်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် နိုင်ငံရေးပွင့်လင်းလာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်ဆံရေးတိုးမြင့်လာလျက်ရှိရာ အာရှဒေသတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အကောင်းဆုံး ကုန်းတွင်းပိုင်း ပေါင်းကူးတံတားသဖွယ် နိုင်ငံအဖြစ်သို့ တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား အကျိုးအမြတ်ကောင်းများရရှိနိုင်သည့် နိုင်ငံများတွင် မြန်မာနိုင်ငံသည် နောက်ဆုံးထွက်ပေါ်လာသည့် နိုင်ငံဖြစ်ပါသည်။

နိုင်ငံခြားကုမ္ပဏီများအား လုပ်သာကိုင်သာရှိစေရန် ဖြေလျှော့မှုများ ပြုလုပ်ပေးထားခြင်း၊ ဥပဒေကြောင်းအရ အကာအကွယ်များပေးထားခြင်း၊ လုပ်အားခသက်သာသော လုပ်သားအရင်းအမြစ်များ ပေါများခြင်း၊ ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်နိုင်ရန် လွယ်ကူခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လျက်ရှိပါသည်။

တစ်ချိန်တည်းမှာပင် ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားငွေဈေးကွက်တည်ငြိမ်လာခြင်း၊ ရေမီးနှင့် အခြေခံအဆောက်အအုံများ တိုးတက်လာအောင် ဆောင်ရွက်ပေးနေပြီဖြစ်၍ နိုင်ငံခြား စီးပွားရေးလုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံတွင် အခွင့်အလမ်းသစ်များ ပေါ်ထွက်လာလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ရေရှည်နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံချက်အရ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ လေးဘီလီယံအထိသာ မျှော်မှန်းခဲ့သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၁ ဘီလီယံအထိ တိုးတက်ခဲ့ပါသည်။ ဤအချက်ကို ထောက်ရှုခြင်းဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အကောင်းဆုံးဒေသအဖြစ် တိုးတက်ပြောင်းလဲလျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံစီးပွားရေး ဈေးကွက်အတွင်း နိုင်ငံခြားဘဏ်လုပ်ငန်းများလည်း အများအပြား ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ပါသည်။ မကြာမီနှစ်များအတွင်း သီလဝါကဲ့သို့ အထူးစီးပွားရေးဇုန်ကြီးများလည်း ပေါ်ပေါက်လာတော့မည် ဖြစ်ပါသည်။ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများက စက်စွမ်းအားဖြင့် လည်ပတ်ရန်တာစူနေကြပြီ ဖြစ်ပါသည်။ ဤသည်ကား နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်ပါသည်။ ထို့အပြင် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုမှာလည်း အတော်ပင်ခရီးရောက်ခဲ့ပြီဖြစ်ပါသည်။ နိုင်ငံရေးတည်ငြိမ်လာသည်နှင့်အမျှ စီးပွားရေးလည်းဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အလားအလာကောင်းများနှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၉ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျစည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီတို့အနေဖြင့် လာရောက်ဟောပြောခြင်းမပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှုမရှိခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(သတင်းစဉ်)

## ကွတ်ခိုင်မြို့နယ်အတွင်း မဲစာရင်းကြေညာခြင်းကို သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့က တားမြစ်

**နေပြည်တော် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ် မူဆယ်ခရိုင်အတွင်းရှိ ကွတ်ခိုင်မြို့နယ် ဟိုအက်ကျေးရွာအုပ်စုနှင့် မုန်းပေါ်ကျေးရွာအုပ်စုတို့တွင် စက်တင်ဘာ ၁၄ ရက်၌ မဲစာရင်းများကပ်ထားကြေညာခဲ့ရာ စက်တင်ဘာ ၁၆ ရက် ညနေ ၆ နာရီတွင် ဟိုအက်ကျေးရွာအုပ်စုသို့ သောင်းကျန်းသူအဖွဲ့ တစ်ဖွဲ့ (စိစစ်ဆဲ)သည် လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက် ည ၁၀ နာရီတွင် မုန်းပေါ်ကျေးရွာအုပ်စု KIA လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့သည် လည်းကောင်း ရောက်ရှိလာပြီး မဲစာရင်းကပ်ထားကြေညာခြင်းမပြုရန် တားမြစ်ခဲ့သဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မဲစာရင်းများကို ဖြုတ်သိမ်းထားရကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အီတလီနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီရာဂျော်ဂျီယိုဖီဒယ်ရီအယ်လီဘာတီအား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)



## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**သထုံ စက်တင်ဘာ ၁၈**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ဝင်းစိန်ရွာသစ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတိုးပွားလာစေရန်အတွက် စက်တင်ဘာ ဒုတိယပတ်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးကြည်က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိတို့ (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိနှင့်အတူ အာဆီယံနိုင်ငံများကိုယ်စား ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်သည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တနာဆပ် ပတီမာပရာဂွန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တရုတ်နိုင်ငံနှင့် အာဆီယံတို့သည် မဟာဗျူဟာမိတ်ဖက်များဖြစ်ကြပြီး ကြီးမားသည့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများရှိနေကြပါကြောင်း၊ တရုတ်နိုင်ငံသည် အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး အာဆီယံသည်လည်း တရုတ်နိုင်ငံ၏ တတိယအကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်လာပါကြောင်း၊ တရုတ်-အာဆီယံ နှစ်ဖက်အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ပမာဏသည် ၂၀၁၃ခုနှစ်က အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၀၉ ဘီလီယံဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ၁၂၆ ဒသမ ၉၅ ဘီလီယံအထိ တိုးတက်လာသည်ကိုတွေ့ရှိရပါကြောင်း။

မြင့်မားလာသည့် စီးပွားရေးဆက်ဆံမှုကို အကောင်အထည်ဖော်ပေးခဲ့သည့် အာဆီယံ-တရုတ် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက် (ASEAN-China FTA) သည် အာဆီယံအနေဖြင့် အခြားသောဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့်ချုပ်ဆိုထားသည့် FTA များအနက်၊ ပထမဦးဆုံး အောင်မြင်စွာချုပ်ဆိုခဲ့ သည့် သဘောတူညီချက်ဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်းပေါင်းစည်းမှုနှင့် တရုတ်-အာဆီယံ နီးကပ်စွာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုမည့် အာဆီယံ ပေါင်းစည်းဆက်သွယ်မှု စီမံကိန်း (Master Plan on ASEAN Connectivity-MPAC) တွင် တရုတ်နိုင်ငံ၏ အရေးပါသည့် အခန်းကဏ္ဍကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း။

တရုတ်နိုင်ငံက အဆိုပြုသည့် (၂၁)ရာစုပင်လယ်ရေကြောင်းဆိုင်ရာ ပိုးလမ်းမကြီးသည်MPACကို အကျိုးပြုမည်ဖြစ်ပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် အရေးကြီးသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

အာရှဒေသအခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှု ဘဏ်သည် MPAC ကို အကောင်အထည်ဖော်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ပါဝင်သည့် အဖွဲ့ဝင်အများစုသည် ပိုးလမ်းမတစ်လျှောက်ရှိ နိုင်ငံများဖြစ်ကြပြီး ယခု အချိန်တွင် နိုင်ငံပေါင်း ၅၇ နိုင်ငံအထိ တိုးတက်လာသည်ဟု သိရှိရပါကြောင်း။

တရုတ်နိုင်ငံမှ ပိုးလမ်းမ ရန်ပုံငွေအတွက် ထည့်ဝင်မည့် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ သည် ပိုးလမ်းမတစ်လျှောက်တွင်ရှိသည့် နိုင်ငံများ၏ အခြေခံအဆောက်အအုံ၊ အရင်းအမြစ်၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး၊ ငွေကြေးပူးပေါင်းဆောင်ရွက်ရေးနှင့် အခြားသောစီမံကိန်းများတွင် အသုံးပြုရန်ရည်ရွယ်ကြောင်း သိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် ကုန်းလမ်းပိုးလမ်းမကြီးတည်ဆောက်ရေးအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရာတွင် ဘင်္ဂလားဒေ့ရှ်- တရုတ်- အိန္ဒိယ- မြန်မာ စီးပွားရေးစင်္ကြံတစ်လျှောက်ညီမျှသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အလေးထားခြင်းအတွက်လည်း ဝမ်းမြောက်မိပါကြောင်း။

တရုတ်နိုင်ငံနှင့် အာဆီယံတို့အကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှေးအစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု များမှတစ်ဆင့် (၂၁)ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကြီး အောင်မြင်စွာ တည်ဆောက်နိုင်စေရန်နှင့် အာဆီယံ-တရုတ် ပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အောင်မြင် နိုင်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် (၁၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် နန်နင်းအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းပြပွဲ ဗဟိုဌာနအတွင်းရှိ Myanmar Commodity Hall သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက (CAEXPO Trade Fair) ၏ (Myanmar Commodity Hall)ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဗဟိုဌာနအတွင်းခင်းကျင်းပြသထားသည့် မြန်မာပြခန်းများနှင့် နိုင်ငံတကာပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာပြီး (၁၁)ကြိမ်မြောက် CAEXPO Trade Fair ၏ Myanmar Commodity Hall ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

နန်နင်းမြို့တွင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲများကို ၂၀၀၄ ခုနှစ်မှ စတင်၍ တရုတ်နှင့် အာဆီယံနိုင်ငံများမှ ပြည်သူများအတွက် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ရန် ရည်ရွယ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိသည်။

ယခုနှစ်တွင် ကျင်းပသော (၁၂) ကြိမ်မြောက်ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံက ပြခန်း ၈၀ကျော်ဖွင့်လှစ်၍ မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းအမျိုးအစားများအလိုက် ကဏ္ဍစုံလင်စွာဖြင့် ပြသလျက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျန်းစီးပြည်နယ် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ချင်းရှူးတောင်ရှိ တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ဗုဒ္ဓရုပ်ပွားတော်များနှင့် ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နန်နင်းမြို့ရှိ အမျိုးသား ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်းပြသထားသည့် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝပုံစံ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ထုံးတမ်းအစဉ်အလာပြခန်းများအား ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ခံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ကွမ်ရှီးရုပ်သံဌာနမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ဆက်ဆံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ရောက်ရှိပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားကာ ကောင်စစ်ဝန်ချုပ်ရုံးမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နန်နင်းပြည်သူ့ခန်းမ ဆောင်၌ကျင်းပသည့် နန်နင်းအပြည်ပြည်ဆိုင်ရာ အနုပညာပွဲတော်နှင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာ ဖျော်ဖြေပွဲသို့ တက်ရောက်အားပေးသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့အကြီးဆုံး ရေပေါ်စာအုပ်စင်သင်္ဘောကြီး အောက်တိုဘာလဆန်း၌ ရန်ကုန်မြို့သို့ ဆိုက်ရောက်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

စာပေမျှော်လင့်ရာ (Logos Hope)ခေါ် ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းပွဲသင်္ဘောကြီးကို ၎င်း၏ အရှေ့တောင်အာရှခရီး အဆုံးသတ်တော့မည့်အချိန်နှင့် အာဖရိကတိုက်သို့ ခရီးမစတင်မီ နောက်ဆုံးရပ်နားစခန်းအဖြစ် ရန်ကုန်မြို့သို့ မကြာမီဆိုက်ရောက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ လောဂိုးဟုပ်သင်္ဘောကြီးသည် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ နိုင်ငံတကာသင်္ဘောဆိပ်ကမ်း၌ အောက်တိုဘာ ၂ ရက်မှ ၁၅ ရက်အထိ ဆိုက်ကပ်ရပ်နားသွားမည်ဖြစ်သည်။ မြန်မာပြည်သည် လောဂိုးဟုပ်သင်္ဘော၏ ပထမဆုံးသော သမိုင်းဝင်ခရီးစဉ် တစ်ခုလည်းဖြစ်သည်။

လောဂိုးဟုပ်သင်္ဘောပေါ်ရှိ စာအုပ်ဈေးရောင်းပွဲ၌ လူအများတတ်နိုင်သောဈေးနှုန်းဖြင့် စာအုပ်ပေါင်း ၅၀၀၀ ကျော်ကို ရွေးချယ်ပြသရောင်းချပေးသွားမည်ဖြစ်ရာ ဘာသာရပ်အနေဖြင့် သိပ္ပံဘာသာရပ်များ၊ အားကစားနှင့်ပတ်သက်သော စာအုပ်များ၊ ဝါသနာဆိုင်ရာ ဘာသာရပ်အမျိုးမျိုး၊ ချက်ပြုတ်နည်းသင်စာအုပ်များ၊ အနုပညာနှင့် အတတ်ပညာစာအုပ်များ၊ ဆေးစာအုပ်များ၊ ဘာသာစကားသင်စာအုပ်များနှင့် ဒဿနိကဗေဒစာအုပ်များ၊ ကလေးစာပေများ၊ ကျောင်းသုံးပြဌာန်းစာအုပ်များ၊ အဘိဓာန်စာအုပ်များ၊ မြေပုံပြစာအုပ်များအပါအဝင် အခြားစိတ်ဝင်စားစရာခေါင်းစဉ်များလည်း စုံလင်စွာပါဝင်ကြောင်း သိရသည်။

ထို့အပြင် သင်္ဘောကုန်းပတ်များကို ဖွင့်လှစ်ထားမည်ဖြစ်ပြီး သင်္ဘောသစ်အကြောင်း ဗီဒီယိုများဖြင့် အပြန်အလှန် ခင်းကျင်းပြသမှုနှင့်အတူ ကြိုဆိုမိတ်ဆက်သည့်နေရာမှ ရေခဲမုန့်နှင့် စားသောက်စရာ အဆာပြေရောင်းချရာ နိုင်ငံတကာကဖီးဆိုင်အထိ လူတိုင်းအတွက် စိတ်ဝင်စားစရာများစွာပါရှိမည်ဖြစ်သည်။

အောက်တိုဘာ ၃ ရက်မှ ၁၄ ရက်အထိ ပြည်သူလူထုအတွက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့များတွင် မွန်းလွဲ ၁ နာရီမှ ည ၈ နာရီခွဲအထိလည်းကောင်း၊ ဗုဒ္ဓဟူးနှင့် စနေနေ့များတွင် နံနက် ၁၀ နာရီမှ ည ၈ နာရီခွဲ အထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဝင်ကြေးအခမဲ့ဖြစ်ပြီး အသက် ၁၂ နှစ်အောက် ကလေးငယ်များအား လူကြီးတစ်ယောက်က လိုက်ပါပို့ဆောင်ရန် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**ဝဏ္ဏမြေ**

# ရေဘေးသင့်ငါးမွေးမြူရေးလုပ်ငန်းရှင်များသို့ ငါးသားပေါက်များ အခမဲ့ဖြန့်ဝေ

**မုံရွာ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ ပျက်စီးဆုံးရှုံးခဲ့သော ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်းရှင်များအား ပျက်စီးဆုံးရှုံးမှုအခြေအနေပေါ် မူတည်ပြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းက ငါးသားပေါက်များ၊ ငါးသားဖောက်ရန် ငါးအထီး အမများကို ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

“ပထမအကြိမ်အနေနဲ့ကတော့ ကောလင်းမြို့နယ်မှ ဦးဝင်းအောင်ပိုင် ပုဂ္ဂလိက ငါးသားဖောက်စခန်းအတွက် ငါးသားဖောက်လုပ်ငန်းတွေ ပြန်လည် လုပ်ကိုင်နိုင်ဖို့အတွက် အလေးချိန် ၁၃၂ ဒသမ ၅ ကီလိုဂရမ်ရှိ ငါးမြစ်ချင်းအထီးအမ အစုံ ၅၀ ၊ ကောလင်းနဲ့ ဝန်းသိုမြို့နယ်အတွင်းက ရေကြီးနစ်မြုပ်ခဲ့တဲ့ မွေးမြူရေး လုပ်ငန်းရှင် ၅၃ ဦးပိုင် ငါးမွေးမြူရေးကန် ၁၁၄ ဒသမ ၈၇ ဧကအတွက် ငါးမြစ်ချင်းငါးသန်သားပေါက်ကောင်ရေ ငါးသိန်း၊ ရေဦးမြို့နယ်အတွင်းရှိ ၁၈ ဒသမ ၈၄ ဧကအတွက် ကောင်ရေ ၄၈၄၀၀ ၊ ဒီပဲယင်းမြို့နယ်အတွင်းရှိ ၁ ဒသမ ၈ ဧကအတွက် ကောင်ရေ ၅၅၀၀ တို့ကို ဖြန့်ဝေပေးခဲ့ပြီးပါပြီ။ အခုကျန်တာက ကလေးခရိုင်အတွင်းက ပျက်စီးခဲ့တဲ့ ငါးကန်တွေအတွက်ပါ။ လုပ်ငန်းရှင် ၇၄ ဦးပိုင်တဲ့ ၁၃၈ ဒသမ ၉၇ ဧက အကျယ်ရှိတဲ့ ၁၅၅ ကန်ရှိတယ်လို့ သိရတယ်။ မြေပြင်ပျက်စီးဆုံးရှုံးမှု အခြေအနေတွေကို စစ်တမ်းကောက်နေပါတယ်။ ပျက်စီးမှုအခြေအနေပေါ် မူတည်ပြီး တစ်ဧကကို ငါးသားပေါက် ကောင်ရေ ၃၀၀၀ ကနေ ၅၀၀၀ အထိ ထောက်ပံ့ပေးသွားမှာပါ”ဟု စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးက ပြောသည်။

**ဖိုးချမ်း(မုံရွာ)**



# တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် မြန်နှုန်းမြင့်မီးရထား ပြေးဆွဲမည်

**ပေကျင်း စက်တင်ဘာ ၁၈**

တောင်ကိုရီးယား၊ ရုရှားနှင့် ကျိုလင်ပြည်နယ်များနှင့် နယ်နိမိတ်ထိစပ်နေသည့် ဟန်ချွမ်းဒေသကို ဆက်သွယ်ပေးမည့် မြန်နှုန်းမြင့်ရထားလမ်းကြောင်းသစ်ကို လာမည့်စနေနေ့တွင် ဖွင့်လှစ်သွားမည်ဟု သိရသည်။

ကျိုလင်-တူမင်နှင့် ဟန်ချွမ်းကို ဆက်သွယ်ပေးမည့် မြန်နှုန်းမြင့်ရထား လိုင်းသည် ဟန်ချွမ်းသို့ ပထမဆုံးခရီးသည်တင်ဆောင်မည့် ရထားလမ်း ကြောင်းသစ်ဖြစ်ကြောင်း တရုတ်နိုင်ငံ ရထားပို့ဆောင်ရေး ပူးပေါင်းဆောင် ရွက်မှုအဖွဲ့ (စီအာစီ)က သောကြာနေ့တွင် ပြောသည်။

ဘူတာ ကိုးခုရှိပြီး ကီလိုမီတာ ၃၆၀ အထိ ရထားလမ်းကို တိုးချဲ့မည်ဖြစ်ကာ တစ်နာရီ ကီလိုမီတာ ၂၀၀ နှုန်းဖြင့် ပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါ ရထားလမ်းကြောင်းသစ်သည် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဆက်သွယ်ရေးကို တိုးတက်လာစေမည်ဖြစ်ပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်မည့်အပြင် လူမျိုးစုများအကြား စုစည်းညီညွတ်မှုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဘက်တွင် လူခုနစ်ဦး သေဆုံး

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဘက်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့ရာ လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ပြည်တွင်းမီဒီယာများက ပြောသည်။

စစ်သွေးကြွများ ပုန်းအောင်းနေထိုင်ရာနေရာကို ဦးတည်တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ဟု သတင်းဌာနတစ်ခုက ဖော်ပြထားသည်။ မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်နှစ်စင်းပစ်ခတ်မှုကြောင့် ဒေသခံအရပ်သားများ စိုးရိမ်ထိတ်လန့်လျက်ရှိကြောင်း သိရသည်။ သေဆုံးသူများ၏ ကိုယ်ရေးအချက်အလက်များကိုမူ မသိရသေးပေ။

(ဆင်ဟွာ)

# ချီလီငလျင်သေဆုံးသူ ၁၁ ဦးရှိလာ



ချီလီသမ္မတ ဘာချီလက်ဘ် ငလျင်ကြောင့်ပျက်စီးသွားသော ကိုကွင်ဘိုမြို့ကို စက်တင်ဘာ ၁၇ ရက်က လှည့်လည်ကြည့်ရှုစဉ်။

**ဆန်ဒီရာဂို စက်တင်ဘာ ၁၈**


ချီလီတွင် ပြင်းအား ၈ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခု စက်တင်ဘာ ၁၆ ရက် က လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် အနည်းဆုံးလူ ၁၁ ဦးသေဆုံးကာ ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားအရေးပေါ်ဌာနက စက်တင်ဘာ ၁၇ ရက်က အတည်ပြုခဲ့သည်။ အစောပိုင်းနေ့က ချီလီပြည်ထဲရေးဝန်ကြီး ဂျော့ဂျ်ဘာဂိုက သေဆုံးသူဦးရေမှာ ရှစ်ဦးဖြစ်ပြီး တစ်ဦးပျောက်ဆုံးနေကြောင်း ပြောခဲ့သော်လည်း ယခုအတည်ပြုထုတ်ပြန်လိုက်သော သတင်းအချက်အလက်မှာ ငလျင်နောက်ဆုံးရသတင်းဖြစ်ကြောင်း သိရသည်။

ငလျင်သည် စက်တင်ဘာ ၁၆ ရက်ဒေသစံတော်ချိန် ၇ နာရီ ၅၄ မိနစ် ၃၃ စက္ကန့်တွင် ချီလီမြို့တော်ဆန်တီရာဂိုနှင့် ၁၅၃ မိုင်ကွာဝေးသော အီလာပဲမြို့ အနောက်မြောက်ဘက် ၄၄ မိုင်အကွာရှိ ပင်လယ်ပြင်ကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီးနောက် နောက်ဆက်တွဲငလျင်လှိုင်းများ လှုပ်ခတ်ခဲ့ရာ ပြင်းအား ၇ အဆင့်အထိ ရောက်ရှိခဲ့ပြီး နိုင်ငံတစ်ဝန်းလုံးသာမက ဘရာဇီးလ်၊ ဘိုလီးဗီးယား၊ အာဂျင်တီးနားတို့ကိုပါ ရိုက်ခတ်သွားကြောင်း သိရသည်။ အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့သောကြောင့် နိုင်ငံအဝန်း အိမ်ပေါင်း ၃၀၀၀ ပျက်စီးခဲ့ပြီး လူတစ်သန်းကျော်မှာ ငလျင်လှုပ်ပြီးဖြစ်ပေါ်လာသော ဆူနာမီရေလှိုင်း အန္တရာယ် သတိပေးနှိုးဆော်မှုကြောင့် ၎င်းတို့နေအိမ်များမှ ဘေးလွတ်ရာသို့ပြောင်းရွှေ့ခဲ့ရသည်။

လူဦးရေ ၄၀၉ ဦးသည် ကိုကွင်ဘိုကမ်းရိုးတန်းဒေသတွင် ခိုနားနေရသည်။ ကိုကွင်ဘိုဆိပ်ကမ်းမြို့သည် ပျက်စီးမှုဒဏ်ကို အလူးအလဲခံစားနေရသည်။ အချို့လှေများမှာ စိမ့်မြေများတွင် သောင်တင်နေကြပြီး အချို့လှေများမှာလည်း ကုန်းမြေကိုဝင်တိုက်နေကြောင်း ပြည်ထဲရေးဝန်ကြီး ဘာဂိုက ပြောခဲ့သည်။

ချီလီနိုင်ငံသားများမှာ သဘာဝကြောင့်ဖြစ်ပေါ်လာသည့် ဘေးဒုက္ခများကို ခံစားဖူးပြီး ကြံ့ကြံ့ခံအောင်မြင်ကျော်လွှားနိုင်ခဲ့ကြောင်း၊ ယခုချိန်သည် ချီလီနိုင်ငံသားများ၏ ညီညွတ်သောအင်အားကို ပြသရန်အကောင်းဆုံးအချိန်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

(ဆင်ဟွာ)



# ချီလီငလျင် ဂျပန်တွင် ဆူနာမီလှိုင်းများရိုက်ခတ်

**တိုကျို စက်တင်ဘာ ၁၈**

ချီလီကမ်းလွန်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီလှိုင်းများ ဂျပန်နိုင်ငံသို့ ဝင်ရောက်ခဲ့ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက ပြောကြားခဲ့သည်။

အိုင်ဝါတီစီရင်စု ကူဂျီဆိပ်ကမ်းမြို့သို့ ရောက်ရှိလာသော ဆူနာမီမှာ အကြီးမားဆုံးဖြစ်ကာ ၈၀ စင်တီမီတာအမြင့်ရှိကြောင်း စက်တင်ဘာ ၁၈ ရက် ၉ နာရီ ၃၈ မိနစ်အချိန် တိုင်းထွာချက်များအရ သိရသည်။

ထို့အတူ ဟော့ကိုင်းဒိုစီရင်စု အာရီမိုမြို့တွင်လည်း ၅၀ စင်တီမီတာအမြင့်ရှိသော ဆူနာမီလှိုင်းများ ဝင်ရောက်ခဲ့ကြောင်း ယင်းနေ့နံနက် ၁၀ နာရီ ၈ မိနစ်အချိန် တိုင်းထွာချက်များအရ သိရသည်။

၎င်းအပြင် အော့ဂါစာဝါယာ စီရင်စုရှိ ချိချိဂျီမမြို့သို့လည်း ၃၀ စင်တီမီတာအမြင့်ရှိ ဆူနာမီလှိုင်းများ ရိုက်ခတ်ခဲ့သည်။

မိုးလေဝသအေဂျင်စီက ဂျပန်ကမ်းရိုးတန်းဒေသများနှင့် ယင်းနှင့်ထိစပ်လျက်ရှိသော ကမ်းရိုးတန်းဒေသများတွင် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

၁ မီတာထက် ပိုမိုမြင့်သော ဆူနာမီလှိုင်းလုံးများ ဝင်ရောက်လာမည်ဟု ခန့်မှန်းထားလျက်ရှိရာ မိုးလေဝသအေဂျင်စီက လူများကို မြစ်ဝနှင့်ကမ်းရိုးတန်းဒေသသို့ သွားလာခြင်းကို ဆူနာမီသတိပေးချက် မရုပ်သိမ်းမီကာလထိ ရှောင်ရှားကြရန် သတိပေးထားသည်။

(အင်န်အိတ်ချ်ကေ)

# ဂျပန်လွှတ်တော်တွင် လုံခြုံရေးဥပဒေပြဋ္ဌာန်းရန် အာဏာရပါတီနှင့် အတိုက်အခံကြား အားပြိုင်မှုများပေါ်ပေါက်

**တိုကျို စက်တင်ဘာ ၁၈**

ဂျပန် အာဏာရပါတီသည် အမျိုးသား လုံခြုံရေးဥပဒေမူကြမ်းကို စက်တင်ဘာ ၁၈ ရက်တွင် ဥပဒေပြုနိုင်ရန် မျှော်လင့်ထားသည်။ သို့သော်လည်း ယင်းဥပဒေကြမ်းကို ဆန့်ကျင်သည့် ပါတီများက အထက်လွှတ်တော်မျက်နှာစုံညီ အစည်းအဝေးတွင် ဥပဒေကြမ်းကို ကန့်ကွက်ရန် စီစဉ်ထားသည်။

ယင်းဥပဒေ ပြဋ္ဌာန်းမှုသည် ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော် အခန်းကဏ္ဍကို သမိုင်းတစ်ခေတ် ဖွင့်လှစ်ပေးလိမ့်မည်ဖြစ်ပြီး နိုင်ငံရပ်ခြားတွင် ယင်းတပ်ဖွဲ့၏ အခန်းကဏ္ဍကို တိုးမြှင့်ချဲ့ထွင်နိုင်မည်ဖြစ်သည်။

အောက်လွှတ်တော်က ယင်းဥပဒေကြမ်းကို ဇူလိုင်လတွင် ထောက်ခံ အတည်ပြုခဲ့သည်။

အထက်လွှတ်တော် အထူးကော်မတီက အဆိုပါ အမျိုးသားလုံခြုံရေး ဥပဒေမူကြမ်းကို စက်တင်ဘာ ၁၇ ရက်က ထောက်ခံအတည်ပြုခဲ့ပြီး မျက်နှာစုံညီအစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့သည်။

အင်အားကြီး အတိုက်အခံ ဒီမိုကရက်တစ်ပါတီက အဆိုသုံးခု တင်သွင်းခဲ့ပြီး ၎င်းအဆိုသုံးခုတွင် အထက်လွှတ်တော်ဥက္ကဋ္ဌကို ဆန့်ကျင်သည့် အယုံအကြည်မရှိ အဆိုလည်း ပါဝင်ခဲ့သည်။

အမျိုးသားလုံခြုံရေး ဥပဒေမူကြမ်းကိုထောက်ခံသည့် အာဏာရပါတီနှင့် အခြားပါတီများက အဆိုသုံးခုကို ကန့်ကွက်မဲများဖြင့် ပယ်ချခဲ့သည်။

ဒီမိုကရက်တစ် ပါတီသည် အထက်လွှတ်တော်တွင် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးကို ဆန့်ကျင်သည့် ဝေဖန်အဆိုပြုချက်တစ်ခုကိုလည်း တင်သွင်းခဲ့သည်။

ဒီမိုကရက်တစ်ပါတီအပါအဝင် အတိုက်အခံပါတီငါးခုမှ ခေါင်းဆောင်များသည် သောကြာနေ့နံနက်တွင် တွေ့ဆုံ၍ အောက်လွှတ်တော်တွင် အာဘေးအစိုးရကို အယုံအကြည်မရှိအဆိုကို တင်သွင်းရန် သဘောတူခဲ့ကြသည်။ (အင်န်အိတ်ချ်ကေ)



# တပ်မတော်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထူးလိုလား





**နေပြည်တော် စက်တင်ဘာ ၁၈**

တပ်မတော်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်ရှိလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုအထူးလိုလားကြောင်း၊ NCA လက်မှတ်ရေးထိုးရန်အတွက်လည်း တပ်မတော်အနေဖြင့် အဆင်သင့်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားနေခြင်းဖြစ်ပြီးတိုင်းရင်းသားများနှင့်ပတ်သက်၍ ခွဲခြားမှုမရှိသကဲ့သို့ အခွင့်အရေးများလည်း ပေးထားကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် ကိစ္စရပ်များသည် မိမိပြည်တွင်းရေးကိစ္စသာဖြစ်ပြီး အားလုံးအမြင်ကျယ်ကျယ်ဖြင့် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ညနေပိုင်းတွင် ပြုလုပ်သော စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)ပူးတွဲတာဝန် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လာမည့် နိုဝင်ဘာလအတွင်း အထွေထွေ ရွေးကောက်ပွဲ ပြုလုပ်မည်ဖြစ်ရာ တပ်မတော်ပိုင်း ဆိုင်ရာများတွင် လွတ်လပ်ပြီး တရားမျှတမှုရှိရမည် ဖြစ်သကဲ့သို့ တစ်နိုင်ငံလုံး အတိုင်းအတာအရလည်း ဖြစ်စေချင်ကြောင်း၊ ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ တပ်မတော်၏ရပ်တည်ချက် မူဝါဒမှာ မိမိနိုင်ငံ၊ မိမိဒေသအတွက် ကောင်းအောင် ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန် အရေးသုံးပါးကို သိရှိနားလည်စောင့်ထိန်းနိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး အမြင်လေးမြင်ရှိပြီး တပ်မတော်အပေါ် နားလည်မှုရှိသူ ဖြစ်စေလိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန် ကာလများသည် အရေးကြီး၍ တပ်မတော်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ မုတ်သုံလေ စတင်ဆုတ်ခွာပြီး ပွင့်လင်းရာသီ ရောက်ရှိလာမည်ဖြစ်၍ လှေစီးသွားလာသူများ(Boat People) အရေးကိစ္စနှင့်ပတ်သက်ပြီး ဂရုပြုလုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ ယင်းကိစ္စရပ်များနှင့် ဆက်နွှယ်ပေါ်ပေါက်လာနိုင်သည့် အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်များကိုလည်း သတိထားကာကွယ်ရမည်ဖြစ်ကြောင်း၊ တပ်များဖွဲ့စည်းမှုစနစ်တကျရှိရေး၊ တပ်မတော်သား တစ်ဦးချင်းမှစ၍ တပ်အလိုက် Chain of Command ဖြင့် မှန်ကန်စွာ ထိန်းသိမ်းနေထိုင်ရေး၊ တပ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် ဒေသခံပြည်သူလူထုအတွက် အထောက်အကူ ပြုနိုင်သည်အထိ အောင်မြင်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ပညာရည်မြင့်တင်ရေးသည် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသဖြင့် တပ်မတော်အနေဖြင့် တပ်မတော်သားများသာမက မိသားစုဝင်များ၏ ပညာရည်မြင့်တင်ရေးကို အလေးထားဆောင်ရွက်ပြီး ပညာရေးဆုံးခန်းတိုင်အောင် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အရက်သေစာသောက်စားမှုနှင့် အပျော်အပါးကိစ္စရပ်များကြောင့် စစ်စည်းကမ်းဖောက်ဖျက်မှုမရှိစေရေး အလေးထားထိန်းသိမ်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိရည်မှန်းချက် တာဝန်များကို မှန်မှန်ကန်ကန်နှင့် အောင်မြင်စွာလုပ်ဆောင်နိုင်ရန် အမြင်လေးမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလုပ်ဆောင်ပြီး ယခုပွင့်လင်းရာသီတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# သီလဝါအထူးစီးပွားရေးဇုန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန်စီစဉ်လျက်ရှိ

သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့် ဆောင်ရွက်ရန်လိုအပ်သည့် ဌာနဆိုင်ရာကိစ္စရပ်များကို အွန်လိုင်းစနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က ပြောကြားသည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသူများအကြား စက်တင်ဘာ ၁၇ ရက်က ရန်ကုန်မြို့ရှိ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည့် တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**




သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ဝက်ဘ်ဆိုက်ဖြစ်သည့် myanmarthilawa.com တွင် အွန်လိုင်းစနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် နည်းပညာဆိုင်ရာ လိုအပ်သည်များကို ဆောင်ရွက်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပြီး လျှောက်ထားတင်သွင်းရန် လိုအပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို လေ့လာနိုင်မည်ဖြစ်သည်။ ထို့အပြင် အဆိုပါဝက်ဘ်ဆိုက်တွင်ပင် အွန်လိုင်းငွေပေးချေမှုများကိုလည်း ပြုလုပ်နိုင်မည်ကြောင်း ယင်းတွေ့ဆုံပွဲမှ သိရသည်။

ကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က "ကျွန်တော်တို့ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ One Stop Service Center နဲ့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေ လုပ်ဆောင်နေတဲ့ One Stop Service Center က အနည်းငယ်ကွဲပြားပါတယ်။ ဒီလိုကွဲပြားတဲ့အကြောင်းကို ရင်းနှီးမြှုပ်နှံသူတွေကို ဒီနေ့ ရှင်းပြတာပါ။ အွန်လိုင်းဝန်ဆောင်မှုအတွက်လည်း လုပ်နေပါတယ်။ အွန်လိုင်းဝန်ဆောင်မှုစပေးနိုင်ရင် One Stop Service Center ကို လာစရာတောင် မလိုတော့ဘဲ အင်တာနက်ကနေပဲ ရင်းနှီးမြှုပ်နှံသူတွေအတွက် လိုအပ်တဲ့ ပါမစ်တွေနဲ့ အသိမှတ်ပြုလက်မှတ်တွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ဆိုသည်။

လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမည့်သူများအား လိုအပ်သည့် ဌာနဆိုင်ရာ ကိစ္စရပ်များကို တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့ရှိ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ One Stop Service Center ဖွင့်လှစ်ပြီး ဝန်ဆောင်မှုများ ပေးနေကြောင်း သိရသည်။

အဆိုပါ စင်တာတွင် ရင်းနှီးမြှုပ်နှံမှု ပါမစ်ရရှိပြီးပါက စက်ရုံအလုပ်ရုံများ တည်ဆောက်ပြီး ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုများပြုလုပ်မည့် ရင်းနှီးမြှုပ်နှံသူများအတွက် One Stop Service Center ရှိ Front Office တွင် စက်ရုံတည်ဆောက်လည်ပတ်ရန် ဆောင်ရွက်ရန် လိုအပ်သည့် ဌာနဆိုင်ရာကိစ္စအဝဝကို တစ်နေရာတည်း၌ လျှောက်ထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမှတ်ပြုကိစ္စရပ်များအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာ သစ်တောရေးရာဦးစီးဌာန၊ စက်ရုံတည်ဆောက်ရန်အတွက် အဆောက်အအုံဆောက်လုပ်ခွင့်နှင့် မီးဘေးအန္တရာယ်လုံခြုံစိတ်ချရမှု အသိအမှတ်ပြုလက်မှတ်များအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗီဇာသက်တမ်းတိုးခြင်းနှင့် နေထိုင်ခွင့်လျှောက်ထားခြင်းအတွက် လူဝင်မှုကြီးကြပ်ရေးက အချိန်သုံးနာရီအတွင်း လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်း၊ ဝင်ငွေခွန်၊ အမြတ်ခွန်၊ ကုန်သွယ်ခွန်များပေးဆောင်ရန် အခွန်ဌာန၊ စက်ရုံတည်ဆောက်ပြီးစီးပါက စက်ရုံလည်ပတ်ခွင့်၊ ဘွိုင်လာလည်ပတ်ခွင့်ချပေးခြင်း၊ ပို့ကုန် သွင်းကုန်လုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လိုင်စင်များ ဆောင်ရွက်ရန်အတွက် အကောက်ခွန်ဌာနတို့မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ်ထံမှ သိရသည်။

One Stop Service Center ရှိ ဌာနဆိုင်ရာများအား ဆုံးဖြတ်ပိုင်ခွင့်နှင့် လက်မှတ်ထိုးပိုင်ခွင့်အား နိုင်ငံတော်သမ္မတရုံးက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်က စတင်ပေးအပ်ထားကြောင်း သိရသည်။ ထို့ကြောင့် လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများအတွက် စောင့်စားရန် မလိုအပ်ဘဲ အချိန်တိုအတွင်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဒေါက်တာ သန်းသန်းသွယ်က "အခြားဝန်ကြီးဌာနတွေ တစ်ခုမှ သွားစရာမလိုဘူး။ Front Office က လိုအပ်တဲ့ စာရွက်စာတမ်းတွေကို စစ်ဆေးပြီး ပြည့်စုံပြီဆိုတာနဲ့ အနောက်ဘက်မှာရှိတဲ့ Back Office မှ အရာရှိက လိုအပ်တာတွေ ဆက်လုပ်ပေးမယ်။ ဥပမာ- ဗီဇာ လာလျှောက်တယ်ဆိုရင် Front Office က စာရွက်စာတမ်းတွေကို စစ်ဆေးမယ်။ ပြည့်စုံရင် Back Office ကို ပို့မယ်။ အဲ့ဒီက အရာရှိက Blacklist လိုမျိုး ရှိ မရှိ စစ်ဆေးပြီး ဗီဇာထုတ်ပေးရမယ့် အချက်တွေနဲ့ပြည့်စုံရင် ပထမဆုံး လျှောက်ထားတဲ့သူဆိုရင် ခြောက်လ၊ ဒုတိယအကြိမ် လျှောက်ထားသူဆိုရင် တစ်နှစ်ထုတ်ပေးနေပါတယ်" ဟု ဆိုသည်။

လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံခွင့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံသူ ၄၁ ဦးမှ One Stop Service Center ၏ ဝန်ဆောင်မှုများကို အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံခွင့်ရရှိထားသည့် Zifam Pyrer Myanmar မှ ဒါရိုက်တာ ဒေါက်တာ ခင်သီရိက "ဌာနတစ်ခုကနေ တစ်ခု စာရွက်စာတမ်းတွေနဲ့သွားပြီး လျှောက်ထားနေရတာက လမ်းမှာ အချိန်ကုန်ပါတယ်။ အချိန်ကြာမြင့်မှုက အလွန်များတယ်။ အွန်လိုင်းနဲ့ လုပ်သင့်တာလည်း ကြာပါပြီ။ အကျိုးရှိပါတယ်။ အွန်လိုင်းနဲ့ ဆောင်ရွက်တာမို့လို့ လူတစ်ဦးချင်းရဲ့ အင်အားကို သုံးနေရတာကနေ ပိုပြီးအကျိုးရှိလာပါမယ်။ အွန်လိုင်းငွေပေးချေမှုကို ကြိုဆိုတယ်။ အင်တာနက်မြန်နှုန်းတွေ ပုံမှန်ကောင်းနေရင်တော့ အွန်လိုင်းဘဏ်စနစ်က အဆင်ပြေပါတယ်။ ငွေသားဆိုရင် တစ်နေရာကနေ တစ်နေရာ အထုတ်၊ အသွင်း လုပ်ရတယ်။ လမ်းမှာ သယ်လာရင်လည်း မလုံခြုံတာတွေ ရှိတယ်။ ကုမ္ပဏီတွေအတွက်ကတော့ အွန်လိုင်းဘဏ်စနစ်က ပိုအဆင်ပြေပါမယ်"ဟု One Stop Service Center နှင့် အွန်လိုင်းဝန်ဆောင်မှုများအပေါ် သုံးသပ်သည်။

**သတင်း- မြတ်သန္တာမောင်၊ ဓာတ်ပုံ-အငယ်လေး**

# လူထုဗဟိုပြုစီမံကိန်းအတွက် အီတလီနိုင်ငံမှ ယူရိုသန်း ၂၀ ပူးပေါင်းထည့်ဝင်

နေပြည်တော် စက်တင်ဘာ ၁၈

**တိုင်းဒေသကြီးတစ်ခုနှင့် ပြည်နယ်လေးခုရှိ ကျေးရွာအုပ်စုပေါင်း ၂၁၅ အုပ်စုကို တိုက်ရိုက်အကျိုးပြုမည့် လူထုဗဟိုပြုစီမံကိန်းအတွက် အီတလီနိုင်ငံမှ ယူရိုသန်း ၂၀ ချေးငွေပူးပေါင်းထည့်ဝင်မှု သဘောတူစာချုပ်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ချုပ်ဆိုသည်။**




အဆိုပါ ချေးငွေဖြင့် ကချင်၊ ကယား၊ မွန်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကျေးရွာအုပ်စုပေါင်း ၂၁၅ အုပ်စုရှိ ကျေးလက်နေပြည်သူများ၏ ဆန္ဒများဖြစ်သည့် ကျေးလက်မီးလင်းရေး၊ ရေပေးရေး၊ ကျန်းမာသန့်ရှင်းရေး၊ ကျန်းမာရေးအဆောက်အအုံ၊ လမ်း၊ တံတား၊ ဆိပ်ခံတံတား၊ ဈေး၊ ပန်းခြံငယ်များ၊ ကျောင်းအဆောက်အအုံနှင့် ဆည်မြောင်းငယ်များကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဦးစီးဌာနမှ သိရသည်။

စာချုပ်ချုပ်ဆိုပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးတို့က အမှာစကားပြော ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ရှေ့မှောက်၌ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ချေးငွေဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးလဲလှယ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အီတလီအစိုးအနေဖြင့် မြန်မာနိုင်ငံ၏ လူထုဗဟိုပြုစီမံကိန်းကို တိုးချဲ့ဆောင်ရွက်နိုင်ရန် အတိုးနည်းချေးငွေ ယူရိုသန်း ၂၀ ကို ကူညီထောက်ပံ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ရန်ပုံငွေပူးပေါင်းထည့်ဝင်မှုကြောင့် ယခင်က ကျေးရွာအုပ်စုတစ်အုပ်စုလျှင် ငွေကျပ် ၃၂ ဒသမ ၄ သန်း ထောက်ပံ့ရာမှ ၃၉ ဒသမ ၆ သန်းအထိ တိုးမြှင့်ထောက်ပံ့ပေးနိုင်မည့်အပြင် စီမံကိန်းကာလကို လေးနှစ်အထိ တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၌ ဝင်ငွေနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်မည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ လူထုဗဟို ပြုဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းများကို အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား အီတလီနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီယာ ဂျော်ဂျီယို ဖီဒယ်ရီကို အယ်လီဘာတီက စက်တင်ဘာ ၁၈ ရက် ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**

# ၂၀၁၅ ပါတီစုံရွေးကောက်ပွဲကြီးတွင် မိတ္ထီလာခရိုင်မှ မဲပေးနိုင်သူခုနစ်သိန်းကျော်ရှိ

**မတ္ထီလာ စက်တင်ဘာ ၁၈**

၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် မိတ္ထီလာခရိုင်မှ အသက် ၁၈ နှစ်ပြည့်ပြီးသူ မဲပေးနိုင်သူ ခုနစ်သိန်းကျော်ရှိသည်ဟုဆိုသည်။ မိတ္ထီလာခရိုင် လေးမြို့နယ်တွင် မိတ္ထီလာမြို့နယ်မှ မဲပေးနိုင်သူ ၂၇၀၄၆၀၊ မလှိုင်မြို့နယ်မှ ၁၂၄၆၁၄ ဦး၊ သာစည်မြို့နယ်မှ ၁၄၄၄၁၁ ဦးနှင့် ဝမ်းတွင်းမြို့နယ်မှ ၁၇၃၂၂၃ ဦးစုစုပေါင်း အသက် ၁၈ နှစ်ပြည့်ပြီးသူ မဲပေးနိုင်သူပေါင်း ၇၁၂၇၀၈ ဦးရှိသည်။ မိတ္ထီလာမြို့နယ်တွင်မဲရုံပေါင်း ၂၉၃ ရုံရှိသည်။

၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် မိတ္ထီလာခရိုင် လေးမြို့နယ်မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်များတွင် ပါတီခုနစ်ပါတီမှ ကိုယ်စားလှယ်ပေါင်း ၄၇ ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်နှစ်ဦး စုစုပေါင်း ၄၉ ဦး ပါဝင်ယှဉ်ပြိုင်အရွေးခံကြမည်ဖြစ်ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# မြန်မာ့ဘဏ်လုပ်ငန်းဆိုင်ရာနည်းပညာများအတွက် ပထမဆုံးအနေဖြင့် မိုက်ခရိုဆော့ ပူးပေါင်းမြှင့်တင်မည်

သတင်း - ခင်ရတနာ
ဓာတ်ပုံ - မေဦးမိုး

**ရန်ကုန် စက်တင်ဘာ ၁၈**

တိုးတက်လာသည့် နည်းပညာများကိုအသုံးပြုကာ ဈေးကွက်မြှင့်တင်ရန်အတွက် Cloudနှင့် မိုဘိုင်းဖုန်းဖြင့် အသုံးပြုနိုင်မည့် အိုင်တီအခြေခံအဆောက်အအုံများ၊ လုပ်အားထုတ်လုပ်မှုစွမ်းရည်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ခေတ်မီနည်းပညာများကို ပူးပေါင်းအကောင်အထည်ဖော်ရန်အတွက် ကမ္ဘောဇလုပ်ငန်းစုနှင့် မိုက်ခရိုဆော့တို့ ပူးပေါင်းမှုစတင်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ပြည်ပငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကိုလည်း တံခါးဖွင့်ပေးထားသောကြောင့် ပိုမိုခိုင်မာသော အိုင်တီအခြေခံအဆောက်အအုံ၊ Cloud နည်းပညာနှင့် မိုဘိုင်း Solution ကဏ္ဍများတွင် ကမ္ဘောဇအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသည့်အချက်သည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသောဈေးကွက်တွင် ပိုမိုထိရောက်စွာယှဉ်ပြိုင်နိုင်ရန် အထောက်အကူဖြစ်လိမ့်မည်ဖြစ်ကြောင်းမိုက်ခရိုဆော့မှ သတင်းထုတ်ပြန်သည်။

အထူးသဖြင့် ကမ္ဘောဇဘဏ်အတွက် ဆောင်ရွက်ထားသည်မှာ ၎င်း၏ အိုင်တီအခြေခံအဆောက်အအုံကို Microsoft SQL Server 2012, Windows Server 2012 နှင့် System Centre 2012 တို့ဖြင့် အသွင်ကူးပြောင်းသွားမည်ဖြစ်ပြီး ကွန်ပျူတာအလုံး ၇၀၀၀ ကျော်ကို cloud နှင့် မိုဘိုင်းအကောင်းဆုံးဆောင်ရွက်နိုင်ရန် ပြုလုပ်ထားသည့် အိုင်တီဝန်ဆောင်မှုများကို လုံခြုံစိတ်ချရသောပတ်ဝန်းကျင်တွင် အသုံးပြုနိုင်စေမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိတိုင်းရင်းသားဘဏ်သည် ကမ္ဘာ့အဆင့်မီ လုပ်အားထုတ်လုပ်မှုစွမ်းရည်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ tools များဖြစ်သည့် Window 10 devices, Skype for Business နှင့် Share Point တို့ဖြင့် စတင်ဝန်ဆောင်မှုပေးတော့မည် ဖြစ်သည်။ ကမ္ဘောဇဘဏ်မှ ယခုကဲ့သို့ အိုင်တီဆိုင်ရာပြောင်းလဲမှုများကို အပြည့်အဝအသွင်ကူးပြောင်းနိုင်ရန် ၁၂ လကြာမြင့်နိုင်ကြောင်း မိုက်ခရိုဆော့မှ တာဝန်ရှိသူများက တွက်ချက်ခန့်မှန်းသည်။

"ကမ္ဘောဇအုပ်စုနဲ့ ဒီသဘောတူညီချက်က အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအနေနဲ့ ယုံကြည်ရတဲ့ စီးပွားရေးလုပ်ငန်းရဲ့အဆင့်ရှိ ကမ္ဘာ့အဆင့်နည်း ပညာတွေကို ဈေးကွက်တောင်းဆိုမှုမြင့်မားလာတဲ့ ဖွံ့ဖြိုးဆဲဈေးကွက်တွေအတွက် မိုက်ခရိုဆော့က အဓိကအာရုံစိုက်မှုရဲ့ သက်သေတစ်ခုပါပဲ။ မြန်မာ့ဘဏ်လုပ်ငန်းဟာ ခေတ်မီတဲ့အဆင့်ကိုမြှင့်တင်ဖို့ အမြန်ဆုံးလမ်းကြောင်းပေါ် ရောက်နေပါတယ်" ဟု Microsoft Asia Pacific မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Bertrand Launay က ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာပြည်မှာ ဒီထက်ပိုပြီးဖွံ့ဖြိုးလာဖို့ဆိုရင် အဖွဲ့အစည်းတွေ၊ အိုင်တီဂေဟစနစ်နဲ့ လူပုဂ္ဂိုလ်တွေအတွက် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး ဒီထက်ပိုမိုလုပ်ဆောင်ဖို့၊ ချိတ်ဆက်နိုင်ဖို့၊ အပြန်အလှန်စီးပွားရေးလုပ်ကိုင်နိုင်ဖို့ တိုင်းပြည်ရဲ့ အလျင်အမြန် တိုးတက်လာတာနဲ့အညီ ဆောင်ရွက်နိုင်ဖို့ ကူညီသွားပါမယ်" ဟု ၎င်းကဆိုသည်။

ပထမဦးဆုံး အစီအစဉ်အနေဖြင့် ကမ္ဘောဇဘဏ်တွင် စတင်မည်ဖြစ်ပြီးဘဏ်ခွဲ ၃၀၀ ကျော်၊ ATM ၃၅၀ ကျော်နှင့် နိုင်ငံခြားငွေလဲလှယ်မှုကောင်တာ ၈၀ ကျော်တို့ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိရာမှ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးခရီးစဉ် နောက်တစ်ဆင့်အနေဖြင့် ကမ္ဘောဇအုပ်စု၏ အခြားလုပ်ငန်းခွဲများဖြစ်သော သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း၊ အာမခံလုပ်ငန်း၊ ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတို့ ပါဝင်လာမည်ဖြစ်ကြောင်းယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရှိရသည်။



"အခုလိုမိတ်ဖက်ဆောင်ရွက်ခြင်းကြောင့် ကျွန်တော်တို့ရဲ့လုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးလာရုံသာမက လုံခြုံမှုနဲ့ ဉာဏပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးတွေနဲ့ သက်ဆိုင်တဲ့ ကျွန်တော်တို့ရဲ့ ကတိပြုချက်တွေကြောင့်လည်း ကျွန်တော်တို့ရဲ့အမှတ်တံဆိပ်ကို ဒေသတွင်းနဲ့ နိုင်ငံအတွင်းမှာတန်ဖိုးမြင့်တက်စေမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ Microsoft Share Point, Skype for Business နဲ့ Office Pro Plus တွေကြောင့် အဖွဲ့အစည်းတစ်ခုအနေနဲ့ လက်ရှိသာမန်နဲ့ လုပ်ရိုးလုပ်စဉ်တွေ ပိုမိုလျော့ပါးသက်သာသွားမှာဖြစ်သလို ထိရောက်မှု အမြင့်မားဆုံးဖြစ်အောင် တိုးမြှင့်ကူညီနိုင်ပါလိမ့်မယ်" ဟု ကမ္ဘောဇအုပ်စုကုမ္ပဏီများ၏ အိုင်တီ ဒါရိုက်တာ Stephane Lamoureux က ပြောကြားသည်။

ကမ္ဘောဇကုမ္ပဏီအုပ်စုနှင့် သဘောတူညီချက်သည် မြန်မာနိုင်ငံတွင် Microsoft ၏ အကြီးမားဆုံးအိုင်တီဆိုင်ရာသဘောတူညီချက်ဖြစ်သည်။ ဈေးကွက်တောင်းဆိုမှုနှင့် ဖွံ့ဖြိုးတိုးတက်လာမှုပေါ်မူတည်ကာ application အားလုံးကို စွမ်းဆောင်ရည်မြင့် Server များနှင့် ကွန်ရက်အခြေခံအဆောက်အအုံတို့တွင် ထည့်သွင်းထားမည်ဖြစ်သည်။ Enterprise Mobility solutions ကို များမကြာမီ လုပ်ငန်းစတင်သွားမည်ဖြစ်ပြီးလူနှင့် လုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

Southeast Asia New Markets, Microsoft Asia Pacific အထွေထွေမန်နေဂျာ Michelle Simmons က မိုက်ခရိုဆော့အနေနဲ့ မြန်မာနိုင်ငံကို ၂၀၁၃ က စတင်ရောက်လာပြီး အခုနောက်ဆုံးရယူလိုက်တဲ့ လက်တွဲဆောင်ရွက်မှုက ကျွန်မတို့အတွက် ဒေသတွင်းရော၊ နိုင်ငံအတွင်းမှာပါ ပိုမိုတိုးတက်လာတဲ့ အဓိကမှတ်ကျောက်တစ်ခုအဖြစ် ရှိနေမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အိုင်တီမိတ်ဖက်ဖြစ်တဲ့ Myanmar Information Technology နဲ့ ပူးပေါင်းပြီး ကျွန်မတို့ မိုက်ခရိုဆော့အနေနဲ့ အမြန်ဆန်ဆုံးချိတ်ဆက်နေတဲ့ ကမ္ဘာကြီးမှာ အပြန်အလှန်လုပ်ငန်းဆောင်ရွက်တဲ့ နည်းလမ်းတွေကို မြန်မာနိုင်ငံမှာရှိတဲ့ အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းတွေအပြင် တစ်ဦးချင်းစီအတွက် အသွင်ပြောင်းသွားနိုင်ဖို့ ရည်ရွယ်ထားပါတယ်"ဟုပြောကြားသည်။

# ကလေးစာပေနှီးနှောဖလှယ်ပွဲ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာပေဗိမာန် ကလေးစာပေဟောပြောပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၈** စာပေဗိမာန်၏ အစဉ်အလာကောင်းများနှင့် စာပေဗိမာန်ပုံရိပ်ကောင်းတို့ကို ပြည်သူများသိရှိဂုဏ်ယူလာနိုင်စေရန် "ကလေးစာပေနှီးနှောဖလှယ်ပွဲ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာပေဗိမာန်ဟောပြောပွဲ(ကလေးစာပေ)"ကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုခန်းမ(A)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကလေးစာပေဟောပြောပွဲတွင် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)က သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး "တိမ်ကောနေသော ကလေးများ" ခေါင်းစဉ်ဖြင့် မောင်ယဉ်မှူးကလည်းကောင်း၊ "ကလေးဝတ္ထု ဘယ်လိုရေးမလဲ"ခေါင်းစဉ်ဖြင့် တက္ကသိုလ်မောင်အောင်ဆွေကလည်းကောင်း၊ "ရွှေရတုတိုင်ခဲ့ပြီဖြစ်သည့် ကလေးစာပေလမ်းကြောင်း"ခေါင်းစဉ်ဖြင့် သူရဇော်ကလည်းကောင်း ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ စာပေဗိမာန်တွင် ပထမဆုံးအကြိမ် ကလေးစာပေနှီးနှောဖလှယ်ပွဲကို ၁၉၆၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိကျင်းပခဲ့ရာ ယခုအခါ နှစ်(၅၀)ပြည့် ရွှေရတုသို့ တိုင်ခဲ့ပြီဖြစ်သည်။ **(သတင်းစဉ်)**

# စည်းကမ်းမဲ့ယာဉ်များ တိုးမြှင့်ပြစ်ဒဏ်ဥပဒေနှင့် နောက်ဆက်တွဲဂယက်

ရန်ကုန် စက်တင်ဘာ ၁၈

**စည်းကမ်းမဲ့ယာဉ်များကို ပြစ်ဒဏ်တိုးမြှင့်လိုက်သည့်ဥပဒေထုတ်ပြန်လိုက်ပြီးသည့်နောက် ရန်ကုန်မြို့တွင်း နေ့စဉ်ပြေးဆွဲလျက်ရှိသည့် ယာဉ်စီးရေ ၄၃၀၀ ကျော်အနက် ယနေ့ ၃၉၀၀ ကျော်သာ ထွက်ရှိ၍ စီးရေ ၆၀၀ ခန့်ပျက်ကွက်မှုရှိနေသေးကြောင်း မထသ(ဗဟို)မှ သိရသည်။**



“ပြစ်ဒဏ်တွေနဲ့ပတ်သက်ပြီး တိုးမြှင့်တယ်ဆိုတာ ဥပဒေအရ ထုတ်ပြန်တာဖြစ်တယ်။ ဥပဒေစာသားက ဒဏ်ငွေ သုံးသောင်းလို့မပြောပါဘူး၊ တစ်ကျပ်ကနေ သုံးသောင်းအထိ တရားသူကြီးက အမှုအကြီး အသေး ပြစ်ဒဏ်ရဲ့ အလေးအပေါ့ပေါ် မူတည်ပြီး တရားသူကြီးက သူ့ရဲ့ဆင်ခြင်တုံတရားနဲ့ သင့်တော်သော သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်မှာဖြစ်ပါတယ်။ အဲဒီအတွက် လူတွေက ထင်ယောင်ထင်မှားဖြစ်ကြတာပါ” ဟု မထသ(ဗဟို) အတွင်းရေးမှူး ဦးဘမြင့်က သုံးသပ်ပြောကြားသည်။

“စည်းကမ်းဖောက်ဖျက်တာကို ဖျက်တယ်လို့မပြောဘဲ ပြစ်ဒဏ်က များတယ်လို့ ပြောတာ မမှန်ကန်ဘူးလို့ယူဆတယ်။ လက်ရှိပြစ်ဒဏ်နဲ့ ချလန်သွားဆောင်တဲ့ ယာဉ်လုပ်သားတွေရဲ့ ချလန်ကို ယူကြည့်တဲ့အခါ တစ်သောင်းခွဲပဲတွေ့ရတယ်။ ဒါတရားသူကြီးကချမှတ်တာ၊ ဒါ သုံးသောင်းအထက်မပိုတဲ့ ငွေဒဏ်ပါ။ သုံးသောင်းထက် မပိုတဲ့ငွေဒဏ်ချမှတ်ခံရတဲ့ ပုဂ္ဂိုလ်တွေကလည်း စည်းကမ်းကိုကြည့်ရင် လိုင်စင်မပါဘဲ မောင်းတော့ အရေးယူခံရတာပါ”ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယာဉ်ပိုင်ရှင် တစ်ဦးဖြစ်သူ ကိုနိုင်က “ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီး သမ္မတကလက်မှတ်ရေးထိုးအတည်ပြုလိုက်တဲ့ ဥပဒေအပေါ် လိုက်နာရမယ်”ဟု ပြောသည်။

“ဥပဒေက အတည်ဖြစ်သွားတဲ့အတွက် ဥပဒေအတိုင်းပဲ ၇ ရက်နေ့ကစပြီး အသက်ဝင်တယ်။ ၇ ရက်နေ့ကစပြီး တရားရုံးက ဥပဒေအသစ်နဲ့ ဒဏ်ငွေရိုက်တယ်။ ပညာပေးကာလ သတ်မှတ်ထားတာ မရှိပေမယ့် အမှုလေးတွေကိုတော့ ပညာပေးဆောင်ရွက်ပါ၊ ပြည်သူလူထုကို အန္တရာယ်ဖြစ်စေသော အမှုတွေဆိုရင် ထုံးစံအတိုင်းချလန်ဖြတ်ပြီး အရေးယူဖို့ ညွှန်ကြားထားပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

“စည်းကမ်းမလိုက်နာတဲ့ ယာဉ်မောင်းတွေကြောင့်ပါ။ တချို့ယာဉ်မောင်းတွေက လိုင်စင်မရှိဘူး၊ ယာဉ်လိုင်စင်မရှိဘဲ ကားတက်မောင်းရင် အန္တရာယ်ဖြစ်မှာပါ။ လိုင်စင်မရှိတဲ့သူတွေ ကားတွေကို မထွက်ဖို့တားကြတယ်၊ ဖမ်းနေတယ်၊ ဒဏ်ငွေသုံးသောင်း ဆောင်ရမယ်ဆိုပြီး ပြောကြတော့ တချို့ကကြောက်ပြီး မထွက်တာပါ။ တချို့ကလည်း ရတဲ့ဝင်ငွေထက် ဒဏ်ငွေပိုဆောင်ရမှာဆိုတော့ မကိုက်ဘူးလို့ ယူဆပြီး မထွက်တာလည်းပါတယ်” ဟု ဦးဘမြင့်က ပြောသည်။

လတ်တလောတွင်မူ အရေးယူမှုမရှိသေးသော်လည်း မထွက်သည့် ယာဉ်လိုင်းများကိုမူ လိုင်းအလိုက် မှတ်သားလျက်ရှိကြောင်း မထသ (ဗဟို)မှ သိရသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးမင်းအောင်က “ပြစ်ဒဏ်တိုးမြှင့်တဲ့ဥပဒေ ထွက်လာတာကောင်းတယ်။ ယာဉ်လိုင်းတော်တော်များများက စည်းကမ်းဖောက်နေတာတွေ့ရတယ်။ လိုင်းကားစီးတဲ့အချိန် ခရီးသည်တွေအားလုံးရဲ့ အသက်တွေက စပယ်ယာတွေ၊ ယာဉ်မောင်းတွေ လက်ထဲမှာရှိတယ်။ ဥပဒေပြစ်ဒဏ်တိုးမြှင့်လိုက်တော့ မရမ်းကားရဲတော့ဘူး”ဟုပြောသည်။

“ကျွန်တော်တို့က ယာဉ်တွေပြန်ထွက်အောင် ယာဉ်ပိုင်ရှင်တွေကို ချပြ ဆွေးနွေးနေပါတယ်။ မထသ ဗဟိုနဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့တွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အဲဒီအတွက် ကားတွေပြန်ထွက်နေပါတယ်။ ဒီနေ့ဆို ကျောင်းတွေရဲ့ထွက်တဲ့ယာဉ်လိုင်းစာရင်းကို ယူကြည့်နေပါတယ်”ဟု ဦးဘမြင့်က ပြောသည်။

မြို့တွင်း ခရီးသည်တင် ယာဉ်လိုင်းများတွင် ယာဉ်စည်းကမ်းဖောက်ဖျက်ကျူးလွန်သူအများစုမှာ

သတင်းဆောင်းပါး-မင်းသစ်
ဓာတ်ပုံ-နေလင်း(သတင်းစဉ်)

ယာဉ်မောင်း ယာဉ်နောက်လိုက်အစစ်များမဟုတ်ဘဲ ဘော်ဒါယာဉ်မောင်း ယာဉ်နောက်လိုက်များ ဖြစ်နေကြောင်း၊ မထသဗဟိုမှ အဖွဲ့ ၁၆ ဖွဲ့အပြင် သက်ဆိုင်ရာ ယာဉ်လိုင်းများကလည်း ကြပ်မတ်စစ်ဆေးနေကြောင်း သိရသည်။

“ယာဉ်မောင်း၊ ယာဉ်နောက်လိုက် အစစ်မဟုတ်သော ၎င်းတို့အခေါ် အရ ဘော်ဒါယာဉ်မောင်း ယာဉ်နောက်လိုက်တွေကြောင့် ပိုဖြစ်တာများတယ်လို့သိရတယ်။ အစစ်မဟုတ်တဲ့အတွက် ဖြစ်ချင်တာဖြစ် ပိုက်ဆံရပြီးရောဆိုတဲ့ သူတွေဖြစ်နေတယ်။ ဂိတ်ကထွက်တုန်းကတော့ ဒီလူ၊ သုံးမှတ်တိုင်လောက်လည်းရောက်ရော ယာဉ်မောင်း ယာဉ်နောက်လိုက် အစစ်မဟုတ်တော့ဘူး။ သူတို့ကြည့်လိုက်ရင် တိုင်ချင်ရာတိုင် ဂရုမစိုက်ဘူးဆိုတဲ့ သူတွေက ဘော်ဒါတွေဖြစ်နေတယ်။ သူတို့က တစ်နေ့စာပိုက်ဆံရသွားရင် ပြီးသွားပြီ”ဟု ဦးဘမြင့်ကပြောသည်။

သုံးခွ-သန်လျင် ယာဉ်လိုင်းမှ ကားဆရာ ဦးကျော်ဝင်းကမူ “ကျွန်တော်တို့လိုင်းကတော့ နားတာမရှိပါဘူး။ ဥပဒေအသစ် သတ်မှတ်လိုက်တာက ဖြစ်သင့်ပါတယ်။ စည်းကမ်းဖောက်ဖျက်တာတွေကများလာတော့ စည်းကမ်းအရ ဖြစ်သင့်ပါတယ်”ဟု ပြောသည်။

အမှတ်(၁၉)အထူးယာဉ်လိုင်းမှ ယာဉ်မောင်း ဦးကျော်ဝင်းကမူ “ပြစ်ဒဏ် ကျူးလွန်ရင်တော့ ချမှတ်ခံရပါတယ်။ ဥပဒေအသစ်ထွက်လာတော့ ယာဉ်မောင်းတွေ စည်းကမ်းရှိသွားတာပေါ့။ စည်းကမ်းဖောက်တဲ့ယာဉ်မောင်းတွေရှိသလို စည်းကမ်းလိုက်နာတဲ့ ယာဉ်မောင်းတွေလည်း အများကြီးရှိပါတယ်”ဟု ပြောသည်။

၁၃၅ ယာဉ်လိုင်းမှ အရောင်းကိုထိန်လင်းကိုကမူ “တစ်နေ့ ရှစ်ထောင်လောက်ရပြီး တစ်ရက်လိုက်ပြီး နောက်နေ့အဖမ်းခံရရင် အခက်အခဲဖြစ်သွားမှာပါ။ ဥပဒေမထွက်ခင် တစ်ရက်က ကားတံခါးလည်းပိတ်တယ်၊ ယာဉ်မောင်းက အောက်ကြောကလည်းမောင်းတယ်၊ ယာဉ်ထိန်းက လိုင်စင်ပေးဆိုပေးလိုက်တယ်၊ လိုက်ခွင့်ပေးပါဆိုပေးလိုက်တယ်၊ အဲဒီကြားထဲမှာဖမ်းသွားတယ်၊ ဘာအမှုလဲ မေးတော့ အမှုလိုလို့ပြောတယ်၊ အဲဒီတုန်းက ဒဏ်ကြေးက တစ်ထောင့်ငါးရာပဲရှိသေးတာ၊ အဲလိုဖြစ်မှာတော့ ကြောက်တယ်”ဟု ပြောသည်။

အမှုမရှိ၍ဖမ်းခြင်း၊ အရေအတွက်နှင့် သတ်မှတ်၍ဖမ်းခြင်းမရှိဘဲ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် စည်းကမ်းတကျ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

မထသ(ဗဟို)တွင် ယာဉ်လိုင်းအဖွဲ့အစည်း ၁၈ ခု၊ ယာဉ်လိုင်းပေါင်း ၃၅၀၊ ယာဉ်စီးရေ ၇၃၁၃၈ စီးရှိကာ နေ့စဉ် ယာဉ်စီးရေ ၄၃၀၀ ဖြင့် ရန်ကုန်မြို့တွင်း ပုံမှန် ပြေးဆွဲလျက်ရှိကြောင်းသိရသည်။

ရန်ကုန်မြို့တွင် လူဦးရေ ငါးသန်းကျော်နေထိုင်လျက်ရှိပြီး ယာဉ်လိုင်းများဖြင့် နေ့စဉ်နှစ်သန်းခန့် စီးနင်းလျက်ရှိကြောင်းသိရသည်။

မော်တော်ယာဉ်ဥပဒေပြဋ္ဌာန်းပြီးနောက် ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့်ယာဉ်လိုင်းတချို့မှ မော်တော်ယာဉ်များ ရပ်နားထားရာမှ တချို့ ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

# မွန်ဓားပြအဖွဲ့ဝင်များအား လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရရှိခဲ့

**နေပြည်တော် စက်တင်ဘာ ၁၈**

မွန်ပြည်နယ် ရေးမြို့ရှိ ရေးတံတားကြီး၌ တပ်မတော်စစ်ကြောင်းက လုံခြုံရေးဆောင်ရွက်စဉ် စက်တင်ဘာ ၃ ရက် နံနက် ၈နာရီခန့်က ထားဝယ်ဘက်မှ ရေးဘက်သို့ မောင်းနှင်လာသည့် မသင်္ကာဖွယ်ရာ ဆိုင်ကယ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်လာသူ မွန်ဓားပြ နိုင်မွန်ချမ်းအဖွဲ့မှ အပဲ့(ခ) ဆိတ်ကလေး (၃၇ နှစ်)(ဘ) ဦးမောင်သိန်း ခေါဇာမြို့နယ်ခွဲ ဓနိသကြားကျေးရွာနေထိုင်သူကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူထံမှ ဖော်ထုတ်ရရှိချက်အရ စက်တင်ဘာ ၄ ရက်က ၎င်းကိုင်ဆောင်သည့် အေကေ-၄၇ သေနတ်တစ်လက်နှင့် ကျည်အိမ်သုံးခုကို ဓနိသကြားနှင့် မကျီးကျေးရွာအကြားရှိ ချုံအတွင်းမှ သိမ်းဆည်းရမိခဲ့ပြီး ၎င်းအဖွဲ့မှ မကျီးကျေးရွာနေ အနစ်၊ အောင်မိုး (၃၃ နှစ်)(ဘ)ဦးစုန်းနှင့် အလင်း(၄၂ နှစ်)(ဘ) ဦးမောင်တို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်ဖော်ထုတ်ချက်အရ စက်တင်ဘာ ၇ ရက်က ရေးမြို့ရှိ အေးချမ်း စားသောက်ဆိုင်တွင် ဝင်ရောက်ရှာဖွေရာ ပိုင်ရှင် အထွန်းနှင့်အတူ ခြောက်လုံးပြူးသေနတ်တစ်လက်၊ ယင်းကျည် ၁၀ တောင့်၊ အူဇီသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၉ မမ ကျည် ၁၁ တောင့်၊ ပွိုင့်-၂၂ ကျည်နှစ်တောင့်၊ မီးကျည်တစ်တောင့်၊ ၉ မမ ပစ္စတိုအတု တစ်လက်နှင့် လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်ဖော်ထုတ်ချက်အရ စက်တင်ဘာ ၉ ရက် ည ၁၀ နာရီခန့်က ခေါဇာကျေးရွာရှိ ကွန်ဒွေ၏ နေအိမ်နှင့် ခြံဝင်းအတွင်းမှ ကွန်ဒွေနှင့်အတူ ၎င်းကိုင်ဆောင်သည့် ခြောက်လုံးပြူးသေနတ် တစ်လက်၊ ယင်းကျည် ၂၀ တောင့်၊ ဒေသန္တရလုပ်ပုလင်းမိုင်း တစ်လုံးတို့ကို လည်းကောင်း၊ စက်တင်ဘာ ၁၁ရက် နံနက် ၁၁ နာရီခန့်က ပေါက်ပင်ကွင်းကျေးရွာနေ အနိုင်နှင့်အတူ ၎င်းကိုင်ဆောင်သည့် ပွိုင့် -၃၈ ခြောက်လုံးပြူးသေနတ်တစ်လက်၊ ယင်းကျည်ခြောက်တောင့်နှင့် လမ်းလျှောက်စကားပြောစက်နှစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



မွန်ဓားပြ အလင်း၊ အထွန်း၊ အောင်မိုး၊ ကွန်ဒွေ၊ ထွန်းအောင်၊ အပေါင်၊ အနစ်၊ အနိုင်၊ အပဲ့တို့ကို တွေ့ရစဉ်။

ဆက်လက်ဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီခွဲခန့်က ပေါက်ပင်ကွင်းကျေးရွာအနီး ရော်ဘာခြံအတွင်းမှ အမ်-၁၆ သေနတ်တစ်လက်၊ ကျည်အိမ် တစ်ခုနှင့် ယင်းကျည် ၁၀ ထောင့်တို့ကို လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီခန့်က ရေးမြို့ အောင်မေတ္တာရပ်ကွက် အစင်ရွာလမ်းနှင့် ဘူတာလမ်းထောင့်နေ မွန်ချမ်းအဖွဲ့မှ တပ်ကြပ်ကြီးအဆင့်ရှိသူ အပေါင်(ခ) သိန်းဝင်းနှင့် ထွန်းအောင်တို့အား ၎င်းတို့ဝှက်ထားသော ဓားပြတိုက်ရယူထားသည့် ရွှေထည်ပစ္စည်း ကိုးမျိုး၊ အလေးချိန် ၁၇ ဒသမ ၁၅၉ ကျပ်သား (ကာလတန်ဖိုးငွေကျပ် ၁၂၄ သိန်း ၉ သောင်းခန့်)တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထပ်မံ ဖော်ထုတ်ချက်အရ တပ်မတော်စစ်ကြောင်းက ပေါက်ပင်ကွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကို နယ်မြေရှင်းလင်းစဉ် စက်တင်ဘာ ၁၂ ရက် ညနေပိုင်းက ရော်ဘာခြံအတွင်းမှ ကာဘိုင်သေနတ်တစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ကျည်ရှစ်တောင့်၊ တံဆိပ်တုံးနှစ်ခုတို့ကိုလည်းကောင်း၊ စက်တင်ဘာ ၁၄ ရက်ညနေပိုင်းက ချုံအတွင်းမှ အေကေ- ၄၇ သေနတ်တစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ကျည် ၁၅ တောင့်၊ ကာဘိုင်သေနတ်တစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ကျည်ကိုးတောင့်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်စဉ် စက်တင်ဘာ ၁၁ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က မွန်ဓားပြ မွန်ချမ်းအဖွဲ့မှ မွန်နန်း(ခ) အနန်း (ခ) မောင်နိုင် (၃၇နှစ်)(ဘ)ဦးအောင်သည် လက်လုပ်ပစ္စတိုတစ်လက်၊ ၉ မမ ကျည်ရှစ်တောင့်ဖြင့် လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက် ညနေ ၄ နာရီ ၁၅မိနစ်ခန့်က အောင်ထွန်း (၃၃နှစ်)(ဘ)ဦးမောင်ပုသည် ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ကျည်တောင့် ခုနစ်တောင့်၊ အိုင်ကွန်တစ်လုံးတို့ဖြင့် လည်းကောင်း တပ်မတော်စစ်ကြောင်းများသို့ အလင်းဝင်ရောက်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်များတွင် အလင်းဝင်ရောက်သူနှစ်ဦး၊ မွန်ဓားပြအဖွဲ့နှင့် ဆက်စပ်လျက်ရှိသော တရားခံ ကိုးဦးကို ဖမ်းဆီးရမိခဲ့ပြီး လက်နက်မျိုးစုံ ၁၁ လက်၊ ရွှေထည်ပစ္စည်းမျိုးစုံ ၁၇ ဒသမ ၁၅၉ ကျပ်သား (တန်ဖိုးငွေကျပ် ၁၂၄ သိန်း ၉ သောင်းခန့်) သိမ်းဆည်းရမိခဲ့သည့် ၎င်းတရားခံများနှင့် သိမ်းဆည်းရမိသော ပစ္စည်းများကို သက်ဆိုင်ရာမြို့နယ်ရဲစခန်းများမှ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး လွှဲပြောင်းအပ်နှံခဲ့ကြောင်းနှင့် တပ်မတော်က မွန်ဓားပြအဖွဲ့အား ဖော်ထုတ်ရှင်းလင်းပေးခဲ့မှုအပေါ် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

(မြဝတီ)



မွန်ဓားပြအဖွဲ့ထံမှ သိမ်းဆည်းရမိလက်နက်ခဲယမ်းများ။

# ဖြူးတွင် မိုးသည်းထန်စွာရွာ၊ လေပြင်းတိုက်သစ်ပင်လဲ

**ဖြူး စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့၌ စက်တင်ဘာ ၁၇ ရက် ညနေ ၄ နာရီ မိနစ် ၂၀က အရှေ့ဘက်မှ မိုးရိပ်မိုးသားများ တက်လာကာ ရုတ်တရက် မိုးသည်းထန်စွာရွာပြီး ညနေ ၅ နာရီ ၁၀ မိနစ်ထိ လေပြင်းများပါ တိုက်ခတ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် မြို့မအနောက်ရပ်ကွက်(၂) လမ်းရှိ ဦးအောင်မြင့်-ဒေါ်အုန်းကြည် နေအိမ်ခြံဝင်းစည်းရိုး လမ်းဘေးရှိ သရက်ပင်မှာ အမြစ်မှ ပြုတ်ထွက်၍ ခြံဝင်းခြံစည်းရိုးအုတ်တံတိုင်းပေါ်သို့ ပိကျခဲ့ပြီး မြို့မအနောက်ရပ်ကွက်(၁) လမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ ခြံစည်းရိုးဘေးရှိ သပြေပင်မှာ လမ်းပေါ်သို့ ယိုင်လဲကျလုဖြစ်သွားသဖြင့် သပြေပင်ကို ရှင်းလင်းခုတ်ထွင်ခဲ့ရသည်။ ရုံးရပ်ကွက် ၄ လမ်း၌လည်း ယူကလစ်ပင်မှာ လမ်းပေါ်သို့ ကိုင်းကျိုးကျသည်ကို တွေ့ရသည်။



လေပြင်းတိုက်ခတ်၍ သစ်ပင်လဲကျသဖြင့် အိမ်ငါးလုံးသို့သွယ်တန်းထားသော လျှပ်စစ်ဆားဗစ်ကြိုးများ ပြုတ်ကျခဲ့သဖြင့် မြို့နယ်လျှပ်စစ်မှ ပြန်လည်တပ်ဆင်ခဲ့ရကာ လျှပ်စစ်မီးများ နှစ်နာရီခွဲခန့် ဖြတ်တောက်ခဲ့ရပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# မိုးများ၍ တောင်ကျရေများစီးဆင်းသောကြောင့် ကျိုက္ကော်ရပ်ကွက် ကားလမ်းပေါ် ရေလွှမ်း

**သထုံ စက်တင်ဘာ ၁၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်၌ မိုးများ၍ တောင်ကျရေများ စီးဆင်းသောကြောင့် စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခန့်မှစတင်ကာ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၃၈/၄)နှင့် (၁၃၉/၀)အကြားရှိ အနိမ့်ပိုင်းကားလမ်းနေရာ လေးဖာလုံခန့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"လမ်းပေါ်မှာ ရေကနှစ်ပေနီးပါးလောက်အထိ ကျော်တက်ခဲ့ပြီး တဖြည်းဖြည်း ပြန်ကျနေပါတယ်။ မိုးကဆက်များလာရင်တော့ စိုးရိမ်ရပါတယ်။ ဈေးထဲကိုတော့ ရေဝင်နေလို့ ဈေးကိုပိတ်ထားကာ ကားတွေကိုတော့ တစ်စီးချင်း ဖြည်းဖြည်းမောင်းပြီး ပေးဖြတ်နေပါတယ်။ အရှိန်နဲ့မောင်းရင် ရေကဂယက်ထပြီး ကားလမ်းနဲ့ ကပ်နေတဲ့အိမ်တွေက ရေဂယက်ပုတ်တာကို ခံရလို့ပါ"ဟု ကျိုက္ကော်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလွင်လွင်က ပြောသည်။

ယင်းနေရာ၌ ပြီးခဲ့သည့်နှစ်က နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး ရေကြီးခဲ့သဖြင့် ယခုကဲ့သို့ရေလွှမ်းမိုးမှုအပေါ် များစွာစိုးရိမ်လျက်ရှိကြောင်း ဒေသခံ အချို့ကလည်း ပြောကြားသည်။

အဆိုပါ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ဆုံးရှုံးမှုမရှိခဲ့သော်လည်း ဒေသခံများနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာရန် ခက်ခဲလျက်ရှိရာ သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများက သွားရောက်ကာ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်များစနစ်တကျဖြင့် အဆင်ပြေစွာ သွားလာနိုင်ရေးနှင့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်စီမံထားနိုင်ရေးတို့ကို ကြီးကြပ်ကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

**သက်ဦး(သထုံ)**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၁၉ ရက်တွင် ကယားပြည်နယ်၊ ချင်းပြည်နယ်တို့၌ နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့၌ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအထူးသတိပြု

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ တစ်ပေခွဲခန့်နှင့် ဇလွန်မြို့၌ နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင် (ဧရာဝတီမြစ်)အတွင်းနှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## ထူးကဲဒီရေတက်ဖွယ်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၁၅ ခုနှစ်စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၇၇ ပေခန့်မှ ၂၁ ဒသမ ၅၂ ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့် ပေ ၂၂ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားအပ်ပါသည်။

**(သတင်းစဉ်)**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ်မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန်-**

**ဦးခင်မောင်ရီ**
**အမြဲတမ်းအတွင်းဝန်**
**ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**သစ်တောရေးရာဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉-၂၀၀၇၄၅၄**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ပိုင်းဝန်းကူညီဆောင်ရွက်ပေး**

**တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)**



**တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)**



## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၁၈**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ ပေးပို့လျက်ရှိရာ ယနေ့တွင် မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေနှစ်ခေါက်ဖြင့် အဝတ်အထည်မျိုးစုံနှင့် စားသောက်ပန်းကန်မျိုးစုံတို့ကို ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးပိုနေမည်


နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ မိုးပိုနေမည်။ **(မိုး/ဇလ)**


# ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ


**နေပြည်တော် စက်တင်ဘာ ၁၈**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့၌ တစ်ပေခွဲခန့်နှင့် ဇလွန်မြို့၌ နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**




# ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**

# ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် မိုးစပါး ၉၃ ဒသမ ၂၂ ရာခိုင်နှုန်း ပြန်လည်စိုက်ပျိုးပြီး

**ကန့်ဘလူ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် မိုးစပါးများကို ပြန်လည်စိုက်ပျိုးခဲ့ရာ စက်တင်ဘာ ၁၅ ရက်အထိ ၉၃ ဒသမ ၂၂ ရာခိုင်နှုန်း စိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်မောင်က ပြောသည်။

ထိုသို့စိုက်ပျိုးနိုင်ရန် ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် မိုးစပါးစိုက်ခင်း၊ ပျိုးခင်းများအတွက် နိုင်ငံတော်က ငွေကျပ် ၁၀၁ ဒသမ ၅၁၄ သန်းကို ဩဂုတ် ၁၅ ရက်က ထောက်ပံ့ပေးအပ်ခဲ့ပြီး အခြားစေတနာရှင်၊ အလှူရှင်များက မျိုးစပါးများ လှူဒါန်းခဲ့ခြင်းကြောင့် ယနေ့အထိ မိုးစပါး ၁၃၆၉၄၆ ဧက ပြန်လည်စိုက်ပျိုးပြီးခဲ့ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

ကန့်ဘလူမြို့နယ်၌ ဇူလိုင် ၁၅ ရက်ညက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ စိုက်ပျိုးမြေ ၁၀၈၃၂ ဧက ပျက်စီးဆုံးရှုံးခဲ့ရသည်။ ကန့်ဘလူ မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရန် ၁၄၆၉၀၅ ဧက လျာထားပြီး စက်တင်ဘာလကုန်၌ လျာထားဧကထက် ပြည့်မီကျော်လွန်နိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၈ ရက်တွင် ဦးအောင်ခိုင်(ဥက္ကဋ္ဌ) ထွန်းကြွယ်ပေါ် စက်မှုကုမ္ပဏီလီမိတက်က အလှူငွေကျပ် ၄၄၄၀၀၀၀၊ ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပခဲ့သော အခမ်းအနားတွင် လှူဒါန်းထားသည့် Standard Chartered Bankမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို အလှူရှင်က ဘဏ်သို့ ပေးသွင်းရာတွင် အမေရိကန်ဒေါ်လာ တစ်သောင်းနှင့် ညီမျှသည့် မြန်မာငွေကျပ် ၁၂၇၇၀၀၀၀ ကို (CF-002301)သို့ တိုက်ရိုက်ထည့်သွင်းခြင်းနှင့် နေပြည်တော်(ရုံးချုပ်)၌ လက်ခံရရှိထားသော အခြားနိုင်ငံခြားငွေ စာရင်းများဖြစ်သည့် ထိုင်းဘတ် ၅၄၁၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ တို့ကို မြန်မာငွေဖြင့် လဲလှယ်ရရှိငွေ စုစုပေါင်း ငွေကျပ် ၂၁၇၆၂၇၈၀၊ Ms. Surang Chantecrodade က အမေရိကန်ဒေါ်လာ ၁၈၆၂ ဒသမ ၆၁၊ PTT Exploration and Production Public Co.,Ltd (Thailand)က အမေရိကန်ဒေါ်လာ ၁၅၆၁၀၀၊ PTT Public Co., Ltd (Thailand)က အမေရိကန်ဒေါ်လာ ၁၇၁၅၄၉ ဒသမ ၅၃ တို့ကို အလှူရှင်များက ငွေစာရင်းအမှတ် (1DA-0300086)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၃၉၅၃၄၃၃၁၀၀၊ အမေရိကန်ဒေါ်လာ ၂၁၆၂၄၁၄ ဒသမ ၁၁ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခမောက်ကြီးမြို့၌ မိုးသည်းထန်ရေလွှမ်းမှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်

**ကော့သောင်း စက်တင်ဘာ ၁၈**



ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ၌ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းကစတင်၍ စက်တင်ဘာ ၁၇ ရက်အထိ မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းနေမှုကြောင့် တောင်ကျရေများစီးဆင်း၍ ချောင်းရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ခမောက်ကြီးချောင်းနှင့် အနီးဆုံးဖြစ်သည့် ပြန်/ဆက်ဦးစီးဌာန၊ ပြည်သူ့ဆေးရုံ နတလရုံးနှင့် အမှတ်(၁)ရပ်ကွက်အတွင်းသို့ ညနေပိုင်းတွင် ရေ ငါးပေခန့်အထိ မြင့်တက်ဝင်ရောက်လာကြောင်း သိရသည်။

ထို့အပြင် ကော့သောင်း-ဘုတ်ပြင်း ကားလမ်းမိုင်တိုင်အမှတ် ၃၅/၀ တွင် လမ်းအရှည် ပေ ၆၀၀ ခန့် အနက် ငါးပေခန့် ရေကျော်မှုဖြစ်ပေါ်လျက်ရှိရာ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှု ပြတ်တောက်ခဲ့သည်။

ထိုသို့ ရေကြီးမှုဖြစ်ပေါ်နေသည့် အခြေအနေများကို နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအဖြစ် ဆေးရုံမှ လူနာနှင့် ဆေးရုံသုံးပစ္စည်းများကို ပြောင်းရွှေ့ပေးခြင်း၊ ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်မှ စာအုပ်စာပေများကို ထုပ်ပိုး၍ ရေဘေးလွတ်ရာသို့ သယ်ဆောင်ပေးခြင်း၊ ရေကျော်မှုဖြစ်ပွားလျက်ရှိသည့် လမ်းပိုင်းနှင့် ရေဝင်ရောက်လျက်ရှိသည့် ရပ်ကွက်ပြည်သူ၊ အိုးအိမ်ပစ္စည်းများကို ဘေးကင်းရာ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်အစားအစာနှင့် သောက်သုံးရေများ ပံ့ပိုးပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

နောက်ဆုံး သတင်းများအရ ရတနာသိမ်ဘုန်းတော်ကြီး ကျောင်းတိုက်နှင့် အထက(ခမောက်ကြီး) ကျောင်းများ စသည်တို့တွင် ကူညီကယ်ဆယ်ရေး ယာယီစခန်းအဖြစ် ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများ၊ ဆေးရုံမှလူနာများ၊ ရေဘေးသင့်ဌာနဆိုင်ရာများမှ အရေးကြီး စာရွက်စာတမ်းများကို ထားသိုနေရာချ ကူညီမှုလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း၊ ရေဘေးအန္တရာယ်ကျရောက်မှု ဖြစ်စဉ်တစ်လျှောက် ထိခိုက်ဒဏ်ရာရ သေဆုံးခြင်းဖြစ်စဉ်များ ဖြစ်ပေါ်မှုမရှိကြောင်း၊ ရေမြင့်တက်လာမှု အခြေအနေများကို စောင့်ကြည့်လျက် လိုအပ်များသည်ကို အချိန်နှင့်တစ်ပြေးညီ ကြပ်မတ်ကူညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်မည်

**နေပြည်တော် စက်တင်ဘာ ၁၈**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့၌ ၅ ဒသမ ၉၈ လက်မ၊ ကော့သောင်းမြို့၌ ၅ ဒသမ ၃၉ လက်မ၊ လောင်းလုံးမြို့၌ ၄ ဒသမ ၄၅ လက်မ၊ မင်းတပ်မြို့၌ ၃ ဒသမ ၉၀ လက်မ၊ ကျောက်ထုမြို့၌ ၃ ဒသမ ၄၅ လက်မ၊ ပဲခူးမြို့၌ ၃ ဒသမ ၃၁ လက်မ၊ သထုံမြို့နှင့် မြိတ်မြို့တို့၌ ၃ ဒသမ ၀၇ လက်မစီ၊ ထားဝယ်မြို့၌ ၂ ဒသမ ၉၉ လက်မ၊ ဟိုင်းကြီးကျွန်းမြို့၌ ၂ ဒသမ ၇၆ လက်မ၊ ခရမ်းမြို့၌ ၂ ဒသမ ၅၆ လက်မ၊ ကော့ကရိတ်မြို့၌ ၂ ဒသမ ၄၈ လက်မ၊ မုဒုံမြို့၌ ၂ ဒသမ ၃၆ လက်မနှင့် ဆောမြို့၌ ၂ ဒသမ ၁၅ လက်မတို့ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်၌ ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်၌ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

# ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၉-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြပါရှိသည့် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းသတင်းတွင် Industrial Bank of Korea က လှူဒါန်းသည့် ငွေမှာ အမေရိကန်ဒေါ်လာ ၅၀၀၀ အစား အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း လူပျို၊ အပျို ဝန်ထမ်းအိမ်ရာ ၁၅ လုံးနှင့် အမှုထမ်းအိမ်ရာ ၂၀ လုံး ထပ်မံတည်ဆောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ရုံးအဖွဲ့အစည်းများသို့ ထပ်မံပြောင်းရွှေ့ ရောက်ရှိလာကြသော လူပျို၊ အပျို ဝန်ထမ်းများနှင့် အမှုထမ်း အိမ်ထောင်သည်များအား နေရာချထားနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောက်လုပ်လျက်ရှိသော နှစ်ထပ် လူပျိုဆောင်နှင့် အပျိုဆောင် ၁၅ လုံးနှင့် ခြောက်ခန်းတွဲ လေးထပ်၊ အမှုထမ်းအိမ်ရာ ၂၀ လုံး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ရွှေကြာပင်လမ်းရှိ နှစ်ထပ်လူပျိုဆောင် ငါးလုံးနှင့် နှစ်ထပ်အပျိုဆောင် ၁၀ လုံး တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ လူပျို၊ အပျိုဆောင်များနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံ ဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့ (၁) မှ (၆) အထိ တာဝန်ခံအင်ဂျင်နီယာများက တာဝန်ယူ ဆောက်လုပ်လျက်ရှိသော လူပျိုဆောင်နှင့် အပျိုဆောင် ၁၅ လုံး တည်ဆောက်ပြီးစီးမှု အသေးစိတ်များကိုလည်းကောင်း၊ ခြောက်ခန်းတွဲ လေးထပ် အမှုထမ်းအိမ်ရာ၂၀ လုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်လျက်ရှိသော ကုမ္ပဏီများက တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း၊ လမ်းဖောက်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေးလုပ်ငန်းအခြေအနေများကို တာဝန်ခံများကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အဆောက်အအုံအရည်အသွေး ကောင်းမွန်ရေး၊ သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးရေးနှင့် လုပ်ငန်းအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး မှာကြားသည်။

ထပ်မံပြောင်းရွှေ့ရောက်ရှိလာသော လူပျို၊ အပျို ဝန်ထမ်းများနှင့် အိမ်ထောင်သည် ဝန်ထမ်းများ နေရာချထားနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်





အတွင်း နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် လူပျိုဆောင် ငါးလုံး၊ အပျိုဆောင် ၁၀ လုံး၊ ခြောက်ခန်းတွဲ လေးထပ် အမှုထမ်းအိမ်ရာ ၂၀ လုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လူပျိုဆောင် ငါးလုံးနှင့် အပျိုဆောင် ၁၀ လုံးရှိ လူပျို၊ အပျိုဝန်ထမ်းများအတွက် အခန်းပေါင်း ၇၂၀ ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်တွင် လည်းကောင်း၊ အမှုထမ်းအိမ်ရာ ၂၀ လုံးရှိ အခန်းပေါင်း ၅၀၄ ခန်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်တွင် လည်းကောင်း နေရာချထားနိုင်ရန် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

■ *ကျောဖုံးမှ*

"မိတ္ထီလာကန်က သမိုင်းဝင်ကန်ကြီးပါ။ ရှေးမြန်မာမင်း ၁၇ ဆက် ဆယ်ဖူးခဲ့တဲ့ ကန်တော်ကြီးပါ။ ရှေးမြန်မာမင်းတွေ ဘိသိက်ခံတဲ့အခါမှာ မိတ္ထီလာကန်ရေကို ဆောင်ယူပြီး သွန်းခဲ့ရပါတယ်။ မိတ္ထီလာ တစ်ခရိုင်လုံး၊ တစ်မြို့နယ်လုံး ကျေးရွာအုပ်စုတွေက ဒီကန်ကရေကို အမှီပြုပြီး စိုက်ပျိုးနေရပါတယ်။ ရှေးမြန်မာမင်းတွေလက်ထက်ကတည်းက ဒီကန်ကရေနဲ့ပဲ စိုက်ပျိုးခဲ့ရပါတယ်။ ဒီနောက်ပိုင်းမှာတော့ နုန်းပို့ချမှုတွေများလာတဲ့အတွက် ကန်ကြီးက ကောလာတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတက ပြန်လည်တူးဖော်ပေးဖို့ လမ်းညွှန်မှုပြုခဲ့တယ်လို့ သိရပါတယ်။ ဒီအတွက် ကျေးဇူးလည်း တင်တယ်၊ ဝမ်းလည်းသာပါတယ်။ ဒီလုပ်ငန်းကြီးက ဒေသခံတွေအတွက် သိပ်အကျိုးရှိတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ကန်ကြီးတူးဖော်တဲ့အပြင် ကန်ဦးစေတီအဖြစ် ဓမ္မသုခရွှေစည်းခုံစေတီတော်ကို တည်ထားပေးခဲ့တဲ့အတွက် ဒေသခံတွေ ကုသိုလ်ဆည်းပူးနိုင်တာပါ" ဟု မိတ္ထီလာမြို့ခံ ဦးတင်လှိုင်က



ဦးတင်လှိုင်



ဦးတင့်လွင်

ပြောသည်။

မိတ္ထီလာကန်သည် နှစ်ပေါင်းထောင်ချီသည့် ကန်ကြီးတစ်ကန်ဖြစ်ပြီး မင်းတုန်းမင်းလက်ထက် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်က (၁၇)ကြိမ်မြောက် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကန်ကို ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဆည်မြောင်းဦးစီးဌာနမှ ဦးတင့်လွင်က "မိတ္ထီလာမြောက်ကန်ထဲမှာ ကျနေတဲ့ သဲနုန်းတွေ ဖယ်ထုတ်လိုက်တဲ့အတွက် ရေလှောင်ပမာဏတွေ တိုးလာပါမယ်။ မိုးစပါးနဲ့ နွေစပါးတွေကို တိုးချဲ့စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ဒီ့အပြင် ရေကာပေါင်တွေလုပ်တဲ့အတွက် ရေဆိုးစီးဝင်မှုတွေကိုလည်း ကာကွယ်နိုင်မယ်။ ဒီကန်ကြီးက စိုက်ပျိုးရေသာမကဘဲ သောက်သုံးရေအတွက်ပါ အသုံးပြုနေရတဲ့ကန်ကြီးဖြစ်ပါတယ်။ အခုလို ပြုပြင်လိုက်တဲ့အတွက် ဒီအကျိုးတွေကို ဒေသခံတွေရရှိမှာပါ။ ကန်ထဲမှာ ရေအမြဲတမ်းရှိနေမှာဖြစ်တဲ့အတွက် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုနိုင်မှာပါ" ဟု ပြောသည်။

ယခင် မိတ္ထီလာကန်သည် ကန်ပေါင်အလျား ပေ၂၃၀၀၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ်အကျယ် ပေ ၃၀၊ ပျမ်းမျှရေအနက် လေးပေ ခြောက်လက်မ၊ ရေလှောင်ပမာဏ ဧကပေ ၃၀၀၀ ရှိပြီး မိုးစပါး ၂၆၃၄ ဧကနှင့် နွေးစပါး ၄၄၅ ဧကတို့ကို ရေပေးဝေနိုင်ခဲ့သည်။

ယခုအခါ မိတ္ထီလာမြောက်ကန်ကို ပြန်လည်ပြုပြင်တူးဖော်ခဲ့သည့်အတွက် ကန်ပေါင်အလျား ပေ၂၅၆၀၀၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ်အကျယ် ၅၅ ပေ၊ ပျမ်းမျှရေအနက် ရှစ်ပေ၊ ရေလှောင်ပမဏ ဧကပေ ၇၂၀၀ ရှိပြီး မိုးစပါး ၆၆၅၅ ဧကနှင့် နွေစပါး ၆၉၅ ဧကအတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

"မိတ္ထီလာကန်ကြီးက နှစ်ပေါင်း ၁၀၀၀ ကျော်နေပါပြီ။ ဒီလောက်ကြာတော့ ဒီထဲမှာ နုန်းတွေတက်လာတာပါ။ ဒီထဲကို နုန်းပို့ချမှု ကာကွယ်ဖို့၊ ရေလိုအပ်တဲ့အခါမှ ရေကူညီနိုင်ဖို့အတွက် မိတ္ထီလာရဲ့အထက်မှာ မုန်တိုင်ရေလှောင်တမံကို တည်ဆောက်ခဲ့ပါတယ်။ အဲဒီအပြင် မုန်တိုင်ရေလှောင်တမံရဲ့အထက်မှာ ရှမ်းမငယ်ရေလှောင်တမံကို တည်ဆောက်ခဲ့ပါတယ်။ မိတ္ထီလာကန်ကို နည်းအမျိုးမျိုးနဲ့ ရေကူပေးနိုင်ဖို့အတွက် ချောင်းကောက်ရေလွှဲဆည်က ပိုပြီးလျှံတဲ့ရေကို မိတ္ထီလာကန်ထဲကို ဆက်သွယ်ဖို့ ဆောင်ရွက်ခဲ့ပါတယ်" ဟု မိတ္ထီလာကန် ရေအမြဲမပြတ်ရှိရေးနှင့်ပတ်သက်၍ ဦးတင့်လွင်က ဆက်လက် ပြောပြသည်။

မိတ္ထီလာမြို့၌ လူဦးရေ ၉၇၀၀၀ ကျော်ရှိပြီး မိတ္ထီလာကန်ရေကို သောက်သုံးရေအဖြစ် မြို့နေလူထု ၈၀ ရာခိုင်နှုန်းခန့်က အားထားသုံးစွဲနေကြရသည်။ အဆိုပါကန်သည် မြို့နေလူထုအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနေသည့်ကန်ဖြစ်ပြီး အလျား ခုနစ်မိုင်၊ အနံ တစ်မိုင်ခွဲရှိသည်။ ထို့အပြင် မိတ္ထီလာမြို့နယ်၏ လူဦးရေ ၂၉၅၀၀၀ ခန့်သည်လည်း မိတ္ထီလာကန်ကြီးကို စိုက်ပျိုးရေးနှင့် စီးပွားရေးအရ မှီခိုနေကြရကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

မုန်တိုင်ချောင်း၊ တလင်းကုန်းချောင်း၊ ရွှေစစ်သည်ချောင်းတို့သည် မိတ္ထီလာမြောက်ကန်ဘက်မှ စီးဝင်မှု အချိန်ကြာမြင့်လာသည်နှင့်အမျှ သဲနုန်းပို့ချမှုကြောင့် သိသိသာသာတိမ်ကောလာကြောင်း သိရသည်။ ထို့ကြောင့် ရေလှောင်ပမာဏလျော့ကျလာပြီး သောက်သုံးရေနှင့်စိုက်ပျိုးရေ လုံလောက်စွာမပေးနိုင်



ဒေါ်ခင်စန်းဝင်း



ဦးမျိုးမင်းသန့်

သည့်အပြင် ရေဝင်ချောင်းများတစ်လျှောက် ကျေးရွာများ၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လာသည့်အတွက် ဒေသခံများ များစွာအခက်တွေ့ခဲ့ရကြောင်း သိရသည်။

"ဒီကန်ကြီးကို အခုလိုပြုပြင်လိုက်တော့ တော်တော်လှပသွားတယ်။ ကန်နဲ့အတူ ဘုရား၊ စေတီပုထိုးနဲ့ဆိုတော့ အန်မတန်မှပဲ ကြည်ညိုစရာကောင်းပြီး သာယာလှပသွားပါတယ်။ အရင်တုန်းကတော့ မိတ္ထီလာမြို့အနောက်ဘက်မှာဆို ရေကလည်း မသန့်ရှင်းဘူး။ ညစ်ပတ်နေပါတယ်။ ပေါင်းကလည်းထူတယ်။ အခု အစိုးရလက်ထက်မှာ ကန်ကို သန့်သန့်ရှင်းရှင်း ပြန်လုပ်လိုက်တယ်၊ ကန်ပေါင်တွေကလည်း သားသားနားနားဖြစ်သွားတယ်။ တောင်ဘက်ကန်ကတော့ သောက်ရေရပါတယ်။ အခုလို မြောက်ကန်ကိုလည်း သန့်ရှင်းအောင် ဆောင်ရွက်လိုက်လို့ သောက်ရေလည်းရနိုင်မယ်လို့ ထင်ပါတယ်။ ကန်ပေါင်မှာလည်း ကျန်းမာရေးအတွက် အပန်းဖြေလို့ရအောင် လုပ်ပေးထားတဲ့အတွက် လေကောင်းလေသန့်ရပြီး ကျန်းမာရေးအတွက် အထောက်အပံ့ရပါတယ်" ဟု ဝန်ဇင်းရပ်ကွက်နေ ဦးကျော်တင့်က ဆိုသည်။

ယခု ပြုပြင်တူးဖော်လိုက်သည့် မြောက်ကန်ပေါင်တစ်လျှောက်၌ လှိုင်းဒဏ်ခံ ကျောက်ရိုးများကို လိုအပ်သောနေရာများ၌ ထည့်သွင်းစီခင်းထားပြီး ယခင် မြင်းလှည်းသွားလမ်းဟုခေါ်သည့် နန်းတော်ကုန်းရပ်ကွက်နှင့် ဈေးအနောက်ဘက် ပွဲစားတန်းဘက်သို့ ဆက်သွယ်ထားသည့် ကန်ကြားလမ်းကို ရေလွှတ်အမြင့်အထိ ဆောင်ရွက်ထားပြီး ယင်းကန်ပေါင်ပေါ်၌ အများပြည်သူ ကိုယ်လက်လှုပ်ရှား ကျန်းမာရေးဆောင်ရွက်နိုင်ရန်နေရာကို ထည့်သွင်းတည်ဆောက်ပေးထားသည်။

"ကျွန်တော်က ကန်ကြီးကို ပြန်လည်ပြုပြင်ထားတယ်ဆိုလို့ လာပြီးလေ့လာတာပါ။ ဒီကန်ကြီးက လယ်တွေ၊ ယာတွေကို များစွာ အထောက်အကူပြုနေတာပါ။ အခုဆို အရင်ကထက် အဆမတန်ကို သာယာသွားတယ်။ အခုလို ဒေသခံတွေရဲ့ ဆန္ဒတွေကို အကောင်အထည်ဖော်ပေးတာ ဝမ်းသာပါတယ်။ အရင်တုန်းက ဒီနေရာမှာ ကန္တာရအပင်တွေနဲ့ တော်တော်ရှုပ်ပွနေခဲ့တယ်။ အခုလို သန့်သန့်ရှင်းရှင်းဖြစ်သွားတော့ ဒေသအတွက် အထောက်အကူဖြစ်ပါတယ်။ အခုလို ကန်ကြီးပြုပြင်ပြီးတာကို မြင်လိုက်ရတဲ့အတွက် ပီတိလည်းဖြစ်တယ်။ အချိန်တိုအတွင်းမှာ မြန်မြန်ဆန်ဆန် ပြုပြင်လိုက်တဲ့အတွက် အံ့လည်းအံ့သြခဲ့ရတယ်" ဟု သီရိမင်္ဂလာရပ်ကွက်နေ ဦးကျော်မြင့်က ဆိုသည်။

မိတ္ထီလာမြောက်ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကန်တွင်းသဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်များ ပိုးခြင်းနှင့် ကန်ပေါင်အသစ်ပြုလုပ်ခြင်း၊ ဆင်ခြေလျှောလှိုင်းကာ ကျောက်ရိုးစီခြင်း၊ ရေထိန်းတံခါးနှင့် ကန်ခြားရေတံခါးများ ပြုပြင်ခြင်းလုပ်ငန်းများကို စက်ယန္တရားအင်အားအလုံးအရင်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်မက ဒီကို ဘုရားလာဖူးတာပါ။ အခုလို ဒီကန်ကြီးကို ပြန်လည်တူးဖော်လိုက်တာတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီကန်ကြီးက မြို့ရဲ့ အထိမ်းအမှတ်တစ်ခုပါ။ ဒီလို ကောင်းမွန်လိမ့်မယ်လို့ မစဉ်းစားဖြစ်ခဲ့ဘူး။ အရင်က ဒီနေရာမှာ ဆူးပင်တွေ၊ ထနောင်းပင်တွေပဲရှိတယ်။ အခုပြုပြင်တဲ့နေရာမှာ ရေလုံးဝမရှိဘူး။ အလယ်မှာလည်း ရေကနည်းနေတယ်။ အခုမှ စိုစိုပြည်ပြည် ပြန်ဖြစ်လာတာပါ။ လမ်းလည်း ဟိုဘက်ဒီဘက်ပေါက်သွားတော့ သွားလမ်းလာလမ်း ကောင်းသွားတယ်။ ဒီလိုပဲ နိုင်ငံတော်က တောင်ဘက်ကန်ကိုလည်း လုပ်ပေးရင်ကောင်းမှာပါ" ဟု ဒေသခံ ဒေါ်ခင်စန်းဝင်းက ပြောသည်။

အဆိုပါ စေတီတော်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် တာဝန်ယူတည်ဆောက်ခဲ့သည့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ဦးစီးအရာရှိ ဦးမျိုးမင်းသန့်က "ဘုရားရင်ပြင်တော်ကြီး အောက်ကနေ ပိုင်အလုံး ၇၀၀ ကျော်ရိုက်ပြီး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားပါတယ်။ ဉာဏ်တော်အမြင့်က ၂၇ တောင်ရှိပါတယ်။ ပုဂံရွှေစည်းခုံပုံတူတော်ပုံအတိုင်း တည်ဆောက်ထားပါတယ်။ ဘုရားဘွဲ့တော်က ဓမ္မသုခရွှေစည်းခုံစေတီတော်ဖြစ်ပါတယ်။ မိတ္ထီလာကန်ကြီး ပြန်လည်တူးဖော်ပြီးတာနဲ့ အခုစေတီတော်ကြီးကို ပန္နက်တော်တင်ပြီး စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီကန်တော်ဦးမှာ ကန်တော်ဦးစေတီတော် တည်ထားကိုးကွယ်ဖို့ ရေလယ်တောင်ကျောင်းဆရာတော်ကြီး မိန့်တော်မူတဲ့အတွက် နိုင်ငံတော်သမ္မတကြီးက တည်ထားကိုးကွယ်စေခဲ့တာဖြစ်ပါတယ်။ စေတီတော်ကို နှစ်လအကြာ တည်ဆောက်ခဲ့ရပါတယ်။ ဘုရားကြီးတည်ပေးတယ်၊ ကန်ပေါင်တွေ အသစ်လုပ်တယ်၊ သဲနုန်းတွေဖော်တဲ့အတွက် ဝမ်းသာကြောင်း ဒေသခံတွေက လုပ်ငန်းခွင်ထဲထိလာပြောကြတယ်။ ဒေသခံတွေကလည်း ဒီလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ အားလုံးတက်တက်ကြွကြွနဲ့ ဝိုင်းပြီးလုပ်အားကူညီပေးခဲ့ကြပါတယ်" ဟု ပြောကြားသည်။

နိုင်ငံတော်အနေဖြင့်လည်း မိတ္ထီလာကန် ပြုပြင်မှုနှင့်အတူ အများပြည်သူများ ကုသိုလ်သဒ္ဓါပွားများနိုင်ရန် မြောက်ကန်ထိပ်၌ ဉာဏ်တော်အမြင့် ၂၇ တောင်ရှိ ဓမ္မသုခရွှေစည်းခုံစေတီတော်ကြီးကို တည်ထားခဲ့သည်။ အဆိုပါစေတီတော်သည် မြောက်ကန်ထိပ်ရှိ ပေ ၁၈၀၊ ပေ ၃၀၀ ကုန်းတော်ကြီးပေါ်၌ တည်ရှိပြီး စေတီတော်၏ ပတ်လည်မှာ ၄၅ ပေရှိကြောင်း သိရသည်။

ဓမ္မသုခရွှေစည်းခုံစေတီတော်သို့ လာရောက်ဖူးမြော်သည့် မိတ္ထီလာမြို့နယ် ပေါက်ချောင်းရွာမှ အသက် ၈၇ နှစ်အရွယ်ရှိ ဦးသိန်းက "မိတ္ထီလာကန် အခုလို ပြုပြင်လိုက်တဲ့အတွက် အဘတို့ ငယ်ငယ်တုန်းကနဲ့ ကွာခြားသွားတာအမှန်ပါပဲ။ ကန်ပေါင်ကြီးကလည်း ကောင်းလာတယ်။ တစ်ဆက်တည်းမှာပဲ ဘုရားလည်းတည်လိုက်တယ်ဆိုတော့ စိတ်ချမ်းချမ်းသာသာနဲ့ အပန်းဖြေပြီး ဘုရားလည်းဖူးလို့ရသွားတယ်။ ဒီအတွက် ပါဝင်ဆောင်ရွက်ခဲ့တဲ့သူအားလုံးကို ချမ်းသာသုခပြည့်စုံနိုင်ကြပါစေလို့ မေတ္တာပို့ပါတယ်" ဟု ပြောသည်။

မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည့်အတွက် မိတ္ထီလာမြောက်ကန် ရေဝင်ချောင်းများအနီးရှိ မြင်သာကျေးရွာ၊ သဲတောကျေးရွာ၊ ရွာမကျေးရွာ၊ လက်ပံခါးကော့ကျေးရွာနှင့် ရှင်မြို့ကျေးရွာများ ရေကြီးနစ်မြုပ်မှု ကာကွယ်နိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာရရှိခြင်း၊ အပူပိုင်းဒေသဖြစ်သည့် မိတ္ထီလာမြို့နယ်အတွင်း စိမ်းလန်းစိုပြည်သာယာလာပြီး ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့အတွက် များစွာအထောက်အကူရရှိနေပြီဖြစ်သည်။

ယခုအချိန်တွင် မိတ္ထီလာကန်သည် အများပြည်သူများ ကျန်းမာရေးအတွက် အားကစားပစ္စည်းများဖြင့် လေ့ကျင့်ခန်းပြုလုပ်နိုင်သည့် အပန်းဖြေစရာနေရာ၊ ကုသိုလ်တရားပွားများနိုင်သည့် ဓမ္မသုခရွှေစည်းခုံစေတီတော်၊ သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် ဖူလုံစွာရရှိနိုင်မည့် အခြေအနေတို့ကြောင့် မိတ္ထီလာကန်ကြီးက သက်ဝင်လှုပ်ရှားလျက်ရှိပါတော့သည်။

# မြန်မာနိုင်ငံ၌ ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာရွက်လှေပြိုင်ပွဲကြီး ကျင်းပမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၁၈**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် Myanmar Wave Rider Cup & KTA Race Open ပြိုင်ပွဲကြီးကို လာမည့် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ အခုကျင်းပမယ့် Myanmar Wave Rider Cup & KTA Race Open ပြိုင်ပွဲကြီးဟာ ပထမဆုံးအကြိမ် ကျင်းပတာဖြစ်ပါတယ်။ ကျင်းပဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့ရွက်လှေအားကစားအဆင့်အတန်း ပိုမိုတိုးတက်စေဖို့နဲ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာက လာရောက်ယှဉ်ပြိုင်တဲ့ ကစားသမားတွေကတစ်ဆင့် မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှု၊ သာယာလှပမှုတွေ သိရှိခံစားရမှာဖြစ်ပါတယ်။ ပြောရရင်တော့ ဒီပြိုင်ပွဲကို ကျင်းပရခြင်းက မြန်မာနိုင်ငံရဲ့ ခရီးသွားမြှင့်တင်အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အထွေထွေမန်နေဂျာ ဦးဖုန်းကျော်မိုးမြင့်က ပြောသည်။

ပထမဦးဆုံးအကြိမ်ကျင်းပမည့် အဆိုပါ Myanmar Wave Rider Cup & KTA Race Open ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမှ ယှဉ်ပြိုင်ကစားဖူးသေးခြင်းမရှိသေးသည့် Kiteboarding ပြိုင်ပွဲ၊ Windsurfing ပြိုင်ပွဲနှင့် အပျော်တမ်းလူငယ်များ ဝင်ရောက်ယှဉ်ပြိုင်လေ့ရှိသည့် Stand Up Paddle ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်လိုလျှင် ဝင်ကြေးနှုန်းကို စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၈၀၊ အောက်တိုဘာ ၁၆ ရက်နောက်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၂၀၀ နှုန်းဖြင့် ပေးသွင်းရမည်ဖြစ်သည်။ အနိုင်ရရှိသူပြိုင်ပွဲဝင် အားကစားသမားများအား ပြိုင်ပွဲအမှတ်တရဆုတံဆိပ်များနှင့် ပြိုင်ပွဲတီရှပ်များကိုလက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ သိရသည်။

ပြိုင်ပွဲဝင်လိုသည့် အားကစားသမားများအနေဖြင့် အသေးစိတ်သိရှိလိုပါက အွန်လိုင်း Facebook ဖြစ်သည့် Myanmar Wave Rider Cup & KTA Race Open၊ Website ဖြစ်သော www. myanmarsailing. org တို့သို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ဖုန်းဖြင့် ဆက်သွယ်မေးမြန်းလိုပါက ၀၉-၃၁၅၂၂၇၀၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။



**Myanmar Wave Rider Cup & KTA Race Open ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်ကစားသမားများ လေ့ကျင့်နေစဉ်။**

# ၂၃၀ ကေဗွီ ဘဲလင်း-အုန်းတော နှစ်ထပ်မဟာဓာတ်အားလိုင်း တာဝါတိုင်ငါးတိုင် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပြီး စစ်ကိုင်းနှင့် မုံရွာဒေသ ခေတ္တဓာတ်အားပြတ်တောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

စစ်ကိုင်းနှင့် မုံရွာဒေသသို့ ဓာတ်အားပို့လွှတ်သော ၂၃၀ ကေဗွီ ဘဲလင်း(ကျောက်ဆည်)-အုန်းတော(စစ်ကိုင်း) နှစ်ထပ်မဟာဓာတ်အားလိုင်းဖြတ်သန်းရာ တံတားဦးမြို့နယ် တပယ်ရွာအနီးရှိ တာဝါတိုင်အမှတ် (၁၀၄၊၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈) တစ်ဆက်တည်း ငါးတိုင်သည် စက်တင်ဘာ ၁၇ ရက် ည ၈ နာရီခန့်က လေပြင်းတိုက်ခတ်၍ ပြိုလဲပြီး ဓာတ်အားပြတ်တောက်သွားသည်။ **(အောက်ပုံ)**

ဓာတ်အား ပြတ်တောက်သွားသော စစ်ကိုင်းနှင့် မုံရွာဒေသကို ၁၃၂ ကေဗွီ ချောက်-ဗုဒ္ဓကုန်း (ပခုက္ကူ)-ညောင်ပင်ကြီး (ဆားလင်းကြီး)-အောင်ချမ်းသာ(မုံရွာ)လိုင်းဖြင့် မုံရွာဒေသကို လည်းကောင်း၊ ညောင်ပင်ကြီး-အုန်းတောလိုင်းဖြင့် စစ်ကိုင်းဒေသကိုလည်းကောင်း ည ၉ နာရီခန့်တွင် ပြန်လည်ဓာတ်အား ပို့လွှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လေပြင်းတိုက်ခတ် ပြိုလဲသွားသော ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တာဝါတိုင်ငါးတိုင်ကို အမြန်ပြန်လည်တည်ဆောက်ရေးအတွက် မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစီး၍ ဝန်ထမ်း ၁၁၈ ဦးတို့ဖြင့် အမြန်ဆုံးပြန်လည်တည်ဆောက်လျက် ရှိကြောင်းနှင့် ရက်သတ္တနှစ်ပတ်ခန့်ကြာမြင့်နိုင်မည်ဖြစ်သည်။ ဓာတ်အားပြတ်တောက်သွားသော ၂၃၀ ကေဗွီ ဘဲလင်း(ကျောက်ဆည်)-အုန်းတော(စစ်ကိုင်း) နှစ်ထပ်မဟာဓာတ်အားလိုင်း ပြန်လည်တည်ဆောက်နေစဉ်ကာလအတွင်း ၁၃၂ ကေဗွီ ချောက်-ဗုဒ္ဓကုန်း (ပခုက္ကူ)-ညောင်ပင်ကြီး (ဆားလင်းကြီး) - အောင်ချမ်းသာ (မုံရွာ)လိုင်းဖြင့် ဓာတ်အားပို့လွှတ်ပေးနေရသဖြင့် စစ်ကိုင်းနှင့် မုံရွာဒေသနေရာအများစုတွင် ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးပေးပြီးဖြစ်ကြောင်းနှင့် ကျန်ဒေသအနည်းငယ်တွင် အချိန်ပိုင်း လှည့်လည်၍ ဓာတ်အားဖြန့်ဖြူးပေးထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်အရ ကျေးလက်အထိ ရောဂါရှာဖွေစစ်ဆေး၊ ဆေးကုသမှုများပြုလုပ်နေ

**မကွေး စက်တင်ဘာ ၁၈**

တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်အရ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသ အောက်ခြေအထိ ရောဂါရှာဖွေ၊ စစ်ဆေး၊ ဆေးကုသမှုများ ပြုလုပ်နေကြောင်း တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးတင်မောင်ဆွေက ပြောသည်။

မကွေးမြို့နယ်၌ တီဘီရောဂါတိုက်ဖျက်ရေးအတွက် စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ကျေးရွာငါးရွာကို ဒေါက်တာ ဦးတင်မောင်ဆွေ ဦးဆောင်၍ ဒေါက်တာ ဒေါ်သဉ္ဇာမင်း၊ တီဘီဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ဒေသန္တရ(၂) စုစုပေါင်း ကျန်းမာရေးဝန်ထမ်း ၁၁ ဦးတို့ဖြင့် ကွင်းဆင်းဆေးကုသမှုများပြုလုပ်နေကြောင်း ဒေသန္တရ(၂)မှ ဒေါ်ကြီးမြင့်က ပြောသည်။

ကျေးလက်ဒေသအောက်ခြေအထိ တီဘီရောဂါရှာဖွေဆေးကုသရာ၌ ခေတ်မီဒစ်ဂျစ်တယ်ဓာတ်မှန်စက်ကြီးဖြင့် ရောဂါရှာဖွေဆေးကုသမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပြီး တီဘီရောဂါတွေ့ရှိပါက ချက်ချင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ထမ်းများကပြောသည်။

ယခုအချိန်အထိ ကွင်းဆင်းဆေးကုသပြီးသော ကျေးရွာများမှာ ကြာကန်၊ လက်ဆည်ကန်၊ ညောင်ကန်၊ ဒေါင်းနေနှင့် ကံပြားတို့ဖြစ်ပြီး ယင်းကျေးရွာများမှ ရောဂါတွေ့ရှိသည့် လူနာ ၁၄ ဦးရှိကြောင်း ဒေါက်တာ ဦးတင်မောင်ဆွေက ပြောသည်။ ၎င်းက "ရောဂါတွေ့ရှိလူနာတွေကို တီဘီဆေးခြောက်လ မပျက်မကွက်စားသုံးနိုင်ဖို့ အသိပညာပေးတာတွေ ဆောင်ရွက်သွားပါမယ်" ဟု ပြောသည်။

ဆက်လက်၍ မကွေးမြို့နယ်အတွင်းရှိ တီဘီရောဂါ ရှာဖွေစစ်ဆေးရန် ကျန်ရှိနေသေးသည့် မိကျောင်းရဲ၊ မြင်ကွန်း၊ မကြီးကန်စသော ကျေးရွာများသို့ ကွင်းဆင်းဆေးကုသမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ထမ်းများက ပြောသည်။

**ဇာဇာ**

# အသိပေးကြေညာခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်၊ ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အခွင့်အလမ်းညီမျှသော ပွင့်လင်းမြင်သာသည့်ယှဉ်ပြိုင်မှုများ ဆောင်ရွက်နိုင်စေရန် ဆက်သွယ်ရေးဥပဒေကိုထုတ်ပြန်ကာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ တင်သွင်းရောင်းချခြင်းတို့အတွက် စနစ်တကျဖြစ်စေခြင်း၊ လုပ်ထုံးလုပ်နည်းများကို တစ်ဆင့်ချင်း ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ မည်သူမဆို ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းကိုဖြစ်စေ၊ လိုင်စင်ရယူပြီးမှအသုံးပြုရန် သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းများ (လမ်းလျှောက်စကားပြောစက် (Walkie-Talkie)များနှင့် Repeater များ အပါအဝင်)ကိုဖြစ်စေ ခွင့်ပြုချက်နှင့် လိုင်စင်ရယူခြင်းမပြုဘဲ ဆောင်ရွက်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်းမပြုရန် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ ထို့အပြင် ဆက်သွယ်ရေးပစ္စည်းများ လက်ဝယ်ထားရှိအသုံးပြုရာတွင် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများအခန်း(၆)၊ နည်းဥပဒေ ၃၃အရ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်လျှောက်ထားရယူရမည်ဖြစ်ပြီး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ တွင် ဆက်သွယ်ရေးပစ္စည်းများအား လိုင်စင်မရှိဘဲ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းအတွက် ပြစ်မှုပြစ်ဒဏ်များကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မည်သူမဆို လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ(က)၊ ဇယား(၂) အရ ပြန်လည်ထုတ်လွှင့်နိုင်သည့် ရေဒီယိုစက်ပစ္စည်းများတွင် အပါအဝင်ဖြစ်သော လမ်းလျှောက်စကားပြောစက် (Walkie- Talkie) များ၊ Jammer များ၊ Cellular Repeater များ၊ GSM Repeater များအား ခွင့်ပြုချက်မရှိဘဲ တပ်ဆင်အသုံးပြုခြင်း၊ ပြည်သူလူထု အကျိုးစီးပွားနှင့် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်နိုင်သော ဆက်သွယ်ရေးစက်ပစ္စည်းများအား တပ်ဆင်အသုံးပြုခြင်း၊ မည်သည့်ဆက်သွယ်ရေးပစ္စည်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကိုမဆို ခွင့်ပြုချက်နှင့် လိုင်စင်မရှိဘဲ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်းစသည်တို့ မပြုလုပ်ကြရန်နှင့် ထိုသို့ဆောင်ရွက်ကြောင်းတွေ့ရှိရပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြု စုပေါင်းသွေးလှူ

**နေပြည်တော် စက်တင်ဘာ ၁၈**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက်တွင် နေပြည်တော် အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ် မျိုးဆွေဝင်း၊ အဖွဲ့ခွဲမှူး ရဲမှူးကြီးခင်ဇော်၊ အမှတ် (၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး သန်းထိုက်စိုးတို့ ဦးဆောင်၍ အမှတ်(၁) လုံခြုံရေးကွပ်ကဲမှုအဖွဲ့ (၁)မှ အရာရှိငါးဦး၊ အခြားအဆင့် ခုနစ်ဦး၊ အမှတ်(၁၇) လုံခြုံရေးတပ်ဖွဲ့ခွဲမှ အရာရှိငါးဦး၊ အခြားအဆင့် ၇၃ ဦး၊ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၉၀ ကျော်တို့သည် နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ သွေးများလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်**



◆ *ကျောဖုံးမှ*

(Emergency Operation Center) ၌ နေ့စဉ်အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုလုပ်ငန်းများကို အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေရင်းဖြင့် မြန်မာ့အလင်းမှမေးမြန်းချက်ကို မစ္စတာဒွန်က အထက်ပါအတိုင်းမှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနနှစ်ခုသည် အမြဲတမ်းချိတ်ဆက်လုပ်နေရပြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်ရသည့်ဌာနဖြစ်သည်။

အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operation Center)ဟုခေါ်သည့် EOC ကို၂၀၁၁ ခုနှစ်က စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး အဓိကအားဖြင့် ပုံမှန်အခြေအနေတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လေ့လာဆန်းစစ်မှုများကို ဆောင်ရွက်ရန်၊ မိုးလေဝသဆိုင်ရာ ထူးခြားဖြစ်စဉ်သတင်းအချက်အလက်များ၊ ဘေးအန္တရာယ်ရှိသောဖြစ်နိုင်ခြေရှိသည့် သတင်းအချက်အလက်များကို တာဝန်ရှိသူများထံ ချက်ချင်းတင်ပြပြီး သက်ဆိုင်ရာအဖွဲ့အစည်းများကိုအမြန်ဆုံးသတင်းပေးပို့ ဖြန့်ဝေနိုင်ရန်၊ အရေးပေါ်အခြေအနေဖြစ်လာမည်ဆိုလျှင် သတင်းအချက်အလက်များကို အမြန်ဆုံးစုဆောင်း၍ ခွဲခြားစိတ်ဖြာပြီး တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောလူအင်အား၊ ပစ္စည်းအင်အားများ သတ်မှတ်ဆုံးဖြတ်ပေးရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်သွားနိုင်ရန်တို့အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ EOC တွင် လက်ရှိနိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် AHA Center ၊UNDP ၊UNICEF၊ UNOCHA ၊ MIMU ၊ MRCS ၊ USAID/USFS ၊ WFP ၊ RRD နှင့် JICA စသည့် အဖွဲ့အစည်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

EOC တွင် တာဝန်ထမ်းဆောင်သူများ၏ အခြေခံအကျဆုံး နေ့စဉ်ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ဦးဝင်းထိန်ကျော်က "EOC မှာရှိတဲ့ လူတိုင်းက အခြေခံသိရှိထားရမယ့် အချက်တွေကိုသိရှိအောင် သင်တန်းပေးရတယ်။ ဆိုင်ကလုန်းဆို လေတိုက်နှုန်း (windspeed) က ဘယ်လောက်ရှိရမယ်။ မိုင်နှုန်း၊ ကီလိုမီတာနှုန်းတွေစတဲ့ အခြေခံအချက်အလက်တွေကို သိဖို့လိုအပ်ပါတယ်။ ပြသထားတဲ့ monitor တွေဟာဆိုရင် တစ်ခုနဲ့တစ်ခုက မတူဘူး။ တချို့ဆိုရင် (water level) မြစ်ရေကြီးမှုအခြေအနေ၊ လေတိုက်နှုန်းအခြေအနေတွေ၊ ထူးခြားဖြစ်စဉ်တွေကို တိုက်ရိုက်ပြနေတယ်။ မိုးလေဝသနဲ့ပတ်သက်တဲ့ဖြစ်စဉ်တွေကို နောက်ဆုံးအခြေအနေအထိ သတင်း အချက်အလက်စုစည်းပြီး လေ့လာဆန်းစစ်တဲ့ သဘောမျိုးဖြစ်ပါတယ်"ဟု ပြောသည်။

အသက်အန္တရာယ်ကို ကယ်တင်ရန်၊ အသက်မွေးဝမ်းကျောင်းကို ကာကွယ်ရန်နှင့် အခြေခံအဆောက်အအုံတိုင်းအချိန်တိုအတွင်း ပြန်လည်တည်ဆောက်ရန် စသည်တို့သည် EOC တိုင်း၏ အဓိကဦးစားပေးရမည့် အချက်များဖြစ်ပြီး EOC တိုင်းကို အမျိုးသားရေးတာဝန်များအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။



နေ့စဉ် EOC လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်နေစဉ်။

မြန်မာနိုင်ငံ၌ လက်ရှိလုပ်ဆောင်နေသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် အမေရိကန်နှင့် သဘောထားချင်းတူညီကြောင်း၊ မြန်မာနိုင်ငံတွင် အရေးပေါ်သဘာဝဘေးအန္တရာယ်ဖြစ်လျှင် နိုင်ငံတော်သမ္မတက အရေးပေါ်ကြေညာသလို အမေရိကန်တွင်လည်းသမ္မတက အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်သမ္မတက အရေးပေါ်တာဝန်ပေးသည့် အဆင့်မြင့်အရာရှိကြီးတွေ ဦးဆောင်ပြီး ယခုကဲ့သို့ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းတွေကို ဆောင်ရွက်ကြောင်း မစ္စတာဒွန်က ပြောသည်။

EOC တွင် ချပြလုပ်ဆောင်နေသည့်လုပ်ငန်းစဉ်များသည် အရေးပေါ်သဘာဝဘေးကယ်ဆယ်ရေး ကိစ္စများတင်သာမဟုတ်ဘဲ မိုက်ခရိုဆော့ဖ်ကုမ္ပဏီနှင့် ဘိုးရင်းလေယာဉ်တည်ဆောက်သည့် လုပ်ငန်းစဉ်များတွင်လည်း အဆိုပါလုပ်ငန်းစဉ်များချပြီး လုပ်ဆောင်နေကြောင်း အမေရိကန်သစ်တောသုတေသနဌာနတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးလည်းဖြစ်သူ မစ္စတာဒွန်က ပြောသည်။

မြန်မာနိုင်ငံတွင် EOC ဖွဲ့စည်းပြီးလုပ်ငန်းများ လည်ပတ်လုပ်ဆောင်ရန် အခြေခံအကျဆုံးဖြစ်သည့် ကွန်ပျူတာများနှင့် ဆက်စပ်စက်ပစ္စည်းများကို ဂျပန်နိုင်ငံ ဂျိုက်ကာ(JICA)မှ ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

EOC ဌာနတွင် လက်ရှိဂျပန်နိုင်ငံ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းပြီး ဂျပန်နိုင်ငံ သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်ဝန်းကျင်ရေးရာကဏ္ဍမှ အမျိုးသမီးပညာရှင်တစ်ဦးဖြစ်သည့် မစ္စ ဆာကူရာ နိုရီကိုက "ကျွန်မအနေနဲ့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ သဘာဝဘေးနဲ့ ပတ်သက်လို့ ကူညီဆောင်ရွက်ပေးဖို့အတွက် RRD နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ မိုးလေဝသ ကြိုတင်သတိပေးရေးလုပ်ငန်းစဉ်တွေ အားလုံးအောင်မြင်အောင် အကောင်အထည်ဖော်ဖို့အတွက် ဆက်သွယ်ရေးစက်ပစ္စည်းတွေအပါအဝင် လိုအပ်တဲ့ပစ္စည်းအားလုံးကို ထောက်ပံ့နိုင်ဖို့ ကွင်းဆင်းလေ့လာတာတွေနဲ့ လိုအပ်တဲ့ပစ္စည်းတွေကို တင်သွင်းဖို့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်"ဟု ဆိုသည်။

သဘာဝဘေးအန္တရာယ်အဖြစ်အများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အောင်မြင်မှုများစွာ ရရှိထားသည့်အတွက် ၎င်းတို့၏အတွေ့အကြုံများက မြန်မာနိုင်ငံအတွက် အထောက်အပံ့များစွာ ရရှိမည်ဖြစ်သည်။

"ဂျပန်နိုင်ငံက သဘာဝဘေးနဲ့ပတ်သက်လို့ တော်တော်အဖြစ်များတဲ့ နိုင်ငံဖြစ်ပါတယ်။ အထူးသဖြင့် ဆိုင်ကလုန်းတို့၊ ငလျင်တို့နဲ့ ထိတွေ့ခံစားနေရတာဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် ဆိုင်ကလုန်းတွေလည်းဖြစ်တယ်။ တိုင်ဖုန်းတွေလည်း ဖြစ်တယ်။ ငလျင်တွေလည်းဖြစ်တယ်။ မီးတောင်ပေါက်ကွဲတာတွေလည်းဖြစ်တယ်။ မြေပြိုတာတွေလည်းဖြစ်တယ်။ ရေကြီးတာတွေလည်း ဖြစ်တယ်။ အဲဒါတွေအားလုံးသူတို့ဆီမှာ အတွေ့အကြုံယူပြီးသားဖြစ်တဲ့အတွက် အောင်မြင်ထားတဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ထားမှုနဲ့ပတ်သက်လို့ မျှဝေပေးချင်တဲ့ဆန္ဒကြောင့်ရယ်၊ ဂျပန်နိုင်ငံသားတွေက မြန်မာနိုင်ငံကိုကူညီကာကွယ်ပေးချင်တဲ့ စိတ်စေတနာကြောင့်ရယ် အခုလိုလာရောက်တာဖြစ်ပါတယ်။အဲဒီအတွေ့အကြုံတွေက မြန်မာနိုင်ငံနဲ့ ယှဉ်လိုက်မယ်ဆိုရင် အများကြီးအထောက်အပံ့ဖြစ်စေမှာပါတယ်"ဟု မြန်မာဝတ်စုံကို နှစ်သက်မြတ်နိုးသူ ဂျပန်မလေးနိုရီကိုက ဆိုသည်။

အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းမှုဌာန(AHA Center) ၏ အမှုဆောင် ဒါရိုက်တာဖြစ်သည့် မစ္စတာ ဆက်ဖေဆောက "ကျွန်တော်တို့ AHA Center က အာဆီယံနိုင်ငံများအတွက် တည်ထောင်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အခြေစိုက်ထားကြောင်း၊ အာဆီယံနိုင်ငံများ သဘာဝဘေးစီမံခန့်ခွဲမှု အမြန်ဆုံးတုံ့ပြန်နိုင်ရန်အတွက် AADMER သဘောတူညီချက်အရ တည်ထောင်ထားခြင်းဖြစ်ကြောင်း၊ လတ်တလောတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မြန်မာအစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးနှင့်ပတ်သက်၍ AHA Center က မြန်မာနိုင်ငံရှိ EOC ကို အထောက်အကူဖြစ်စေရန်အတွက် ပညာရှင်သုံးဦးကို စေလွှတ်ထားကြောင်း ပြောသည်။

# မကူးစက်နိုင်သောရောဂါများနှင့်ပတ်သက်၍ ကျန်းမာအောင်နေထိုင်နိုင်ရေးနှိုးဆော်ချက်

မကူးစက်နိုင်သော ရောဂါများသည်လူတစ်ဦးမှ တစ်ဦးသို့ ရောဂါကူးစက်ခြင်းကြောင့်မဟုတ်ဘဲ ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များ စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း စသည့်ကျန်းမာရေးနှင့် မညီညွတ်သောနေထိုင်မှုပုံစံများတွင် နေထိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောဂါအစုအဝေးဖြစ်သည်။

မကူးစက်နိုင်သောရောဂါများတွင်-နှလုံးနှင့်သွေးကြောရောဂါများ (နှလုံးသွေးကြောကျဉ်းရောဂါများ၊ လေဖြတ်ခြင်း၊ သွေးတိုးခြင်း)၊ ဆီးချိုသွေးချိုရောဂါ၊ ကင်ဆာ ရောဂါအမျိုးမျိုး၊ နာတာရှည်အဆုတ်ရောဂါအမျိုးမျိုးတို့ အဓိကပါဝင်သည်။

မကူးစက်နိုင်သော ရောဂါများမဖြစ်စေရန်ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများဖြစ်သည့် တိရစ္ဆာန်မှရသောအဆီများ(ဥပမာ-ဝက်ဆီ၊ အမဲဆီ)စသည်တို့ကို လျှော့စားရန်နှင့် ဆင်ခြင်စားသုံးရန်၊ အမျှင်ဓာတ်ကြွယ်ဝသည့် အစားအစာများဖြစ်သော အသီးအရွက်အမျိုးမျိုး၊ ပဲအမျိုးမျိုး၊ အစေ့အဆန်အမျိုးမျိုး ၊ အသီးအနှံအမျိုးမျိုးတို့ကိုစုံလင်မျှတစွာ စားသုံးရန်၊ ဆေးလိပ်သောက်ခြင်းကို လုံးဝရှောင်ကြဉ်ရန်နှင့် အရက်အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်ပါသည်။

မိမိ၏အသက်အရွယ်နှင့် အရပ်အမောင်းအလိုက်အဝမလွန်စေရန်နှင့်ရှိသင့်သည့် ကိုယ်အလေးချိန်ကို ထိန်းထားရန်၊ အဝလွန်နေပါက လက်ရှိကိုယ်အလေးချိန်၏ ငါးရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းအထိ လျှော့ချရန်လိုအပ်ပါသည်။ လူတိုင်းနေ့စဉ် (နာရီဝက်) မိနစ် ၃၀ခန့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အာဟာရပြည့်ဝအောင် စားသုံးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင် အာရှဒေသနိုင်ငံများတွင် ကူးစက်ရောဂါများ၊ မိခင်နှင့်ကလေးဆိုင်ရာ ကျန်းမာရေးပြဿနာများနှင့် အာဟာရပြဿနာများ စသည်တို့ကြောင့် သေဆုံးမှုထက် မကူးစက်နိုင်သော ရောဂါများကြောင့် သေဆုံးမှုမှာ နောင်နှစ်များစွာတွင် ယခုထက် ပိုမိုမြင့်မားလာနိုင်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ပြည်သူများအနေဖြင့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံဖြင့်နေထိုင်ရန် ကျန်းမာရေးစစ်ဆေးမှုများကို ပုံမှန်ပြုလုပ်သွားရန်နှင့် ရောဂါတွေ့ရှိပါက ကျန်းမာရေးဝန်ထမ်းများနှင့် ပြသ၍ စောစီးစွာ စနစ်တကျကုသမှုခံယူသွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၁၈ ရက်ထုတ် မြန်မာ့အလင်း လူမှုစီးပွား အားကစား စာမျက်နှာ ၃ ပါ လက်တွဲဝန်းရံအားမာန်ဝင့်ထည် ရခိုင်ပြည်နယ် ဆောင်းပါး ကော်လံ ၄ တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငွေကျပ်သန်းပေါင်း ၇၃၅၇ ဒသမ ၆၅၈ အစား ငွေကျပ်သန်းပေါင်း ၂၈၀၅၀ ဒသမ ၅၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာရေးသူ)**

# မင်းဘူးခရိုင် ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ အောင်မြင်စွာထုတ်ချေးပြီးဖြစ်

**မင်းဘူး စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခရိုင်ဘဏ်ခွဲ)မှ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ ကျေးလက်နေတောင်သူများ ၂၀၁၅ မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံထုတ်လုပ်မှု မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ ဘဏ်ချေးငွေများကို မူစနစ်၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်နှုန်းထားအရ အောင်မြင်စွာ ထုတ်ချေးပြီးဖြစ်သည်။

မင်းဘူးခရိုင်အတွင်း ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို မေ ၂၇ ရက်က စတင်ထုတ်ချေးပေးခဲ့ရာ စက်တင်ဘာ ၁၁ ရက်တွင် အောင်မြင်စွာ အပြီးထုတ်ချေးပေးနိုင်ခဲ့သည်။ ထုတ်ချေးကာလ သုံးလနှင့် ၁၆ ရက်အတွင်း ကျေးရွာအုပ် စု ၂၄၉ အုပ်စု အစုအဖွဲ့ ၁၂၈၄၇ ဖွဲ့ ၊ ဘဏ်အဖွဲ့ဝင် တောင်သူ ၃၇၉၃၁ ဦးတို့အတွက် စပါး ၁၁၉၈၇၆ ဧက၊ နှမ်း ၄၅၀၀၄ ဧက၊ ပဲတီစိမ်း ၁၁၄၅၆ ဧက၊ ပဲစင်းငုံ ၂၇၇ ဧကနှင့် ချည်မျှင်ရှည်ဝါ ၉၂၄၃ ဧက စုစုပေါင်း ၁၈၇၇၅၆ ဧကအတွက် ထုတ်ချေးငွေကျပ်သန်းပေါင်း ၁၃၃၄၅ ဒသမ ၂၀ သန်းကို ဘဏ်ချေးငွေမူစနစ်၊ ချေးငွေစည်းကမ်းသတ်မှတ်ချက်နှင့် သတ်မှတ်ချေးငွေနှုန်းထားနှင့်အညီ ချေးငွေထုတ်ချေးရန် သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ထုတ်ချေးဆောင်ရွက်နိုင်ခဲ့သည်။

မင်းဘူးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးဝင်းဇော်က "အခုနှစ် ထုတ်ချေးကာလတွေမှာ ရေကြီး/ရေလျှံမှုတွေဖြစ်တော့ မြို့နယ်များရှိ ကျေးလက်နေတောင်သူများ စိုက်ပျိုးစရိတ် အခက်အခဲတွေ ရှိခဲ့ပါတယ်။ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေတွေကို သတ်မှတ်ကာလအတွင်း အပြီးချေးပေးနိုင်ခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ အဓိကရည်မှန်းချက်တာဝန်ကြီး သုံးရပ်နဲ့အညီ လွယ်ကူရှင်းလင်းသောစနစ်၊ သက်သာသော အတိုးနှုန်းထား၊ ထုတ်ချေးသူဘဏ်အဖွဲ့ဝင်ရဲ့ဆန္ဒအရ စုဆောင်းငွေထည့်ဝင်လိုမှု ပမာဏကိုသာ စုဆောင်းစေခြင်းအပေါ် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ ဘဏ်ခွဲအသီးသီးရှိ ဝန်ထမ်းတွေကလည်း ထုတ်ချေးငွေတွေ သတ်မှတ်ကာလအတွင်း ပြေကျေစွာဆောင်ရွက်နိုင်ဖို့အတွက် တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ခံမှု၊ တာဝန်ကျေမှု အစဉ်အလာကောင်းနဲ့အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

# စက်တင်ဘာ ၁၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ စနေနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၀၀၀ မှ ၅၀၅၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၈၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၉၀၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၆၅ မှ ၂၄၂၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၁၀၅၀ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၅ မှ ၂၆၀၀ |
| ၁၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀ မှ ၃၃၅၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၂၀ မှ ၇၈၀ |
| ၁၃ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀ မှ ၃၀၀ |
| ၁၄ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၈၀၀ |
| ၁၅ | သရက်သီး(ရင်ကွဲ) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၅၀၀၀ |
| ၁၆ | သြဇာသီး | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# မူဆယ် ၁၀၅ မိုင်၌ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**မူဆယ် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ပြည်ထောင်စုလမ်းမ စစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ ၁၅ ရက်က သတင်းအရ လားရှိုးဘက်မှ လာသော တရုတ်ကား LIFAN အမျိုးအစား MDY4EC/---- အား ရပ်တန့်စေပြီး ရှာဖွေရာ ယာဉ်ကိုယ်ထည်ကြမ်းခင်းအောက်တွင် အခိုင်အမာ သို ဝှက်ထားသော မြန်မာ့ကျောက်စိမ်းရိုင်းတုံး(အခဲ၊ ခဲခြမ်း၊ ဖြတ်စအရွယ်စုံ) စုစုပေါင်း ၂၁၄၈ ကီလိုဂရမ်အား ဌာနပေါင်းစုံ ရွှေ့လျားလှုပ်ရှားအဖွဲ့က သိမ်းဆည်းရရှိသည်။

အဆိုပါသိမ်းဆည်းရရှိသော အကောက်ခွန်မဲ့ကျောက်စိမ်းတုံးများကို စက်တင်ဘာ ၁၇ ရက် ညနေပိုင်းက မြန်မာ့ကျောက်မျက်ကုန်စည်ဒိုင်(မူဆယ်)သို့ လည်းကောင်း လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရှိရသည်။

**အယ်လ်စိုး (Iprd)**



# တောင်ငူ၌ အမျိုးသမီးတစ်ဦး မိုးကြိုးပစ်ခံရပြီး သေဆုံး

**တောင်ငူ စက်တင်ဘာ ၁၈**

တောင်ငူမြို့ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ဇီးကုန်းရွာသစ်ကျေးရွာတွင် စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက အမျိုးသမီးတစ်ဦး မိုးကြိုးအပစ်ခံရပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

မိုးများထစ်ချုန်းရွာနေချိန် မနန္ဒာစိုး(၁၆ နှစ်) နဝမတန်းသည် နေအိမ်ပေါ်ရှိ ဘုရားစင်အနီးတွင် အိပ်ပျော်နေပြီး မိဘများမှာ အိမ်အောက်၌ မြေပဲခွဲခွာနေချိန် ဖြစ်သည်။ မိုးကြိုးပစ်လိုက်ပြီးနောက် နေအိမ်ခေါင်းရင်းဘက် တီဗွီအင်တင်နာတိုင်မှတစ်ဆင့် လျှပ်စစ်စီးဝင်ပြီး မနန္ဒာစိုးကို စက်ကွင်းမိခဲ့ခြင်းကြောင့် နှုတ်ခမ်းပြာ၊ ဆံပင်များမီးလောင်ကာ သေဆုံးသွားခဲ့၍ တောင်ငူအမှတ်(၂) နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တရားမဝင် သစ်တမလန်းစားရွှေတုံးများနှင့် မော်တော်ယာဉ်ကို ဖမ်းဆီးရမိ

**စစ်ကိုင်း စက်တင်ဘာ ၁၈**

စစ်ကိုင်းခရိုင်/မြို့နယ်သစ်တောဦးစီးဌာနနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့တို့သည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့နယ် စာရေးကျေးရွာအရှေ့ဘက် နှစ်ဖာလုံခန့်အကွာ ကန္တာရတောအနီး၌ တရားမဝင် သစ်တမလန်းစားရွှေတုံးများနှင့် မော်တော်ယာဉ်တစ်စီးကို ဖမ်းဆီးရမိကြောင်းနှင့် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။



ဖြစ်စဉ်မှာ စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီက မုံရွာ-ရွှေဘို- မန္တလေးသွားကားလမ်း စစ်ကိုင်းမြို့နယ် ရွှေတောင်လမ်း အသုံးပြုခကောက်ခံရေးစခန်း ရှောင်ကွင်းလမ်းမှ ခဲဖြူရောင်ကားတစ်စီး မောင်းနှင်သွားကြောင်း နယ်မြေသတင်းအရ လိုက်လံရှာဖွေဖမ်းဆီးရာ စာရေးကျေးရွာအရှေ့ဘက် နှစ်ဖာလုံခန့်အကွာ၌ မော်တော်ယာဉ်နှင့်အတူ သစ်တမလန်းစားရွှေ ၂၈ တုံးကို တွေ့ရှိရ၍ ဖမ်းဆီးရမိပစ္စည်းများကို ပိုးတန်းမြို့နယ်သစ်တောရုံး၌ သိမ်းဆည်းထားရှိပြီး ယာဉ်အား မြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်ပြီး ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်သစ်တောဦးစီးဌာနက ဖမ်းဆီးရမိပစ္စည်းနှင့် ယာဉ်ပိုင်ရှင်ကို သိရှိရန် ခဲဖြူရောင်ကားနှင့်ပတ်သက်၍ ယာဉ်အမှတ်၊ ဘောင်အမှတ်နှင့် အင်ဂျင်အမှတ်တို့ကို စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် ဆက်သွယ်စိစစ်၍ ယာဉ်ပိုင်ရှင်မှတစ်ဆင့် ယာဉ်မောင်းနှင့်သစ်ပိုင်ရှင်ကို ဖော်ထုတ်အရေးယူသွားနိုင်ရန်အတွက် စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# ရွှေလက်ကောက်အတုလေးကွင်း လိမ်လည်ပေါင်နှံ

**ကသာ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့ အရှေ့ဈေး-E ရုံ အခန်း(၂၄/၂၆)ရှိ ရွှေဆိုင်တွင် ရွှေဆိုင်ပိုင်ရှင် ဦးစန်းဦးမှာ စက်တင်ဘာ ၁၈ ရက်နံနက် ၈ နာရီက ဈေးရောင်းနေစဉ် မသင်းသင်းစိုးဆိုသူက ရွှေထည်ပစ္စည်းပေါင်လိုကြောင်းပြောကာ ရွှေရောင်လက်ကောက်နှစ်ကွင်းအားပြသခဲ့ပြီး လက်ကောက်နှစ်ကွင်းမှာ တစ်ကျပ်သားကျော်ခန့်ရှိ၍ သုံးသိန်းကျပ်နှင့် အပေါင်ခံရန် ထုတ်ပေးခဲ့သည်။ ပေါင်နှံခဲ့သူ မသင်းသင်းစိုးက နောက်ထပ်ရွှေရောင်လက်ကောက် ပုံစံတူနှစ်ကွင်းကို ထပ်မံပေါင်နှံချင်ကြောင်း ပြောသဖြင့် မသင်္ကာဖြစ်ပြီး စစ်ဆေးကြည့်ရာ ရွှေအတုလက်ကောက်များဖြစ်နေကြောင်း သိရသည်။ အဆိုပါ ရွှေလက်ကောက် လေးကွင်းကို "သိန်းသန်းမင်း ရွှေပန်းတိမ်ဆိုင်"တွင် စစ်ဆေးရာ ငါးမူးသားကျော်ခန့်ရှိ ရွှေလက်ကောက်အတု လေးကွင်းဖြစ်နေကြောင်း သိရသည်။

ထို့ကြောင့် ရွှေဆိုင်ပိုင်ရှင် ဦးစန်းဦးက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ရွှေလက်ကောက်အတုများ လိမ်လည်ပေါင်နှံသူ မသင်းသင်းစိုး (၂၉ နှစ်)ကို ကောလင်းမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ကင်းနှင့် ဝန်းသိုဘူတာအကြား အမှတ် ၅၆ အစုန်ရထားတွဲချော်မှုဖြစ်

**ကသာ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်၌ စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီ ၅၅ မိနစ်က စက်ခေါင်းမောင်း ဦးလှမျိုးတင့်၊ ဂတ်ဗိုလ် ဦးဆွေဝင်းတို့ မောင်းနှင်လာသည့် အမှတ် ၅၆ အစုန် မြစ်ကြီးနား-မန္တလေး အထူးအမြန်ရထားသည် ကင်းနှင့် ဝန်းသိုဘူတာအကြား မီးရထားမိုင်တိုင်အမှတ် (၅၄၃/၁၉)နှင့် (၅၄၃/ ၂၀ ) အကြားတွင် စက်ခေါင်းအမှတ် DF-2063 တွဲမှ ဘီးအမှတ် (၁) နှင့် (၂) တို့သည် တစ်ပေခန့် သံလမ်းအတွင်းသို့ကျခဲ့ပြီး ဘီးအမှတ် ၁၁ နှင့် ၁၂ တို့သည် သံလမ်းအပြင်ကျခဲ့ကာ BDTEZ 12504 တွဲမှ ဘီးအမှတ် (၃)နှင့်(၄)တို့သည် တစ်ပေခန့် သံလမ်းအတွင်းကျခဲ့ပြီး ဘီးအမှတ် (၅)နှင့်(၆)တို့သည် သံလမ်းအပြင်ကျမှုဖြစ်ပွားခဲ့ရာ ခရီးသည်များနှင့် ဝန်ထမ်းများ တစ်စုံတစ်ရာထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးရထားတွဲချော်သည့်နေရာသို့ ကောလင်းတွဲပြင်ဌာနမှ တွဲပြင်အင်ဂျင်နီယာ ဦးမိုးဝင်းပါ ၂၀ နှင့် လမ်းဗိုလ်ကြီး ဦးလှမျိုးညွှန့်ပါ ခုနစ်ဦးတို့အဖွဲ့က သွားရောက်ပြင်ဆင်လျက်ရှိပြီး လုံခြုံရေးကို ဝန်းသိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်လင်းထွန်းနှင့်အဖွဲ့က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက်က လားရှိုးမြို့ ဟိုပိတ်ကျေးရွာ ကျောက်တောင်အနီး မူဆယ်-မန္တလေး ပြည်ထောင်စုလမ်းမကြီးတွင် ဦးအောင်ကျော် မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် ဇော်လင်းအောင်ထံမှ (ဘိန်းဖြူအလေးချိန် ၀ ဒသမ ၂၃ ကီလို) ကိုလည်းကောင်း၊ အလားတူ စက်တင်ဘာ ၁၆ ရက်က ဇလဲကျေးရွာဘက်မှ တောင်ကြီးမြို့ဘက်သို့ မဉမ္မာ စီးလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၁၄ ရက်က လောက်ကိုင်မြို့ ရပ်ကွက်(၃) ရွှေဆင်လမ်းမကြီး အမှတ် (၃/၈၅၉) နေ မလီရှောက်တီး (ခ) လီကျန်တီ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ အာပေါက်ကို တွေ့ရပြီး ၎င်းထံမှ ဘိန်းဖြူ ၀ ဒသမ ၀၀၀၅ ကီလို၊ မလီရှောက်တီး (ခ) လီကျန်တီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀၊ မက်စ်အက်ဖက်တမင်း ဟိုက်ဒရိုကလိုရိုက် ၀ ဒသမ ၀၀၄ ကီလို၊ ဘိန်းဖြူ ၀ ဒသမ ၀၃၉ ကီလို၊ တရုတ်ငွေ ယွမ် ၇၆၈၀ နှင့် မြန်မာငွေကျပ် ၂ ဒသမ ၁၅ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရထားလမ်း ဖြတ်ကူးသူ ရထားတိုက်မိ သေဆုံး

**နောင်ချို စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးဘက်မှ လားရှိုးဘက်သို့ စက်ခေါင်းအမှတ် DF-2047 အမှတ်(၁၃၁) အဆန် စာပို့ရထားကို စက်ခေါင်းမောင်း ဦးကြည်လွင် နောင်ချိုဘူတာမှ ထွက်ခွာမောင်းနှင်လာခဲ့ရာ မိုင်တိုင်အမှတ် ၄၅၆/၁၃ နှင့် ၁၄ ကြား အရောက်တွင် ဦးချစ်သောင်း (၅၀ နှစ်)က ဖြတ်ကူးစဉ် တိုက်မိသဖြင့် သေဆုံးသွားသည်။

အခင်းဖြစ်စဉ်ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ဝ၆၁)**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကာ စိတ်ချမ်းသာ**

# ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မီးလောင်မှုဖြစ်

**ဘိုကလေး စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်းနေ ဦးမြင့်သူ၊ ဒေါ်ရီရီသိန်း (ကုန်စုံဆိုင်)၏ နောက်ဖေး ထမင်းချက်ဆောင်မှ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ရာ ကဒုံကနိကျေးရွာ နယ်မြေစခန်းမှူး ဒုရဲမှူး အေးမင်းဦးစီးသော တပ်ဖွဲ့ဝင် ၁၇ ဦး၊ ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် ကျေးရွာသူကျေးရွာသား ၂၀၀ ခန့်က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန်သေဆုံးမှုမရှိကြောင်း သိရသည်။

မီးစတင်လောင်ကျွမ်းခံရသော နေအိမ်မှတစ်ဆင့် ဦးကိုကိုနှင့် ဦးတင်လှိုင်တို့၏နေအိမ်များပါ ဆက်လက်မီးလောင်ခဲ့ပြီး ဦးလှထွန်းကြည် (မိဘမေတ္တာလက်ဖက်ရည်ဆိုင်)နှင့် ဦးဌေးဝင်းနေအိမ်တို့မှာ မီးမကူးစက်ဘဲ အနည်းငယ်ပျက်စီးသွားကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ မီးစတင်လောင်ကျွမ်းသည့် နေအိမ်ပိုင်ရှင် ဦးမြင့်သူကို ကဒုံကနိရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း(ဘိုကလေး)**



# မြန်မာအမျိုးသမီးအသင်း ဗီယက်နမ်ကို ထပ်မံရှုံးနိမ့်



မြန်မာနှင့်ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**မန္တလေး စက်တင်ဘာ ၁၈**

၂၀၁၆ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးအာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲတတိယနေ့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပသည်။

**ဗီယက်နမ် - လေးဂိုး**
**မြန်မာ - နှစ်ဂိုး**

ထိုင်းနှင့် ဗီယက်နမ်တို့ကို ဆက်တိုက် အရှုံးပေးခဲ့ရသည့် အိမ်ရှင်မြန်မာအသင်းသည် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ဒုတိယအဆင့်ခြေစစ်ပွဲမှ ထွက်ရရန် သေချာသွားပြီဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲသို့ အမှတ်အများဆုံးတစ်သင်းသာ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး သုံးမှတ်ရရှိထားသည့် မြန်မာအသင်းမှာ ပြိုင်ဘက်များကို အမှတ်လိုက်မီရန် မလွယ်တော့သောကြောင့် တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ရန်မျှော်လင့်ချက် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ယခုပွဲတွင် ခြေစွမ်းပိုင်းအကောင်းဆုံးအနေအထားတွင်မရှိခဲ့ဘဲ ဂိုးများ ဆက်တိုက်ပေးခဲ့ရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် စန်းစန်းမော် ပြန်လည်ပါဝင်လာပြီး ရီရီဦး၊ ခင်မိုးဝေ၊ မေသူကျော်၊ နော်အားလိုဝါးဖော၊ ဝေဝေအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတွင် မြန်မာအသင်းကစားကွက်တည်မရဖြစ်နေပြီး ဗီယက်နမ်အသင်း၏ တောက်လျှောက် ဖိအားပေးခြင်းခံခဲ့ရသည်။ ဗီယက်နမ်အသင်းမှာလည်း အဖွင့်ပွဲတွင် ရှုံးနိမ့်ထားရာ ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့ပြီး ၁၅ မိနစ်တွင် NHU က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင်လည်း ဗီယက်နမ်က ပွဲကိုစိုးမိုးထားပြီး ၂၁ မိနစ်တွင် ငုယင်သီမင်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ မိနစ် ၃၀ နောက်ပိုင်းမှ မြန်မာအသင်းကစားကွက်ပြန်မိလာပြီး ရီရီဦးအပိုင်ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်း ပယ်နယ်တီပေးခဲ့ရပြီး ငုယင်သီမင်ကပင် သွင်းယူခဲ့သောကြောင့် ဗီယက်နမ်တို့ တတိယဂိုးရခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်း တိုက်စစ်အား မြှင့်လာသော်လည်း ၇၃ မိနစ်တွင် NHU က ဗီယက်နမ်အတွက် စတုတ္ထဂိုး သွင်းယူခဲ့သည်။ မိနစ် ၈၀ ကျော်မှ မြန်မာအသင်းဂိုးစရခဲ့ပြီး ၈၅ မိနစ်တွင် ဝေဝေအောင်၊ ၈၇ မိနစ်တွင် ခင်မိုးဝေတို့က နှစ်ဂိုး ဆက်သွင်းယူပေးခဲ့သော်လည်း သရေရစေမည့်ချေပဂိုးများ ရရှိအောင် မစွမ်းဆောင်နိုင်တော့ပေ။

ယခုပွဲအပြီးတွင် တရုတ်(တိုင်ပေ)နှင့်ထိုင်းအသင်းတို့က နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်စီ၊ ဗီယက်နမ်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင် တစ်ပွဲရှုံး သုံးမှတ်၊ မြန်မာအသင်းက သုံးပွဲကစားတစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်၊ ဂျော်ဒန်အသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းမှာ တစ်ပွဲကစားရန် ကျန်သေးသော်လည်း နောက်တစ်ဆင့် တက်ရေးမျှော်လင့်ချက် အဆုံးသတ်သွားပြီဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်နှင့်တရုတ် (တိုင်ပေ)တို့သာ အားပြိုင်ရဖွယ်ရှိနေကာ ထိပ်ဆုံးတစ်သင်းသာ တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ညနေ ၃ နာရီခွဲ၌ ယှဉ်ပြိုင်ကစားသည့်ပထမပွဲတွင် ထိုင်းအသင်းက ဂျော်ဒန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။ ထိုင်းအတွက် အနိုင်ဂိုးကို ၃၁မိနစ် တွင် မိုင်ဂျာရန်က သွင်းယူခဲ့သည်။

စတုတ္ထနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲ၌ ဗီယက်နမ် နှင့်ဂျော်ဒန်၊ ညနေ ၆ နာရီခွဲ၌ တရုတ်(တိုင်ပေ)နှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ကမ္ဘောဇအသင်း လေးပွဲဆက်နိုင်ပြီး ရန်ကုန်ကို ရတနာပုံ ရှုံးကြွေးပြန်ဆပ်

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

ဒုတိယအကျော့တွင် ပုံစံကောင်းရရှိနေသည့် ကမ္ဘောဇအသင်းမှာ ယခုပွဲတွင်လည်း မကွေးကိုထပ်မံအနိုင်ယူကာ လေးပွဲဆက်အနိုင်ရရှိခဲ့သည်။ ကမ္ဘောဇအသင်းမှာ နိုင်ပွဲရရှိခဲ့သလို မကွေးနှင့် ဧရာဝတီတို့လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် တတိယနေရာအထိ တက်လှမ်းလာနိုင်သည်။ မကွေးအသင်းမှာ ကစားပုံကောင်းမွန်ခဲ့သော်လည်း အဝေးကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သောကြောင့် အပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းကတည်းက ဂိုးအပြိုင်အဆိုင်သွင်းခဲ့ကြသည်။ ခြောက်မိနစ်တွင် ဂျော်ဂျီက ကမ္ဘောဇအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၂၂ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် နန္ဒကျော်က ချေပဂိုးပြန်သွင်းခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ပွဲမှာ အကြိတ်အနယ်ပိုရှိလာပြီး ပုံစံကောင်းရနေသည့် တိုက်စစ်မှူး ဖိုလန်က ၂၉ မိနစ်တွင် ဒုတိယဂိုးသွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းချေပဂိုးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ကမ္ဘောဇအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။ ပွဲအပြီးတွင် ကမ္ဘောဇပရိသတ်များက ချီးမြှင့်သည့်အကောင်းဆုံးဆုကို မျိုးမင်းလတ်(ကမ္ဘောဇ)က ရရှိခဲ့ပြီး ကမ္ဘောဇအသင်းအတွင်းရေးမှူး ဦးမောင်မောင်လောက်က ချီးမြှင့်သည်။

YUSC ကွင်း၌ ရတနာပုံအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းက ဧရာဝတီအသင်းလေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အောင်ဆန်းကွင်း၌ ရခိုင်အသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

စက်တင်ဘာ ၁၉ ရက်တွင် သုဝဏ္ဏကွင်း၌ မနောမြေအသင်းနှင့်ဇေယျာရွှေမြေအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့်ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မြန်မာယူ-၁၆ အသင်း ဩစတြေးလျကို ရှုံးနိမ့်

**ဟန္တိုင်း စက်တင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ကျင်းပလျက်ရှိသည့် အာရှယူ -၁၆ ခြေစစ်ပွဲ အုပ်စု(J) ဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မြန်မာယူ-၁၆ အသင်းသည် ဩစတြေးလျယူ-၁၆ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားသည်။ မြန်မာယူ-၁၆ အသင်းသည် ဗီယက်နမ်အသင်းနှင့် ပထမပွဲထက်ကစားပုံ ပိုကောင်းခဲ့သော်လည်း အာရှထိပ်သီး ဩစတြေးလျအသင်းကို အနိုင်ကစားနိုင်ခြင်း မရှိခဲ့ပေ။ ပွဲအစနှစ်မိနစ်တွင်ဩစတြေးလျအသင်း ဂိုးစရခဲ့သော်လည်း ၂၆ မိနစ်တွင် မြန်မာအသင်းချေပဂိုးပြန်ရခဲ့သည်။ သို့သော် ၂၈၊ ၃၃ မိနစ်တွင် ဩစတြေးလျအသင်းက နှစ်ဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးဂိုးထပ်မသွင်းနိုင်၍ ပထမပိုင်း ရလဒ်အတိုင်းပြီးဆုံးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်ရှုံးခဲ့သောကြောင့် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ခြေစစ်ပွဲမအောင်ရန် သေချာသွားပြီဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၂၀ ရက်တွင် ဂူအမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

**မောင်းမကန် အိမ် ၊ခြံ ၊မြေ မှ**
ဒဂုံဆိပ်ကမ်းမြို့နယ်ရှိမြေကွက်များဝယ်ယူလိုပါသည်။
Ph : 43025530, 5092815

**ဖခင်အမည်မှန်**
ကျောက်တန်းမြို့၊ အထက(၂) (သော်ကကျောင်း)တက္ကသိုလ်ဝင်တန်း(ဂ)မှ ကျောင်းဝင်အမှတ်(၄၂၂/၁၄) မမြသီတာ၏ ဖခင်အမည်မှန်မှာ ဦးဖိုးဇော်၁၂/လသယ(နိုင်)၀၂၅၄၈၃ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ကျောက်တန်းမြို့နယ်၊ မြိုင်သာယာ အထကကျောင်း(ခွဲ) နဝမတန်း(က)မှ ကျောင်းဝင်အမှတ် (မ-၃၀၁)မအိရွှေဇင်၏ ဖခင်အမည်မှန်မှာ ဦးစိုးထွန်း ၁၂/သလန(နိုင်)၀၃၉၀၃၉ ဖြစ်ပါကြောင်း။

**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ၊
ဆရာဦးမြင့်ဇေအောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-10:00-12:00am 14 Sep
Mon to Thurs-1:00-3:00pm 14 Sep
Sat & Sun - 9:00-12:00 am 19 Sep
Sat & Sun - 12:30-3:30 pm 19 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-1:00-3:00pm 21 Sep
MontoThurs 3:00-5:00-7:00pm 21 Sep
**Pre-Intermediate English**
Mon to Thurs-5:00-7:00 pm 7 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-10:00-12:00 am 21 Sep
**Basic Writing Course**
Mon to Thurs - 3:00-4:30 pm 28 Sep
**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 21 Sep
**Grammar Foundation Course**
Sat & Sun - 9:00-12:00am 5 Sep
Mon to Thurs - 1:00-2:30 pm 14 Sep
Mon to Thurs - 3:30-5:00 pm 14 Sep
**Structure & Written Expression**
Sat & Sun - 3:30-6:30pm 12 Sep
Mon to Thurs - 1:00-3:00 pm 14 Sep
Sat & Sun - 9:00-12:00am 26 Sep
Sat & Sun - 12:30-3:30 pm 10 Oct
**Academic Preparation for IELTS**
Mon to Thurs - 10:30 - 12:30am 21 Sep
**SAT** Mon to Thurs -3:30-5:00pm 21 Sep
**IELTS**(Foundation) Mon&Thurs 5:30to7:00pm 21 Sep
**IELTS**(Test Practice) Sat&Sun 10:30to12:30am 19 Sep
**IELTS**(Speaking) Sat&Sun 1:00to3:30pm 19 Sep
**Academic Writing Course**
San & Sun - 5:00 - 7:00 pm 19 Sep
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

**GOLDEN STAR** Travels & Tours
◆ ပုပ္ပါး(ရွှယ်တော်လေးဆူ)–ပုဂ္ဂံ(အာဘတွက်ပွဲ)–ပုဂ္ဂံ Sep-28,29
( Popa Mountain Resort , Myanmar Treasure Hotel )
◆ တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)–ပင်းတယ Oct-23,25
◆ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်(နေ့စဉ်)
Ph;01-544383, 209200, 430480, 703448, 705968

## CLAIMS DAY NOTICE
## M.V CSAV RIO MAIPO VOY:NO(1501)

Consignees of cargo carried by M.V CSAV RIO MAIPO VOY: NO. (1501) are here by notified that the vessel will arrive on about 20-9-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**The VOICE** weekly
Vol.11, No.35
ထွက်ပြီ
□ မိုဘိုင်းလ်ဖုန်းတွေ စနစ်တကျ မှတ်တမ်းမရှိဘဲ လွယ်လွယ်ဝယ်ရနေတဲ့အတွက် တစ်ဦးချင်းဘဝလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေး ဘယ်လိုဆက်စပ်မှုတွေ ရှိနိုင်သလဲ...
□ မဲစွယ်နည်း မားကတ်တင်းဆိုတာ ဘယ်လိုပါလိမ့်...
□ "အားလုံးကိုသနားတယ်" လို့ပြောလိုက်တဲ့ ဦးလှဝင်း(လေသူရဲတစ်ဦး)...
□ NLD ဘာတွေပြောသလဲ...
□ "ပညာရေးမှာ အရည်အချင်းအပြောင်းအလဲမဟုတ်ဘဲ အရေအတွက်အပြောင်းအလဲဆိုရင် အားမရဘူး" လို့ပြောတဲ့ ရန်ကုန်ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာခင်ဇော်နဲ့တွေ့ဆုံခြင်း...
□ တို့ဆေးအန္တရာယ်ကို ဘယ်လိုသိနိုင်မလဲ၊ ဘယ်လိုရှောင်မလဲ...

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကုသရေးဦးစီးဌာနတွင် ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်း ခုနစ်ခုဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၅ရက် နံနက် ၁၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်ရက်** - ၃၀-၉-၂၀၁၅ရက် ညနေ ၄ နာရီ

(၂) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာနရုံး (ဖုန်း-၀၄၃-၂၂ ၆၅၁)၊ စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး (ဖုန်း-၀၄၃-၂၃၅ ၁၁)တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါပြင်ဆင်ခြင်း

၁၇-၉-၂၀၁၅ ရက် မြန်မာ့အလင်းသတင်းစာပါ ရန်ကုန်တိုင်းဒေသကြီး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ရုံးသပြေကန်၊ ခရမ်းချောင်းမြစ်ရေတင်စီမံကိန်းဆက်သွယ်ရေးလမ်း (Wheel Track) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်းများ တင်ဒါခေါ်ယူခြင်းအစား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတစ်ခုလုံးအား တင်ဒါခေါ်ယူလုပ်ကိုင်မည်ဖြစ်ပါကြောင်းနှင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/4781 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပဲခူး)**

ဥတုရာသီ တောကိုမှီ

# တရားမဝင် တမလန်းများ တင်ဆောင်လာသည့် ယာဉ်ကိုဖမ်းဆီး

**ကောလင်း စက်တင်ဘာ ၁၈**

ကသာခရိုင် ကောလင်းမြို့နယ် ရဲစခန်း အရှေ့ရှစ်မိုင်ခန့် တောင်မော်ကျေးရွာ မောင်းတံဂိတ်၌ စက်တင်ဘာ ၁၆ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က ဝန်းသိုဘက်မှ လှမင်းထွန်း မောင်းနှင်လာသည့် အဖြူရောင်လေးဘီးယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားမဝင် တမလန်းခားရွေတုံး ၂၂ တုံး (၀ ဒသမ ၅၃၅၆) တန် ကာလတန်ဖိုး ငွေကျပ် ၁၃၃၉၀၀ ကို တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ တမလန်းခားရွေတုံးများကို ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လှကျော်ဦးအဖွဲ့နှင့် ကောလင်းမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးသန်းအောင်နှင့်အဖွဲ့တို့က ပူးပေါင်းဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းလှမင်းထွန်း (၃၈ နှစ်) ကို ကောလင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

**လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု**



ဒလမြို့နယ် ရွှေစာရံဘုရားအနီးရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းတွင် စက်တင်ဘာ ၁၅ ရက်က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် MMU သန်လျင်မှ ဆရာ ဆရာမများနှင့် တတိယနှစ်ကျောင်းသား ကျောင်းသူများအဖွဲ့သည် စက်မှုလုပ်ငန်းပိုင်းဆိုင်ရာများကို လေ့ကျင့်သင်ယူရန် လက်တွေ့ကွင်းဆင်းလေ့လာစဉ်။ သန်းငွေ (ဒလ)

# ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပံ့ပိုးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၈**

ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပံ့ပိုးရေးနှင့် ပြုစုပျိုးထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနက Unicef (Myanmar) The Leprosy mission (Myanmar) တို့နှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသည်။

ယင်းမူဝါဒမှာ မဟာဗျူဟာ(၁၀) ရပ်ပါရှိပြီး ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် မဟာဗျူဟာလုပ်ငန်းစဉ်(၃)ရပ်ကို တိုင်းဒေသကြီး၌ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စက်တင်ဘာ ၁၆ ရက်က မန္တလေးမြို့ Wilson Hotel ၌ ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးတိုးတက် မှုအခြေအနေ တိုင်းတာစစ်ဆေးပံ့ပိုးရေးနှင့် ပြုစုပျိုးထောင်ရေး (ECI) ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# စာသင်ခုံများ အခမဲ့ဖြန့်ဝေ

**တပ်ကုန်း စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများ၌ လိုအပ်လျက်ရှိသော စာသင်ခုံများကို နိုင်ငံတော်သမ္မတ၏ ရန်ပုံငွေဖြင့် ကျောင်းပေါင်း ၁၅၀ ကျော်အတွက် တစ်ကျောင်းလျှင် ငါးခုံနှုန်း စုစုပေါင်း လေးယောက်တွဲ စာသင်ခုံပေါင်း ၇၈၇ ခုံကို မြို့နယ်ပညာရေးမှူးရုံးက အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**(ဝ၂၁)**

# အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား လွိုင်ကော်၌ကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၁၈**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို မြို့တော်ခန်းမရှေ့၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ်က ရာသီဥတုပြောင်းလဲမှု၊ အိုဇုန်းလွှာပျက်စီးမှု၊ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှု၊ မြေထုယိုယွင်းမှု၊ မြေဆီလွှာပျက်စီးမှု၊ သစ်တောပြုန်းတီးမှု၊ သဲကန္တာရ ဖြစ်ထွန်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးပျောက်ကွယ်မှုများသည် ကမ္ဘာပေါ်၌ကြုံတွေ့နေရသော ပတ်ဝန်းကျင်ဆိုင်ရာ အဓိကပြဿနာများဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးပရဟိတအဖွဲ့များ၊ စက်မှု/လက်မှုလုပ်ငန်းရှင်များ၊ ဆရာကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ပဲခူးရိုးမဖြတ်ကျော်လမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွား

**ရေတာရှည် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်း၌ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ရှေ့မှသွားနေသော ကုန်တင်ယာဉ်ကို ဆိုင်ကယ်ကျော်တက်ရာက ကုန်တင်ယာဉ်နှင့်တိုက်မိကာ ဆိုင်ကယ်မောင်းနှင်သူနေရာ၌ပင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖိုးငွေး(၃၉ နှစ်) ပေါက်ချောင်းကျေးရွာ ရေတာရှည်မြို့နေသူ မောင်းနှင်သော ၂၄ယ/---- ဆိုင်ကယ်သည် ရိုးမဖြတ်ကျော်ကာ မိုင်တိုင်အမှတ် ၃၉/၅ နှင့် ၆ အကြားတွင် ရှေ့မှ နေမျိုးအောင်(ခ)တရုတ်မ (၄၃နှစ်) မြို့လှကျေးရွာအုပ်စု ချောင်းမကြီး(၁)ရပ်ကွက်နေသူ မောင်းနှင်နေသည့် ကုန်တင်ယာဉ်ကို လမ်းအကွေ့၌ကျော်တက်စဉ် ကုန်တင်ယာဉ်၏နောက်ပိုင်းနှင့်ရိုက်မိပြီး ဒဏ်ရာများရရှိကာ နေရာ၌သေဆုံးသွားခဲ့၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# လမ်းကူးမျဉ်းကျားနေရာ၌ ကပ်တုံးများထားပေးစေလို

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင်စာတိုက်အနီး အထက်ပုဇွန်တောင် လမ်းမကြီးသည် ယခု ခြောက်လမ်းသွားပြုလုပ်ခဲ့ရာ သက်ကြီးရွယ်အိုများနှင့် အများပြည်သူ လမ်းဖြတ်ကူးရာတွင် အလွန်အခက်အခဲဖြစ်နေသည်။

ကားလမ်းဖြတ်ကူးရာတွင် အလယ်မျဉ်းဖြူတွင် ယာဉ်ကူးမည့်ပြည်သူများ စောင့်နေပြီး တစ်ဖက်ကားကို ကြည့်ရှုနေစဉ် အခြားတစ်ဖက်မှ ကျော်တက်လာသည့် ကားများ မျဉ်းဖြူပေါ်သို့ ရောက်လာသောအခါ ရှေ့တိုးနောက်ဆုတ်ဖြစ်၍ အလွန်ယာဉ်အန္တရာယ်စိုးရိမ်ရသည့်အတွက် အလယ်မျဉ်းဖြူနေရာကို ကပ်ကျောက်တုံးများထားပေးပါရန် ပြည်သူများက ဆန္ဒရှိကြကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၈**

၂၀၁၅ ခုနှစ် တောင်ကြီးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ပြည်နယ်အားကစားလေ့ကျင့်ရေးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းနှစ်ယောက်တွဲ၊ သုံးယောက်တွဲအုပ်စု ငါးအုပ်စုစီခွဲ၍ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းစီပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဒုတိယနေ့ ပွဲစဉ်အဖြစ် သုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲအဖြစ် ရွှေညောင်အသင်းနှင့် အောင်သပြေ(က)အသင်း ပါဝင်ယှဉ်နေမှုကို ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးရေိယာများကို ပြန်လည်စိုက်ပျိုး

**သာယာဝတီ စက်တင်ဘာ ၁၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ကျေးရွာအုပ်စု ၁၇ အုပ်စုမှ ပျက်စီးဧရိယာ ၂၀၈၉၆ ဧကတွင် တိုက်ရိုက် မျိုးစေ့ချစနစ်၊ အရန်ပျိုး၊ နှံ့ပျိုးများဖြင့် ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို စည်းရုံးပညာပေးဆောင်ရွက်လျက်ရှိသည်။

သာယာဝတီမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်း ၂၀၈၉၆ ဧကအား သက်လျင် ရက် ၉၀ စပါးမျိုးကို အသုံးပြုပြီး တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ပထမပတ်က ဖိုးခေါင်ကျေးရွာအုပ်စု ဖိုးခေါင်ရွာရှိ တောင်သူ ဦးဇော်ဝင်း၏ ပျက်စီးသွားသော လယ်မြေခြောက်ဧကကို စိုက်ပျိုးပေးသည်။

အဆိုပါတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်းကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# မန်စီ၌ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကျင်းပ

**မန်စီ စက်တင်ဘာ ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ ဘောလုံးကွင်း၌ ၂၀၁၅ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူက အမှာစကားပြောကြားခဲ့သည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းရှိပြီး လေးသင်းတစ်အုပ်စု ဖြင့် အုပ်စု လေးအုပ်စုခွဲ၍ အောက်တိုဘာ ၁၆ ရက်အထိ ယှဉ်ပြိုင် ကစားခဲ့ကြပြီး အဖွင့်ပွဲစဉ်တွင် ပြင်ဦးလွင်ရပ်ကွက်အသင်းက ကုန်းတိန်ကျေးရွာအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၉-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ စာမျက်နှာ ၁၅ တွင် ဖော်ပြခဲ့သော "မြန်မာနိုင်ငံတွင် ၄၈ ခုမြောက် နိုင်ငံခြားဘဏ်ဖွင့်လှစ်" သတင်းခေါင်းစဉ်နှင့် အတွင်းစာသားကို "မြန်မာနိုင်ငံတွင် ၄၈ ခုမြောက် နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံး" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ကြံတိုင်းအောင်**

# မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်ပြီး လေပြင်းတိုက်၍ ဓာတ်တိုင်နှင့် သစ်ပင်ပြိုလဲမှုများဖြစ်ပွား

**ကော့သောင်း စက်တင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်သဖြင့် ဓာတ်တိုင်နှင့် သစ်ပင်များ ပြိုလဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၁၅ ရက် ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံတောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်းဗမ်ကို (Vanco) အရှိန်ကြောင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့နှင့် ဆက်စပ်လျက်ရှိသည့် ကပ္ပလီပင်လယ်ပြင်မှ လေဖိအားနည်းရပ်ဝန်းများကြောင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့ ဝင်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

မုန်တိုင်းကြောင့် ကော့သောင်းမြို့တွင် စက်တင်ဘာ ၁၅ ရက် မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီခန့်တွင် မိုးသည်းထန်သည့်အပြင် လေပြင်းများတိုက်ခတ်သဖြင့် နံနက်လင်းအားကြီးအချိန်တွင် ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်းဘေး ရွှေပြည်စိုးကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းဘေးရှိ ဓာတ်တိုင်များလဲကျခြင်း၊ ကျိုးကျခြင်း၊ ကျေးရွာအဝင်လမ်းထိပ်ရှိ မန်ကျည်းပင်ကြီး ပြိုလဲကျခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဓာတ်တိုင်များလဲပြိုကျခဲ့သော်လည်း သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများ၏ ပူးပေါင်းပါဝင် ကူညီပြင်ဆင်မှုကြောင့် ခေတ္တသာ ဓာတ်အားပြတ်တောက်ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်မျှဖြစ်ပေါ်ခဲ့သည်မှလွဲ၍ လူထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုမရှိကြောင်း သိရသည်။

တောင်တရုတ်ပင်လယ်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်တို့နှင့် ဆက်စပ်နေသဖြင့် အဆိုပါမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခြင်းများ ထပ်မံဖြစ်ပွားလာနိုင်သည်ဖြစ်ရာ ပင်လယ်ကမ်းစပ်များတွင်နေထိုင်သည့် ပြည်သူများ၊ ပင်လယ်ခရီးသွားလုပ်ငန်းများ၊ ငါးဖမ်းရေယာဉ်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည့် မိုးလေဝသသတင်းများကို နားထောင်ကြည့်ရှုကြရန်လည်း ဒေသတာဝန်ရှိအဖွဲ့အစည်းများက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## အသက်ပြည့်မီသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**အင်းတော် စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားကျေးရွာအုပ်စုတွင် အသက်ပြည့်မီသူတိုင်းအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူး၏ လမ်းညွှန်မှုအရ စက်တင်ဘာ ၁၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ လမ်းညွှန်မှုအရ ကသာခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးပို၏ ကြီးကြပ်မှုအောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးအရာရှိ ဦးစိုင်းမြစိုးလှိုင်၊ တိုက်နယ်မှူး ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဦးမောင်မောင်ထွန်းနှင့် ဝန်ထမ်းများက နဘားကျေးရွာအုပ်စုရှိ ကျောင်းသား ကျောင်းသူ ၃၀ နှင့် ရွာသူ ရွာသား ၁၀၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(၁၇၁)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**လေးမျက်နှာ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းမှ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အကူဖြစ်စေရန်အတွက် အခြေခံစက်ချုပ်သင်တန်းကို လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်တင်ဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။



ဖွင့်ပွဲကို လေးမျက်နှာမြို့နယ် မိုးလုံလေလုံအားကစားရုံကြီးတွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်သက်ရှည်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ လေးမျက်နှာမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကို စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ တစ်လကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**မင်းဇော်ဦး(ရေကြည်)**

## ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားတံတားသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လေ့လာမှုများပြားလာ

**နောင်ချို စက်တင်ဘာ ၁၈**

နောင်ချိုမြို့ အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာအဝေးရှိ မန္တလေး-လားရှိုးရထားလမ်းပေါ်၌တည်ရှိပြီး အနက်ဆုံးလျှိုကြီးတောင်နှစ်လုံးအမြင့်ကို ဖြတ်သန်းတည်ဆောက်ထားသည့် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးသည် သက်တမ်းနှစ်ပေါင်း ၂၀၀ နီးကပ်တော့မည်ဖြစ်ပြီး ယခုအချိန်အထိ ပြည်သူများ၏ လမ်းပန်းဆက်သွယ်ပို့ဆောင်ရေးလုပ်ငန်းကို ဤတံတားကြီးက တာဝန်ကျေပွန်စွာ ထမ်းဆောင်နေဆဲဖြစ်သည်။

တံတားကြီးကို လာရောက်လေ့လာသူများ အဆင်ပြေချောမွေ့စေရန် မြန်မာ့မီးရထားမှ နောင်ချိုမှ နောင်ပိန်ဘူတာအထိ တံတားကြီးပေါ်မှ ဖြတ်သန်းလေ့လာရန်အတွက် RGC-110 ရထားအား စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ ပြည်တွင်း ပြည်ပကမ္ဘာလှည့်ခရီးသွားများ ဂုတ်ထိပ်တံတားသို့ လာရောက်လေ့လာမှု ယမန်နှစ်ကထက် သိသိသာသာတိုးတက်လာကြောင်း တွေ့ရသည်။ **(ဝ၆၇)**

# ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဆိပ်ဖြူ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အနောက်ကံတွင်းကျေးရွာ၌ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော် ဦးဆောင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးသိန်းနိုင်က ကြီးကြပ်ကာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာမှတာဝန်ရှိသူများ ပူးပေါင်းပါဝင်၍ ဖုန်း၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါကျေးရွာတွင် အိမ်ထောင်စု ၁၁၃ စု၊ လူဦးရေ ၅၇၄ ဦးရှိပြီး အသက်ငါးနှစ်အောက်ကလေးငယ် ၂၀၄ ဦးရှိရာ မိုးကာလတွင်ဖြစ်ပွားတတ်သောရောဂါများကို ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ယခင်က ကလေးသူငယ်များသာ ဖြစ်ပွားမှုများခဲ့ပြီး လတ်တလောကာလများတွင် လူကြီးများပါ ဖြစ်ပွားလာနေသည်ကို တွေ့ရှိနေရကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**စိုးလင်းနိုင်(iprd)**



## တနင်္သာရီ၌ ဒုတိယအကြိမ်မဲစာရင်းများကြေညာ

**တနင်္သာရီ စက်တင်ဘာ ၁၈**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းမှ မဲဆန္ဒပေးပိုင်ခွင့်ရှိသူများ၏ စာရင်းများကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ စက်တင်ဘာ ၁၄ ရက်မှစ၍ ကပ်ထားကြေညာထားပြီး စက်တင်ဘာ ၂၇ ရက်အထိ နှစ်ပတ်ကြာ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကြေညာထားသည့်မဲစာရင်းကို သွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့်ဖြည့်စွက်ရန်၊ မပါသင့်သူများပါနေပါက ပုံစံ(၄)ဖြင့်ပယ်ဖျက်ပေးရန်နှင့် အချက်အလက်များမှားယွင်းနေလျှင် ပုံစံ(၄-က) ဖြင့် ပြင်ဆင်ပေးရန် လိုအပ်မည်ဖြစ်သည်။ တနင်္သာရီမြို့နယ်တွင် မဲရုံပေါင်း ၈၈ ရုံရှိပြီး ဒုတိယအကြိမ်မဲဆန္ဒရှင်အမည်စာရင်းကြေညာချက်အရ မဲပေးနိုင်သူ ဦးရေ ခြောက်သောင်းကျော်ရှိကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ဖျာပုံမြို့နယ်တွင် သီးနှံအထွက်နှုန်းတိုးရေးအတွက် ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးအသုံးပြုနည်းသရုပ်ပြ

**ဖျာပုံ စက်တင်ဘာ ၁၈**

ဖျာပုံမြို့နယ်တွင် သီးနှံအထွက်နှုန်းတိုးရေးအတွက် ပိုးသတ်ဆေးနှင့် စပါးရွေးချယ်ပေါင်းသတ်ဆေးပက်ဖျန်းခြင်း လက်တွေ့သရုပ်ပြပွဲနှင့် ဒေသခံတောင်သူများလေ့လာပွဲကို စက်တင်ဘာ ၁၅ ရက်က ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျေးရွာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ရာသီသီးနှံကော်ဖီပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ ခနောင်ကွင်းခွဲ၌ ကျင်းပသည်။

ယင်းသရုပ်ပြပွဲသို့ ဧရာဝတီတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်း(စီမံကိန်းဌာနခွဲ)နှင့်အဖွဲ့ဝင်များ တက်ရောက်အားပေးကြည့်ရှုကြပြီး ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများ၊ ကျုံကဒွန်းစိုက်ကွင်းဦးစီးအရာရှိ ဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ ကြက်ဖမွေးဇောင်းစိုက်ကွင်းဦးစီးမှူး ဦးသိန်းဦးနှင့် ဝန်ထမ်းများက ပိုးသတ်ဆေးနှင့် စပါးရွေးချယ်ပေါင်းသတ်ဆေးများကို လက်တွေ့ပက်ဖျန်းသရုပ်ပြသကြရာ ကြက်ဖမွေးဇောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ခြောက်ရွာမှ တောင်သူ ၁၂၅ ဦးတို့ တက်ရောက်လေ့လာကြည့်ရှုကြသည်။

အဆိုပါ လက်တွေ့သရုပ်ပြသပွဲအပြီးတွင် ဒေသခံလေ့လာရေးတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ၌ ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမောင်မောင်သွင်က သီးနှံများအထွက်နှုန်းတိုးရေးအတွက် ပိုးမွှားရောဂါနှင့် ပေါင်းများကင်းစင်အောင် ဆောင်ရွက်ခြင်းအားဖြင့် ဓာတ်မြေဩဇာများကို စနစ်တကျအချိန်ကိုက်ကျွေးပါက သီးနှံအထွက်နှုန်းတိုးရေးကို အဓိကရည်ရွယ်ကျင်းပသော လက်တွေ့သရုပ်ပြပွဲဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**မော်ကျွန်းမြင့်အောင်**



## ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော်ကြီး အထက်ဌာပနာထည့်သွင်း

**မိတ္ထီလာ စက်တင်ဘာ ၁၈**

မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ် မိတ္ထီလာ(မြောက်)ကန်တော်ကြီးကုန်းတော်မြတ်၌ တည်ထားကိုးကွယ်ထားသည့် ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော်ကြီး အထက်ဌာပနာသွင်းပူဇာသဘင်ပွဲကို အဆိုပါကန်ဦးစေတီတော်ရင်ပြင်တော်၌ စက်တင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ညဏ်တော် ၂၇ တောင်ရှိ ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော်ကြီး အထက်ဌာပနာတွင် ထည့်သွင်းပူဇော်ရန် ဌာပနာများကို လက်ယာရစ်လှည့်ပတ်ပူဇော်ကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေးနှင့် ဦးစောဌေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်သာသနာရေးဦးစီးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မမြို့ဖများနှင့် မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများက လက်ဝတ်ရတနာများအား ထည့်သွင်းပူဇော်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မဲစာရင်းတွင် အမည်ကို လွယ်ကူစွာကြည့်နိုင်မည့်နည်း မင်္ဂလာတောင်ညွန့်တွင် အကောင်အထည်ဖော်အသုံးပြုနေ

**ရန်ကုန် စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၄ ရက်မှစ၍ ဒုတိယအကြိမ်ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းများတွင် အမည်များကို အက္ခရာစဉ်အလိုက်ပြုလုပ်ထားခြင်းကြောင့် လွယ်ကူစွာရှာနိုင်မည့်နည်းလမ်းကို မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်၌ အကောင်အထည်ဖော် အသုံးပြုလျက်ရှိကြောင်း သိရသည်။

"ကိုယ့်နာမည်မဲဆန္ဒရှင်စာရင်းထဲ ပါမပါလာကြည့်သူတွေစိတ်ပျက်နေကြတယ်လို့ ကြားပါတယ်။ အက္ခရာစဉ်အတိုင်း ဖော်ပြထားပေမယ့် ရှာရခက်တယ်ဆိုပြီးတော့ပေါ့။ ကျွန်တော်တို့ ရပ်ကွက်ရဲ့ အလွယ်တကူမဲစာရင်းရှာနည်းလေးကြောင့် မဲစာရင်းလာကြည့်သူတွေ တော်တော်အဆင်ပြေနေကြပါတယ်။ ဒါလည်း မိမိတို့ အစီအစဉ် မိမိတို့စရိတ်နဲ့ ပြုလုပ်ထားတာပါ"ဟု မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောပြသည်။

စက်တင်ဘာ ၁၆ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပရေး မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းဇော်၊ အဖွဲ့ဝင်ဦးမင်းနိုင်တို့က မြို့နယ်အတွင်းရှိ ရပ်ကွက် (၂၀) သို့ ကွင်းဆင်းပြီး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံကာ မဲဆန္ဒရှင်အမည်စာရင်းမှာ အသိပေးကြေညာထားခြင်းနှင့် အဆင်ပြေမှု ရှိ မရှိ လိုက်လံကြည့်ရှုခဲ့သည်။

ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက မည်သို့မည်ပုံဆောင်ရွက်ထားပုံကို ဆက်လက်ရှင်းလင်းပြောကြားရာတွင် "အရင်တစ်ကြိမ်တုန်းက လမ်းအလိုက်၊ အိမ်နံပါတ်အလိုက် အိမ်ထောင်စုအလိုက် အစဉ်လိုက်ရေးဆွဲထားတော့ မဲစာရင်းရှာရတာလွယ်ကူပါတယ်။ အခုဟာက မဲစာရင်းမှာပါတဲ့ မဲဆန္ဒရှင်အမည်စာရင်းကို မြန်မာအက္ခရာစဉ်အလိုက် စီထားတော့ အိမ်ထောင်တစ်စုကို တစ်စုတစ်ဝေးတည်းဖော်ပြထားပေမယ့် 'ဒ'အက္ခရာဖြစ်တဲ့ အမျိုးသမီး 'ဒေါ်' က အပေါ်ရောက်ပြီး အမျိုးသားအမည် 'ဦး'က အောက်ဘက်ရောက်သွားပါတယ်။ အိမ်နံပါတ်ကို ကိန်းဂဏန်းကြီးစဉ်ငယ်လိုက် ဖော်ပြထားပေမယ့် လမ်းတွေနဲ့ ရောထွေးနေတယ်ဆိုတော့ ရှာရတာကြာတယ်။ ခက်တယ်လို့ ဆိုရမှာပါ။ ကျွန်တော်တို့ဆီကို မြို့နယ်ကော်မရှင်က မဲဆန္ဒရှင်စာရင်းမိတ္တူ(၃)စုံကို ကြိုပေးထားတယ်။ စက်တင်ဘာ ၁၄ ရက်ကစပြီး ကြေညာကပ်ထားပေးဖို့ ညွှန်ကြားလာတော့ ဒီအခက်အခဲကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ကော်မရှင်အဖွဲ့ဝင်တွေ တွေ့ဆုံဆွေးနွေးခဲ့ကြတာပါ။ အဲဒါနဲ့ ကိုယ့်အစီအစဉ်နဲ့ကိုယ် စာရင်းဇယားပုံစံရေးဆွဲပြီး လမ်းနဲ့ အိမ်နံပါတ်တွေ၊



အခန်းအလွှာတွေအစီအစဉ်အလိုက်ရေးတယ်။ နောက်ပြီး မြို့နယ်ကော်မရှင်က ကပ်ဖို့ကြေညာပေးထားတဲ့ မဲဆန္ဒရှင်စာရင်းတွေလိုက်ရှာပြီး ဘယ်ဘုတ်မှာ ကော်လံစာမျက်နှာ အမှတ်စဉ်ဘယ်လောက်မှာ ကပ်ထားတယ်ဆိုတာ ခွဲခြားရေးမှတ်စာရင်းသွင်းလိုက်တယ်။ မဲစာရင်းလာကြည့်သူတွေက ဘုတ်မှာကပ်ထားတာကို အရင်မရှာဘဲ။ လမ်းအမည်၊ အိမ်နံပါတ်နဲ့ အမည်ပြောလိုက်ရင် ဘုတ်နံပါတ်ဘယ်လောက် ကော်လံစာမျက်နှာအမှတ်စဉ် ဘယ်လောက်ဆိုတာ အတိအကျပြောလိုက်တော့ ရှာတဲ့သူခဏလေးနဲ့ လွယ်လွယ် ကူကူတွေ့ပြီပေါ့ဗျာ။ ဥပမာ- ကပ်ထားတဲ့စာရွက် ၁၀၀ ကို လိုက်ရှာစရာမလိုတော့ဘူး။ တစ်ရွက်ပဲကြည့်လို့ရပြီပေါ့"ဟု အချိန်မကြာဘဲ မိမိအမည်ကို မဲဆန္ဒရှင်စာရင်းမှာ အလွယ်တကူရှာဖွေကြည့်ရှုနိုင်ကြောင်း ပြောပြသည်။

လွတ်လပ်ရေးရပ်ကွက်တွင် မဲဆန္ဒပေးခွင့်ရှိသူ ယနေ့အချိန်အထိ ၁၉၆၀ ရှိပြီး ကြော်ငြာဘုတ် ခြောက်ခုဖြင့် ကပ်ထားရာ မဲစာရင်းလာကြည့်သူများက လမ်း၊ အိမ်အမှတ်၊ အမည်ကိုပြောပြလျှင် သီးသန့်ရေးထားသော စာရင်းကို ကြည့်ပြီး ဘုတ်နံပါတ်ဘယ်လောက်၊ ကော်လံစာမျက်နှာအမှတ်စဉ်ဘယ်လောက်ဟု ပြောလိုက်၍ အချိန်မကြာဘဲ အလွယ်တကူမဲစာရင်းမှာ ရှာဖွေနိုင်သည်ကို တွေ့မြင်ခဲ့ရသည်။ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌက မဲရွေးကောက်ပွဲတစ်ခုလုံး၏ အခြေခံသည် ရပ်ကွက်ဖြစ်၍ ယခုကဲ့သို့ မဲစာရင်းရှာရလွယ်ကူအောင် ဆောင်ရွက်ထားခြင်းကို အသိအမှတ်ပြုပြီး ယခုကဲ့သို့စီစဉ်ထားမှုကို အထက်အဖွဲ့အစည်းများသို့ သတင်းပေးပို့သွားမည်ဟု ပြောသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## မဲဆန္ဒရှင်စာရင်းများကြေညာထားမှုနှင့် မဲရုံဖွင့်လှစ်မည့်အခြေအနေများအား ကွင်းဆင်းကြည့်ရှု

**ညောင်ဦး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးကြရမည့် မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ် ဖြည့်စွက်ပြင်ဆင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအုပ်စု ၉၁ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စက်တင်ဘာ ၁၄ ရက်မှစ၍ တစ်ပြိုင်တည်း ကပ်ထားကြေညာပေးလျက်ရှိသည်။

အဆိုပါ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများအားလုံးတွင် မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှုနှင့် မဲရုံများဖွင့်လှစ်မည့်အခြေအနေများကို ညောင်ဦးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရွှေနှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စက်တင်ဘာ ၁၆ ရက်တွင် အဖွဲ့ငါးဖွဲ့ခွဲ၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းကြည့်ရှုရာတွင် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအနေဖြင့် မဲစာရင်းထုတ်ပြန်ကြေညာရာတွင် မဲဆန္ဒရှင်ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် အမည်ကျန်ရစ်သူများအား ပုံစံ(၃)ဖြင့်ဖြည့်စွက်ခြင်း၊ မဲစာရင်းများထပ်နေခြင်း မဲပေးခွင့်မရှိသူများပါရှိနေခြင်းတို့ကို ပုံစံ(၄)ဖြင့် ပယ်ဖျက်ခြင်း၊ အချက်အလက်မှားယွင်းခြင်းများကို ပုံစံ(၄)(က)ဖြင့် ပြင်ဆင်ခြင်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း နိုင်ငံသားတစ်ဦး၏ မဲပေးခွင့်ရှိသည့်အခွင့်အရေး မဆုံးရှုံးစေရန်အတွက် ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိအမည်ပါမပါ သွားရောက်ကြည့်ရှုကြရန်လိုအပ်ကြောင်းကို ရပ်ကွက်ကျေးရွာအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် အသံချဲ့စက်များဖြင့် လှည့်လည်နှိုးဆော်ကြရန်လည်း လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။




နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ညောင်ဦးမြို့နယ်အတွင်း မဲရုံ ၂၃၁ ရုံ ပြင်ဆင်ထားရှိပြီး ယခုဒုတိယအကြိမ် ထုတ်ပြန်ထားသည့် အခြေခံမဲစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူပေါင်း ၁၉၄၃၆၅ ဦး ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## အခြေခံပညာကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲကျင်းပ

**ကော့သောင်း စက်တင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် Township Sports Development Progamme အရ အားကစားနှင့်ကာယပညာကော်မတီ အားကစားပြိုင်ပွဲများအဖြစ် အခြေခံပညာကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ကော့သောင်းမြို့နဝရတ်အားကစားခန်းမ၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ ကော့သောင်းမြို့ပေါ် အခြေခံပညာကျောင်းများမှ အသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရွှေမင်းဝံအလယ်တန်းကျောင်းအသင်းကပထမ၊ အထက(ခွဲ) အဏ္ဏဝါကျောင်းက ဒုတိယနှင့် အထက(၁)ကျောင်းက တတိယဆုများ ရရှိခဲ့သည်။ ထို့နောက် ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်



နှင့် တာဝန်ရှိသူများက ဆုရရှိသည့် အသင်းများအား ဆုငွေများနှင့် အေရိုးဗစ် ပြိုင်ပွဲဝင်အသင်းများ အတွက် လေ့ကျင့်ရေးထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**

## CSR အကြောင်း ဂျပန်ပညာရှင်မှ အလုပ်ရုံဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး ရတနာပုံတက္ကသိုလ်၌ Corporate Social Responsibility(CSR) ဘာသာရပ်ဆိုင်ရာများကို ဂျပန်နိုင်ငံ So-Tech Consulting မှ အုပ်ချုပ်မှုဒါရိုက်တာ Miss Mizue Unno က Nagata(Japan)Co.Ltd ၏ ကူညီပံ့ပိုးမှုဖြင့် စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရပ်တွင် အလုပ်ရုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ရတနာပုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်အောင်မင်းနှင့် ဘာသာရပ်ဌာန ၂၁ ခုမှ ပါမောက္ခများနှင့် တွဲဘက်ပါမောက္ခများ၊ ကထိကများ၊ Nagata(Japan)နှင့် Nagata(Myanmar)ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

Nagata(Myanmar)သည် Nagata(Japan)၏ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝန်ဆောင်မှုကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် ဒေသခံများ၏ လူနေမှုအဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးလျက်ရှိရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ အမှိုက်ပုံးများ လှူဒါန်းခြင်း၊ ပုဂံရှေးဟောင်းဒေသတွင် Plastic Waste Cleaning Campaign စီမံချက်များကို ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ၏ ကရာတေးဒိုအားကစားနည်း အောင်မြင်ရေးအတွက် ကူညီခြင်းများကို ဆောင်ရွက်လျက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျေးရွာပြည်သူများအတွက် မြေငှားဂရန်များ ပြုလုပ်ပေး

**ကျွန်းလှ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျီကုန်းကျေးရွာအုပ်စု ကျီကုန်းကျေးရွာမှ ဒေသခံပြည်သူများအတွက် အိမ်ခြံမြေငှားဂရန် စာချုပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၆ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေငှားဂရန်စာချုပ် ပြုလုပ်ပေးရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် စိုက်ပျိုးရေးဦးစီးဌာနမှူးဒေါ်ခင်မာချိုက အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်နိုင်ဝင်းက ကျေးရွာတောင်သူများ မြေငှားဂရန် ပြုလုပ်ပေးခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ဒေသခံရွာသားများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး ကျေးရွာတောင်သူ ၁၁၉ ဦးအတွက် မြေငှားဂရန်စာချုပ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



မြေငှားဂရန် လာရောက်ထုတ်ယူသော တောင်သူများ။

မြေဂရန်ထုတ်ပေးမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနများမှဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## သတင်းတိုများ

### မြစိမ်းရောင်စီမံကိန်းကျေးရွာများမှ ပျက်စီးဆုံးရှုံးမှုများ ကွင်းဆင်းကြည့်ရှု

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုနှင့် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သော မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများသို့ စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့်အဖွဲ့က စက်တင်ဘာ ၁၀ရက်မှ ၁၆ ရက်အထိ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သော တံဘက်လှန်းကျေးရွာ၊ ကန်ပြင်ကျေးရွာ၊ စပါးထားကျေးရွာနှင့် ကုလားချောင်းကျေးရွာများမှ သဘာဝဘေးကြောင့် ပျက်စီးမှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းများနှင့် စာရင်းဇယားများကို ကြည့်ရှုစစ်ဆေးကာ လတ်တလော ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို့)**

### ကျေးရွာအထကသို့ စာအုပ်စာတမ်းနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်း

ကချင်ပြည်နယ် တနိုင်းမြို့နယ် တရုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း လီဒိုခန်းမဆောင်၌ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၄ ရက်က ကျင်းပခဲ့သည်။ ဆင်ဗွေယံမြို့ စိမ်းရွှေဝါကုမ္ပဏီမှ တာဝန်ခံဦးညီညီနှင့် ဦးအားတီတို့က စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာတမ်းများ၊ ဆော့လော်မြို့နယ် ဆောက်လုပ်ရေးအင်ဂျင်နီယာဦးထွန်းထွန်းဝင်းက အားကစားပစ္စည်းများနှင့် ကွန်ပါဘူးများကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းခဲ့ပြီး အခမ်းအနားသို့ ဆင်ဗွေယံမြို့နယ်ခွဲမှ တာဝန်ရှိသူများ၊ အကျဉ်းဦးစီးမှူး၊ လဝကဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်စိုးလင်းနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။

**နီတိုး**



(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့နယ် (၅)ရပ်ကွက်ရှိ သီရိမင်္ဂလာငြိမ်းချမ်းအောင်စေတီတော်မြတ်ကြီး၌ ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးကော်မတီဝင်များ စက်တင်ဘာ ၁၆ ရက်က သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်စဉ်။ ခင်ကို(ကျောက်တံခါး)

# ခရိုင်အဆင့်ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မြင်းခြံ စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ပဋ္ဌာန်းဒေသနာတော်အကောင်းဆုံးရွတ်ဆိုပြိုင်ပွဲကို မြင်းခြံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာဝတ်ပြုဆောင်၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ ဝတ်အသင်းများဝင်ရောက်ရွတ်ဆိုပြိုင်ပွဲဝင်ခဲ့ပြီး နွားထိုးကြီးမြို့နယ် ဝတ်အသင်းက ပထမဆုရရှိခဲ့ကာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက ဆုများချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့သည်။ ပထမရရှိသော နွားထိုးကြီးမြို့နယ် ဝတ်အသင်းသည် တိုင်းဒေသကြီးအဆင့်သို့ ခရိုင်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**




# ကနီ-ချောင်းမ-မုံရွာ ကားလမ်းမပေါ်ရှိ ရေဝါချောင်းကူးတံတား ချဉ်းကပ်လမ်းဖောက်လုပ်မှု ၃၀ ရာခိုင်နှုန်းပြီးစီး

**ကနီ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့အဝင် ကနီ-ချောင်းမ-မုံရွာကား လမ်းမပေါ်ရှိ ရေဝါချောင်းကူးတံတား တည်ဆောက်မှုတွင် တံတား ချဉ်းကပ်လမ်းဖောက်လုပ်မှုမှာ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ ဒီရေဝါချောင်းတံတား ချဉ်းကပ်လမ်းကို စက်တင်ဘာလဆန်းပိုင်းက စတင်ဖောက်လုပ်ခဲ့ပါတယ်။ အခုချဉ်းကပ်လမ်းကို ချောင်းအရှေ့ဘက်ခြမ်း ရှမ်းမြောင်းဘက်ကမ်းမှာ လမ်းအရှည် ၆၂၇ ပေဖောက်လုပ်ရပြီး ၉၀ရာခိုင်နှုန်းအထိဆောင်ရွက်နိုင်ပြီးပါပြီ။ ကနီဘက်ခြမ်းမှာ ချဉ်းကပ်လမ်းအရှည် ၃၅၅၈ ပေရှိပြီး ၃၀ ရာခိုင်နှုန်းအထိ ဖောက်လုပ်ပြီးစီးနေပြီဖြစ်ပါတယ်" ဟု မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာအောင်က ပြောသည်။

ချောင်းကူးတံတားကို လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ လွယ်ကူချောမွေ့လာစေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဇူလိုင် ၁၃ ရက်မှ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားဆောက်လုပ်လျက်ရှိသည့် ရေဝါချောင်းသည် ကနီမြို့နှင့် မိုင် ၂၀ ကျော်ဝေးကွာသော မဟူရိုးမတောင်တန်းမှစတင်ကာ အရှိန်အဟုန်ဖြင့် စီးဆင်းသောကြောင့် မိုးများ ရွာသွန်းချိန်တွင် ချောင်းရေကျဆင်းမှုများပြီး မြို့နယ်အတွင်းမှ ပြည်သူများ ခရီးသွားလာရန် အလွန်ခက်ခဲခဲ့ကြောင်း သိရသည်။ ကားများ၊ ဆိုင်ကယ်များစသည့် ယာဉ်ကြီးယာဉ်ငယ်များ ချောင်းကိုကူးရန်ခက်ခဲသဖြင့် ဒေသခံပြည်သူများ၊ မြို့ပေါ်သို့ ကျောင်းသွားတက်ရသော ကျောင်းသား ကျောင်းသူလေးများအနေဖြင့် သွားလာရေးခက်ခဲခဲ့သည်။ တံတားကြီးဆောက်လုပ်ပြီးစီးပါက ကနီမြို့နယ်သာမက ကနီ-ချောင်းမ-မုံရွာ ကားလမ်းတစ်လျှောက်နှင့် ကနီ-မင်းကင်းလမ်းဘေးရှိ ကျေးရွာများပါ သွားလာရေးလွယ်ကူချောမွေ့မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများလည်း ကောင်းမွန်လာမည်ဖြစ်ကာ ယင်းဒေသများရှိ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

**သန်းဌေးအောင်(ကနီ)**



# မိသားစုစားဝတ်နေရေးအတွက် အားလပ်ချိန်တွင် တစ်နိုင်တစ်ပိုင်ငါးရှဉ့်ဖမ်းဆီးကာ အပိုဝင်ငွေရှာ

**မိုးညှင်း စက်တင်ဘာ ၁၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ကျေးရွာအချို့၌ တောင်သူများ ထွန်တုံးပိတ်ချိန်ဖြစ်သည့်အတွက် အားလပ်ချိန်များတွင် မိသားစုစားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင် ငါးရှဉ့်ဖမ်းဆီးကာ ဝင်ငွေရှာဖွေသူများလာပြီး နေ့စဉ်ဝင်ငွေရရှိနေကြကြောင်း သိရသည်။

"အခုအချိန်က ကျွန်တော်တို့ ကချင်ပြည်နယ်မှာ လယ်ယာစိုက်ပြီးချိန်ဖြစ်တဲ့အတွက် တောင်သူအချို့က ဝင်ငွေကောင်းတဲ့ ငါးရှဉ့်ဖမ်းတဲ့ အလုပ်ကို လုပ်ကိုင်ကြတာပါ။ အများဆုံးထွက်ရာ ဒေသတွေကတော့ နမ္မတီးမြို့နယ် တနိုင်း-ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ မိုးကောင်းမြို့နယ်နဲ့ မိုးညှင်းမြို့နယ်တွေက အများဆုံးထွက်ရှိပါတယ်။ အဝယ်ဒိုင်တွေမှာပေါက်ဈေးက ငါးရှဉ့်တစ်ပိဿာကို ကြီးသေးသောင်းပြောင်း ၃၅၀၀ကျပ်၊ ရှယ်အကောင်ကြီးဆိုရင် ၄၅၀၀ ကျပ်မှ ၅၀၀၀ကျပ် အထိ ဈေးရပါတယ်။ တစ်ရက်ကို နှစ်ပိဿာကနေ ငါးပိဿာအထိရလို့ တစ်ရက်ကို မီးဖိုဆောင်သုံးအပြင် ကလေးတွေရဲ့ကျောင်းမုန့်ဖိုးလည်း ပေးနိုင်ပါတယ်"ဟု ဟိုပင်မြို့ အလံပိုရပ်ကွက်နေ ငါးရှဉ့်ဖမ်းသူဦးမျိုးဌေးက ပြောသည်။

ယခုအခါ လယ်ယာစိုက်ပျိုးပြီးချိန်ဖြစ်သည့်အတွက် လယ်များ၊ လျှိုမြောင်များ၊ အင်းအိုင်များ၊ ရေပုတ်ရေစပ်များတွင် မြှုံးထောင်ကာ ငါးရှဉ့်ဖမ်းသူများပြားလာသဖြင့် ငါးရှဉ့်အဝယ်ဒိုင်များတွင် အဝယ်လိုက်သော်လည်း ဈေးကောင်းမရဘဲ ဈေးချဝယ်ယူလျက်ရှိကြောင်း သိရသည်။ ငါးရှဉ့်ထောင်ဖမ်းသူဦးရေ တစ်နေ့တခြား များပြားလာသကဲ့သို့ ပြည်ပဈေးကွက်မှာလည်း ကျဆင်းလာသောကြောင့် အဝယ်လိုက်သော်လည်း ဈေးကောင်းမရကြောင်း မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာမှ ငါးရှဉ့်ထောင်ဖမ်းနေသည့် တောင်သူတစ်ဦးက ပြောသည်။

**နီတိုး**

# နိုင်ပွဲဆက်ဦးမယ့် ဘိုင်ယန်မြူးနစ်နဲ့ အမှတ်ပြည့်ယူမယ့် ဝုဖ်ဘတ်

မိုးမြင့်လင်းလက်



ဘွန်ဒက်စ်လီဂါပွဲစဉ်(၅)ကိုတော့ စက်တင်ဘာ ၁၉ ရက်နဲ့ ၂၀ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ချန်ပီယံလိဂ်အုပ်စု အဖွင့်ပွဲစဉ်မှာ ဂိုးပြတ်သွင်းနိုင်ခဲ့ရတဲ့ ဘိုင်ယန်မြူးနစ်တို့ဟာ ဘွန်ဒက်စ်လီဂါမှာလည်း နိုင်ပွဲဆက်ဦးမလား ကြည့်ရမှာ ဖြစ်ပါတယ်။ ကျန်တဲ့ ထိပ်တန်းအသင်းတွေလည်း ရလဒ်ကောင်းတွေရဖို့ ရုန်းကန်ကြမှာမို့ ပွဲစဉ်(၅)ကလည်း ပရိသတ်တွေကို ရသမျိုးစုံပေးစွမ်းဦးမှာ ဖြစ်ပါတယ်။

**ဒမ်းစတက်နှင့်ဘိုင်ယန်မြူးနစ်**

ဒမ်းစတက်တို့က ဘိုင်ယန်မြူးနစ်ကို အနိုင်ကစားဖူးတဲ့ မှတ်တမ်းရှိနေပြီး အိမ်ကွင်းမှာ ခြေစွတဲ့ အသင်းဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိ ဘိုင်ယန်မြူးနစ်ရဲ့ခြေစွမ်းက အကောင်းဆုံးအနေအထားရှိနေတာမို့ အခုပွဲမှာ ဒမ်းစတက်တို့ မလွယ်ပါဘူး။ ဒမ်းစတက်တို့ဟာ နိုင်ပွဲတွေဆက်နေပေမယ့် ဘိုင်ယန်မြူးနစ်ရဲ့ တိုက်စစ်ကို ဟန့်တားထိန်းချုပ်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒီပွဲမှာလည်း လူစုံထုတ်သုံးလာမယ့် ဘိုင်ယန်မြူနစ်တို့ပဲ အမှတ်ပြည့်ယူဖို့ အခွင့်အရေးများနေပါတယ်။

**ဝုဖ်ဘတ်နှင့်ဟာသာဘာလင်**

သရေပွဲတွေများနေတဲ့ ဝုဖ်ဘတ်တို့အတွက် အခုပွဲမှာ အနိုင်ရဖို့ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ လောလောဆယ်မှာ ခြေစွမ်းပြန်တက်လာတဲ့ ဟာသာဘာလင်တို့ကလည်း ဝုဖ်ဘတ်ကွင်းမှာ ဘယ်လိုကစားရမလဲ သိထားတဲ့အသင်းမို့ ဝုဖ်ဘတ်ကို အခက်ခဲတွေ့ရနိုင်ပါတယ်။ ဒါပေမယ့် ဝုဖ်ဘတ်ရဲ့ နိုင်ပွဲရမှ ဖြစ်မယ့် စိတ်ဓာတ်ပြင်းထန်မှုနဲ့ကစားအားကို ဟာသာဘာလင်တို့ ထိန်းချုပ်ဖို့မလွယ်ပါဘူး၊ အိမ်ရှင်တို့ နိုင်ပွဲလို့ သတ်မှတ်ရမယ့်ပွဲပါပဲ။

**ဟမ်းဘတ်နှင့်ဖရန့်ဖတ်**

ရလဒ်ကောင်းကောင်းကစားနိုင်နေတဲ့ ဟမ်းဘတ်တို့ဟာအိမ်ကွင်းမှာဆိုရင် ကစားအားကောင်းတဲ့ အသင်းဖြစ်လို့ ဖရန့်ဖတ်အတွက်ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ ရှိနေပါတယ်။ဟမ်းဘတ်ရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး ပွဲတိုင်း ဂိုးတွေပေးနေရတာကို ပြင်ဆင်မှ ရပါလိမ့်မယ်။ ပြီးခဲ့တဲ့ပွဲစဉ်(၄)မှာ ကိုလုံးအသင်းကို ခြောက်ဂိုးအထိသွင်းယူအောင်ပွဲခံခဲ့တဲ့ ဖရန့်ဖတ်ရဲ့ခြေစွမ်းကိုလည်း အထင်သေးလို့ မရပါဘူး။ နှစ်သင်းလုံးတိုက်စစ်ဖွင့်ကစားကြမှာမို့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိပေမယ့် ရလဒ်က ညီမျှခြင်းကြသွားနိုင်ပါတယ်။

**ကိုလုံးနှင့်ဂလာဘတ်**

သရေပွဲတွေများနေတဲ့ ကိုလုံးတို့လည်း ပြီးခဲ့တဲ့ပွဲစဉ်မှာ ဖရန့်ဖတ်ကို ရှုံးခဲ့လို့ အခုပွဲမှာ အနိုင်ရလဒ်ကို ပြန်လည်ရှာဖွေဖို့ ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ကိုလုံးနဲ့သုံးခဲ့တဲ့ပွဲရလဒ်တွေကို ကြည့်ရင်တော့ ဂလာဘတ်တို့က အသာစီးရတာများနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲ တွေ့ဆုံခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ဂလာဘတ်ကို ရှုံးပွဲမရှိခဲ့တာ အခုပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင်တော့ အားထုတ်ပါလိမ့်မယ်။

**ဝါဒါဘရီမင်နှင့်အင်ဂိုစတက်**

ခြေစွမ်းမတည်ငြိမ်တဲ့အခါ ဝါဒါဘရီမင်တို့က အိမ်ကွင်းမှာ အင်ဂိုစတက်ကို လက်ခံကစားရတာမို့ အသာစီးရယူဖို့ အခွင့်အရေးများနေပါတယ်။ ပုံမှန်ခြေစွမ်းရနေပြီး ပွဲတိုင်းမှာ အမှတ်ရအောင် ကြိုးစားနေတဲ့ အင်ဂိုစတက်တို့ဟာ ဝါဒါဘရီမင်ကို အလွယ်တူ ဖြတ်ကျော်ခွင့်ပေးမှာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အကျပ်အတည်းကြားက ဂိုးရအောင်သွင်းယူနိုင်ခဲ့တဲ့ ဖါဒါဘရီမင်တိုက်စစ်မှူးတွေရဲ့ ခြေစွမ်းကို ယုံကြည်မှုပေးရမယ့်ပွဲပါပဲ။

**စတုဂတ်နှင့်ရှော်ကား**

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှု ရလဒ်ကို ကြည့်ရင် ရှော်ကားတို့ တစ်ပွဲသာ နိုင်ထားပါတယ်။ ဒါပေမယ့် စတုဂတ်ရဲ့လက်ရှိခြေစွမ်းက အားရစရာမရှိတဲ့အပြင် ရှုံးပွဲတွေကြုံတွေ့နေရတာမို့ အခုပွဲမှာ အမှတ်ပြည့်ရအောင် ကြိုးစားထားလာပါလိမ့်မယ်။

ပြီးခဲ့တဲ့ ပွဲစဉ်(၄)မှာ မိန့်စ်အသင်းကို အိမ်ကွင်းမှာ အနိုင်ယူထားတဲ့ ရှော်ကားတို့ကလည်း အမှတ်ရအောင် အားထုတ်မှာမို့ ဒီပွဲဟာသရေပွဲကို ဦးတည်သွားနိုင်ပါတယ်။

---



## အကောင်းဆုံးနည်းပြပါပဲလို့ပြောတဲ့ မော်ရင်ဟို

ချယ်ဆီးနည်းပြ မော်ရင်ဟိုက သူဟာ နိုင်ပွဲရသည်ဖြစ်စေ၊ နိုင်ပွဲမရသည်ဖြစ်စေ အကောင်းဆုံး စီးပွားရေးသမား၊ အကောင်းဆုံး နည်းပြပါပဲလို့ ပြောဆိုလိုက်ပါတယ်။ ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲမှာ မက္ကာဘီတဲလ်အဗစ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရပြီးတဲ့နောက် ချယ်ဆီးအသင်းဟာ နိုင်ပွဲလမ်းကြောင်းပေါ်သို့ ပြန်ရောက်လာချိန် မော်ရင်ဟိုကို ပြောဆိုခဲ့ခြင်းဖြစ်ပါတယ်။ သို့ပေမယ့် ပရီမီယာလိဂ်ရာသီအစမှာတော့ ရှုံးပွဲတွေ ဆက်တိုက် ကြုံခဲ့ရတဲ့အတွက် ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရဆဲပါ။ ရာသီအစဆိုးရွားတဲ့ရလဒ်တွေကြုံခဲ့ရတဲ့ ချယ်ဆီးအသင်းဟာ မက္ကာဘီကို အနိုင်ရခဲ့တဲ့ ချန်ပီယံလိဂ်ပွဲ အပါအဝင် ယခုနှစ်ရာသီမှာ နိုင်ပွဲနှစ်ပွဲသာ ရရှိသေးပါတယ်။ ချယ်ဆီးအသင်းရဲ့ နာမည်ကြီး ကစားသမားတွေဟာ လာမယ့်ပြိုင်ပွဲတွေမှာ အကောင်းဆုံးဂိုးတွေ သွင်းပေးတာကို တွေ့ရတော့မှာဖြစ်တယ်လို့လည်း မော်ရင်ဟိုက အခိုင်အမာ ပြောဆိုလိုက်ပါတယ်။

နည်းပြမော်ရင်ဟိုက သူဟာ အကောင်းဆုံးနည်းပြဖြစ်တယ်ဆိုတာ မန်ယူ တိုက်စစ်မှူး ရွှန်းနေနဲ့ ခိုင်းနှိုင်းပြောဆိုခဲ့ပါတယ်။ ရွှန်းနေဟာ ဂိုးမသွင်းနိုင်လို့ အကောင်းဆုံးကစားသမားမဟုတ်တော့ဘူးလို့ မဆိုနိုင်ပါဘူး။ ရွှန်းနေဟာ ဂိုးမသွင်းနိုင်ပေမယ့် အကောင်းဆုံးကစားသမားပါပဲလို့ ဆိုပါတယ်။

## အပယ်ခံဖြစ်လာတဲ့ ဂျွန်တယ်ရီ

ချယ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီကို အစပွဲပါဝင်စားခွင့်မပေးတဲ့အတွက် မော်ရင်ဟိုနဲ့ ဂျွန်တယ်ရီတို့ကြားမှာ ပွတ်တိုက်မှုတွေရှိနေလိမ့်မယ်လို့ လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျရတ်က ပြောဆိုလိုက်ပါတယ်။ ချယ်ဆီးအသင်းက မက္ကာဘီတဲလ်အဗစ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရလိုက်ပါတယ်။ သို့ပေမယ့် ချယ်ဆီးအင်းခေါင်းဆောင် ဂျွန်တယ်ရီဟာ အရန်ခုံမှာသာ ထိုင်နေရခဲ့ပါတယ်။ နည်းပြမော်ရင်ဟိုနဲ့ ကစားသမားအချို့ဟာ ဆက်ဆံရေးအဆင်မပြေဖြစ်နေတဲ့ပုံပါပဲ။ အိုင်ဗန်နိုဗစ်၊ ကော်စတာနဲ့ မာတစ်တို့ဟာ အစပွဲ ပွဲထွက်ကစားခွင့်တွေဆုံးရှုံးနေတဲ့ ကစားသမားတွေပါ။ ဒီအထဲ မှာ တယ်ရီလည်းပါဝင်ပါတယ်။ ဂျွန်တယ်ရီဟာ ရာသီအစ ပြိုင်ပွဲတွေမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ ရုန်းကန်ကြိုးစားနေရပါတယ်။ ဝက်စ်ဘရွန်းနဲ့ မန်စီးတီးတို့နှင့် ကစားခဲ့တဲ့ပွဲတွေမှာ လူစားအဖြစ်သာ ဝင်ရောက်ကစားခဲ့ရပါတယ်။ ဂျွန်တယ်ရီရဲ့ အနာဂတ်ကတော့ သိပ်ကောင်းမှာ မဟုတ်တော့ပါဘူး။ အများဆုံးလူစားလဲကစားခွင့်နဲ့သာ ကစားသမားဘဝအဆုံးသတ်မယ့် အနေအထားပါပဲ။




ကောင်းမြတ်သူ-စုစည်းသည်




## ဘိုင်ယန်မြူးနစ် နည်းပြည်ဖြစ်ဖို့ ဆန္ဒပြင်းပြနေတဲ့ ဂျာဂျင်ကလော့

ဂျာဂျင်ကလော့ဟာ ဒေါ့မွန်နည်းပြအဖြစ်မှ ထွက်ခွာသွားပြီးတဲ့နောက် လက်ရှိအချိန်မှာ အသင်းမဲ့နည်းပြဖြစ်နေပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရာသီက ဒေါ့မွန်အသင်းကို ဘွန်ဒက်စ်လီဂါမှာ ဒုတိယနေရာအထိ အရောက်ပို့ပေးနိုင်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်လက်ရှိနည်းပြ ဂွါဒီယိုလာဟာ ယခုနှစ်ရာသီကုန်ဆုံးချိန် ဘိုင်ယန်မြူးနစ်နဲ့ စာချုပ်မှာ ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ ဂျာဂျင်ကလော့ဟာ ဂွါဒီယိုလာထွက်ခွာမယ့်အရေး စောင့်ကြည့်နေပါတယ်။ ဂွါဒီယိုလာ ထွက်ခွာသွားမယ်ဆိုရင် ဘိုင်ယန်မြူးနစ်နည်းပြဖြစ်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ဂျာဂျင်ကလော့ဟာ မူလက အင်္ဂလန်ပရီမီယာလိဂ်အသင်းတစ်သင်းသို့ ပြောင်းဖို့ စိတ်ဝင်စားနေခဲ့တာပါ။ အင်္ဂလန်သို့ ပြောင်းမယ့် အနေအထားလမ်းကြောင်းကို ပြောင်းပြီး ဂျာဂင်ကလော့က ဘိုင်ယန်မြူးနစ်သို့ ပြောင်းဖို့ ကြိုးစားနေပြီ ဖြစ်ပါတယ်။

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်ပိတ်ဆို့မှုလျှော့ကျရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုများ လျော့ကျစေရေးအတွက် ပုဂ္ဂလိကယာဉ်ရှင်းဝန်ထမ်းများနှင့် NGO အဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယာဉ်ပိတ်ဆို့မှု လျော့ကျလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၆ ရက် တနင်္ဂနွေညပိုင်းတွင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ညအိပ်ကုန်ကား စီးရေ ၁၁၀၀ ဝန်းကျင်ရှိခဲ့ပြီး တနင်္လာနေ့ ပွဲရုံဖွင့်ရက်တွင် ယာဉ်ပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သော်လည်း ပုဂ္ဂလိကယာဉ်ရှင်းဝန်ထမ်းများနှင့် NGO အဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းရှင်းလင်းခဲ့သဖြင့် ညပိုင်းအထိယာဉ်ပိတ်ဆို့မှုမဖြစ်ခဲ့ကြောင်း သိရသည်။ ယာဉ်ကြောပိတ်ဆို့မှု အဖြစ်များသည့် တနင်္လာနေ့တွင် လူအင်အား အပြည့်ဖြင့် ရှင်းလင်းနိုင်ရေးအတွက် နေ့ပိုင်းပုဂ္ဂလိက ယာဉ်ရှင်းဝန်ထမ်းများအနေဖြင့် ခွင့်မယူရန် ဆုပေးဒဏ်ပေးစနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိကြောင်းလည်း သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း အမှိုက်နှင့်သန့်ရှင်းရေးလုပ်ငန်းများ၊ နေ့ပိုင်းယာဉ်ရှင်းလုပ်ငန်းများ၊ ညပိုင်းလုံခြုံရေးလုပ်ငန်းများအတွက် ပွဲရုံဝင်းအတွင်းရှိ လုပ်ငန်းရှင်များက နှစ်နှစ်လျှင်တစ်ကြိမ်ရွေးချယ်သော NGO အဖွဲ့အစည်းဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည်။ ပွဲရုံဝင်းအတွင်း လုပ်ငန်းလုပ်ကိုင်သူများ၊ ညအိပ်ကုန်ကားများထံမှ ကောက်ခံရရှိသောငွေကြေးအပေါ်မူတည်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဖွဲ့က ဆောင်ရွက်နေခြင်းဖြစ်ကာ ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေးအပြင် သန့်ရှင်းရေးနှင့် လုံခြုံရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွဲရုံဝင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေးအတွက် နောက်တွဲယာဉ်များဝင်ရောက်မှုကို နေ့ပိုင်းကန့်သတ်ချိန်အတွင်း ခွင့်မပြုကြောင်း၊ စက်တင်ဘာ ၁၂ ရက်က ကန့်သတ်ချိန်အတွင်း ပိတောက်လမ်းအတွင်း၌ နောက်တွဲယာဉ်တစ်စီး ဝင်ရောက်ခဲ့ရာ ယင်းလမ်းပိုင်းရှိ ယာဉ်ထိန်းဝန်ထမ်းများက သတင်းပို့ခြင်းမရှိသဖြင့် အရေးယူခဲ့ကြောင်း၊ ပွဲရုံဝင်းအတွင်း ညအိပ်ရပ်နားသည့်ယာဉ်များမှ ကောက်ခံရရှိသော ဖွံ့ဖြိုးရေးငွေကို အလွဲသုံးစားပြုမှုကိုလည်း အရေးယူမှုများရှိခဲ့ကြောင်း NGO အဖွဲ့မှ တာဝန်ရှိသူ ဦးအောင်ဇော်သက်က ပြောသည်။

**ခင်ဆိုင်**

# မန္တလေးကန်တော်ကြီး၌ ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပမည်

**မန္တလေး စက်တင်ဘာ ၁၈**

အသက်ခြောက်နှစ်နှင့် ကိုးနှစ်အရွယ် တွဲဆိုင်းနှစ်ဆိုင်းပါဝင်မည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို စက်တင်ဘာ ၂၅ ရက်တွင် မန္တလေးမြို့ ကန်တော်ကြီး Green မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အသက်အငယ်ဆုံးအဖြစ် အသက်ခြောက်နှစ်အရွယ် သူရဆင်(စွမ်းကေကေ)နှင့် ချန်ပီယံ(ဂေါဝိန်)တို့ တွဲဆိုင်း၊ အသက်ကိုးနှစ်အရွယ် မင်းထက်သာ(စွမ်းကေကေ)နှင့် ရှမ်းကြီး(ဂေါဝိန်)တို့တွဲဆိုင်းနှင့် အသက် ၁၂ နှစ်အရွယ် ဟိန်းသူရဇော်(စွမ်းကေကေ)နှင့် ငမန်းလေး(စစ်ကိုင်း)တို့၏ တွဲဆိုင်းအပါအဝင် သုံးချီစိန်ခေါ်ပွဲ လေးပွဲ၊ လေးချီစိန်ခေါ်ပွဲ နှစ်ပွဲနှင့်ငါးချီစိန်ခေါ်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို စွမ်းကေကေကလပ်ပိုင်ရှင်ဦးသောင်းရွှေက စီစဉ်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲများကို တစ်လလျှင် တစ်ကြိမ်ခန့် ကျင်းပသွားနိုင်ရန်လည်း စီစဉ်ထားကြောင်း ချမ်းအေးသာစံမြို့နယ် D&G Food Centre ၌ စက်တင်ဘာ ၁၆ ရက်တွင် ပြုလုပ်သည့် ပွဲအကြိုသတင်းစာရှင်းလင်းပွဲမှ သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မုံရွာ စက်တင်ဘာလ ၁၈**

တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက်(အလွတ်တန်း)ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲအဖြစ် မုံရွာခရိုင်အသင်းနှင့် စစ်ကိုင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းခရိုင်အသင်းက အနိုင်ရရှိခဲ့ပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ ပြိုင်ပွဲသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး ပိုက်ကျော်ခြင်းအားကစားဆပ်ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာပညာရေးကောလိပ်မှ သင်တန်းသားများ၊ ကျောင်းသား ကျောင်းသူများ၊ ပိုက်ကျော်ခြင်း ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

၂၀၁၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက်(အလွတ်တန်း)ပိုက်ကျော်ခြင်း ပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ကိုးခုမှ ပြိုင်ပွဲဝင်အမျိုးသား ကိုးသင်းနှင့် အမျိုးသမီးအသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး စက်တင်ဘာ ၉ရက် မှ ၁၅ရက်အထိ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**




# ရန်ငြိုးရန်စကြောင့် သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွား၍ တစ်ဦးသေဆုံး

**တာချီလိတ် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် အောက်မိုင်းဟဲကျေးအုပ်စု မဲအုန်း(၂)ကျေးရွာ၌ ရန်ငြိုးရန်စကြောင့် သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးသွားသည့်ဖြစ်စဉ် စက်တင်ဘာ ၁၅ ရက်နေ့ ညနေပိုင်းက ဖြစ်ပွားခဲ့သည်။



ဖြစ်စဉ်မှာ တာချီလိတ်မြို့ မိုင်းကိုးကျေးရွာအုပ်စု ရန်ရှင်း(၃)ကျေးရွာနေ ယာကုတ်(၃၁နှစ်)အားသေနတ်ဒဏ်ရာများဖြင့် နေအိမ်ရှေ့ အဖီအောက်တွင် မှောက်လျက်အနေထားဖြင့် သေဆုံးနေကြောင်း တွေ့ရှိရ၍ အစ်ကိုဖြစ်သူ ဦးဒါဝိတ်ကစုံစမ်းခဲ့ရာ ယာကုတ်အား သတ်သွားသူမှာ တစ်ရွာတည်းနေ ရန်ငြိုးရှိသူ လူပေါ(ခ)လီပိုး(၂၂ နှစ်) ဖြစ်ပြီး လူပေါ(ခ)လီပိုးအား သက်သေခံသြစတြေးလျနိုင်ငံလုပ် 9mm GLOCK LDG-၂၈၄ သေနတ်တစ်လက်၊ ၂၀ ဒသမ ၆ လက်မခန့်ရှိ ဓားတစ်ချောင်းတို့နှင့်အတူ မိုင်းဟဲအောက်ပြည်သူ့စစ်အဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ချိန်တွင် ယာကုတ်တစ်ဦးတည်းထိုင်နေစဉ် ၎င်းနောက်ကျောကို မိမိပါလာသော ဓါးအပြားဖြင့် ရိုက်လိုက်ကြောင်း၊ လဲကျသွားသောယာကုတ်က ၎င်းတွင်ရှိသော သေနတ်ဖြင့်ထုတ်၍ ပြန်လည်ပစ်ခတ်မည်ကို စိုးရိမ်သဖြင့် သေနတ်ကိုလုယူပြီး ပစ်လိုက်ခြင်းဖြစ်ကြောင်း လူပေါ၏ ထွက်ဆိုချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ၏အစ်ကို ဦးဒါဝိတ်က တာချီလိတ်မြို့မရဲစခန်း၌ တိုင်တန်းခဲ့ပြီး တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**



# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ကြံခင်း စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် သောကြာဒူးအုပ်စု အလယ်ကျွန်းရွာမှ ရေဘေးသင့်ပြည်သူများအတွက် ဘုရားရုပ်ပွားဆင်းတုတော် ၄၃ ဆူ၊ ရှစ်ပြည်ဝင်ဆန်အိတ် ၄၃ အိတ်နှင့် ဆီပုံး ၄၃ ပုံးကို ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်တင်ဘာ ၁၄ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ဟင်္သာတခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆရာတော်ဦးဝံသသီရိ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့် မိသားစု၊ Mr. TONGRIODJO ANGK-ASA FAMILY ESifh LUMBINI အမြန်ကားလိုင်းမိသားစုတို့မှ လှူဒါန်းထောက်ပံ့ထားသောပစ္စည်းများမှ အလယ်ကျွန်းကျေးရွာမှပြည်သူများထံ ခွဲဝေလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဌေးမင်း**

# ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပြီး

**မိတ္ထီလာ စက်တင်ဘာ ၁၈**

မိတ္ထီလာမြို့နယ်အတွင်းရှိ ဆင်စလွယ်-ဝက်ကုန်း-ရတနာမဉ္ဇူ ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် အဆင့်တိုးမြှင့်ခင်းကျင်းပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဆင်စလွယ်-ဝက်ကုန်း-ရတနာမဉ္ဇူ ကျေးရွာချင်းဆက်လမ်းသည် အကျယ် ၁၂ ပေ၊ အရှည် ဝ ဒသမ ၇ မိုင်ရှိပြီး ဒေသခံပြည်သူများ အားထားနေရသည့်လမ်းဖြစ်ရာ လမ်းအဆင့်တိုးမြှင့်ပြီးသဖြင့် ဒေသထွက်သီးနှံနှင့် ကုန်စည်များ သယ်ယူပို့ဆောင်ရောင်းဝယ်ရာတွင် လွယ်ကူမြန်ဆန်လာတော့မည်ဖြစ်ကြောင်း သိရသည်။ လမ်းအဆင့်တိုးမြှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၅ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းတံတားများ တည်ဆောက်ခြင်း၊ ကျေးလက်မီးလင်းရေး၊ သောက်သုံးရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဓာတ်အားပြတ်တောက်မှုနှင့်ပျောက်ဆုံးယှုနစ်ကျဆင်းရေးဆောင်ရွက်

**မကွေး စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့ကို တိုင်းမြို့တော်အဂ်ါရပ်နှင့်အညီဖြစ်အောင် ဌာနဆိုင်ရာများက ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိရာ မြို့နယ်လျှပ်စစ်ဌာန အနေဖြင့်လည်း မိုးတွင်းကာလတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှု လျှော့နည်းကျဆင်းရေးနှင့် ဓာတ်အားပျောက်ဆုံးယူနစ်များ လျော့ကျရေးအတွက် စက်တင်ဘာလပိုင်းမှစ၍ စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စီမံချက်အနေဖြင့် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့်သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ကြွေသီးအကွဲများကို အသစ်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မကွေးမြို့နယ် လျှပ်စစ်ဌာနမှသိရသည်။ လိုင်းဖော့(Line Fault)ဖြစ်ပွားမှုအကြိမ်ရေနည်းခြင်းနှင့် ပျောက်ဆုံးယူနစ် ကျဆင်းရေးအတွက်လည်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းထိုက်မွေးက ပြောသည်။

မကွေးမြို့တွင် ယမန်နှစ်က ဓာတ်လိုက်သေဆုံးမှု လေးမှုဖြစ်ပွားခဲ့သော်လည်း ယခုနှစ်တွင် ဓာတ်လိုက်သေဆုံးမှု တစ်မှုသာ ဖြစ်ပွားခဲ့ကြောင်း မြို့နယ်လျှပ်စစ်ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မကွေးမြို့ပေါ်တွင် ရပ်ကွက် ၁၅ ခု၌ ကွန်ကရစ်ဓာတ်တိုင် ၂၀၀၀ ဝန်းကျင်နှင့် သံဓာတ်တိုင် ၇၀၀ ဝန်းကျင်ခန့်ရှိပြီး အိမ်သုံးမီတာ အလုံးရေ ၃၀၀၀၀ ဝန်းကျင်ခန့် တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း သိရသည်။ အိမ်သုံးမီတာလိုအပ်၍ လျှောက်ထားသူများအနေဖြင့်လည်း လျှောက်ထားနိုင်ကြောင်း၊ မီတာတစ်လုံးလျှင် ကျပ် ၈၉၀၀၀ ဖြင့် လျှပ်စစ်ဌာနသို့ တရားဝင်ပေးသွင်းရမည်ဖြစ်ကာ သက်ဆိုင်ရာလျှပ်စစ်ဌာနက မီတာလျှောက်ထားသူများကို နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ **ကျော်ဇေယျ**

# မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့တွင် နယ်စပ်သွားလာရောင်းဝယ်မှု နည်းပါးသည့်အတွက် တည်းခိုခန်းများ အရှုံးပေါ်နေ

**တမူး စက်တင်ဘာ ၁၈**

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးတွင် ဈေးကွက်အကြီးမားဆုံးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ်တွင် လာရောက်သည့်ဧည့်သည် နည်းပါးနေသည့်အတွက် တမူးမြို့ပေါ်ရှိ တည်းခိုခန်းကြီးများ အရှုံးပေါ်နေကြောင်း သိရသည်။

ယခုနှစ် ဇူလိုင်လကုန်ပိုင်းက ဒေသတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားချိန်မှအစပြု၍ နယ်စပ်ရောင်းဝယ်မှုများရပ်တန့်နေခဲ့ရာမှ ယခုစက်တင်ဘာလဆန်းချိန်အထိ အရောင်းအဝယ်နှေးကွေးလျက်ရှိနေပြီး တမူးနယ်စပ်သို့ လာရောက်သည့်ဧည့်သည်များ နည်းပါးနေခြင်းဖြစ်ကြောင်း သိရသည်။

**ကလေး-တမူးလမ်းသည် ရေကြီးရေလျှံမှုကြောင့် အသွားအလာပြတ်တောက်သွားခဲ့ပြီး ဩဂုတ် ၁၈ ရက်ဝန်းကျင်တွင်မှ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့အပြင် တစ်ဖက်နိုင်ငံတွင်လည်း လူမျိုးစုပြဿနာများဖြင့် အသွားအလာများပိတ်ထားခဲ့ရာ ယခုရက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပြီဖြစ်သော်လည်း အရောင်းအဝယ်မှာ ပါးနေဆဲဖြစ်. . .**

"ကျွန်တော်တို့ နယ်စပ်တည်းခိုခန်းတွေက နယ်စပ်အရောင်းအဝယ်ပေါ် မူတည်ပါတယ်၊ အရောင်းအဝယ်၊ အသွားအလာ ကောင်းမွန်တဲ့ရာသီတွေမှာ ဧည့်ပေါပြီး ဝင်ငွေရတယ်၊ အခုလိုရာသီမှာတော့ အသွားအလာ အရောင်းအဝယ်ပါးပြီး ခရီးသည်၊ ကုန်သည်လာရောက်မှုလည်းနည်းတယ်၊ အထူးသဖြင့် အခုနှစ်က ကလေး-တမူးလမ်းမှာ တံတားတွေကျိုး၊ လမ်းတွေပျက်တဲ့အတွက် ဧည့်တည်းခိုမှု နည်းပါးပါတယ်"ဟု ကနေဒီတည်းခိုရိပ်သာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျသော ကလေး-တမူးလမ်းသည် ဇူလိုင်လကုန်ရက်ပိုင်းမှအစပြု၍ ကလေး၊ တမူးဒေသ ရေကြီးရေလျှံမှုကြောင့် အသွားအလာပြတ်တောက်သွားခဲ့ပြီး ဩဂုတ် ၁၈ ရက်ဝန်းကျင်တွင်မှ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့အပြင် တစ်ဖက်နိုင်ငံတွင်လည်း လူမျိုးစုပြဿနာများဖြင့် အသွားအလာများ ပိတ်ထားခဲ့ရာ ယခုရက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပြီဖြစ်သော်လည်း အရောင်းအဝယ်မှာ ပါးနေဆဲဖြစ်ကြောင်း သိရသည်။

"လမ်းပိတ်တာ ဖွင့်တာကတော့ ဒီဘက်မှာ တစ်ရက်တည်းကို သုံးလေးကြိမ် ဖွင့်လိုက်ပိတ်လိုက် လုပ်ချင်လုပ်တာ။ မြန်မာနိုင်ငံဘက်က ရောင်းကုန်တွေရှိပေမယ့် တစ်ဖက်ကအခြေအနေမကောင်းရင် ဘာမှလုပ်မရဘူး။ စားကုန်သောက်ကုန်တွေကတော့ အရောင်းအဝယ်ရှိတယ်။ ပစ္စည်းကြီးတွေကတော့ အနည်းအကျဉ်းပဲ အရောင်းအဝယ်ဖြစ်တယ်"ဟု တမူးမြို့ ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


တမူးမြို့ နန်းဖာလုံဈေးပုံ

တမူးမြို့တွင် အဆင့်မြင့်တည်းခိုခန်းကြီးများ မရှိသော်လည်း ကနေဒီ၊ ပါဝါ၊ မြိုင်နန်းစံ၊ ရွှင်ရယ်လ်၊ ရွှေကံ့ကော်စသည့် ရိုးရိုးတည်းခိုခန်းများရှိပြီး တည်းခိုခများမှာ အနိမ့်ဆုံးကျပ်သုံးထောင်မှ ကျပ်တစ်သောင်းခွဲအထိ ရှိကြောင်းသိရသည်။

**သျှင်သူရိယ**



## သန့်ရှင်းသောသောက်သုံးရေရရှိရန် ရေလျှံတွင်းတူးဖော်

**ခင်ဦး စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ဝန်းကြီးကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရန်အတွက် ရေလျှံတွင်းတစ်တွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၉ ဒသမ ၉၅ သန်းဖြင့် စက်တင်ဘာလ ပထမပတ်မှ စတင်တူးဖော်လျက်ရှိသည်။

ဝန်းကြီးကျေးရွာ ရေလျှံတွင်းကို နှစ်လက်မပိုက်ဖြင့် အနက်ပေတစ်ထောင်အထိ တူးဖော်သွားဖြစ်ကြောင်းနှင့် ရေတွင်းတူးဖော်ပြီး ရေရရှိလာပါက ကျေးရွာအတွင်းမှပြည်သူများ လွယ်ကူစွာသုံးစွဲနိုင်ရန်အတွက် ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်နှစ်ကန်ကိုလည်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ချိုချိုနွယ်၏ ပြောကြားချက်အရ သိရသည်။

**ခင်ဦးစိုးဝေ**

## ထရန်စဖော်မာ၊ ကွန်ကရစ်မီးတိုင်နှင့် ဓာတ်အားလိုင်းကြိုးအသစ် တပ်ဆင်

**ရေဦး စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချရေးဦးစီးဌာနက ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ဗိုလ်အောင်ဇေယျရပ်ကွက်နှင့် ရေဦးကုန်းကျေးရွာ လမ်းဆုံရှိ ဆွေးမြည့်သံမီးတိုင်များ၊ ဟောင်းနွမ်း ၀ ဒသမ ၄ ဓာတ်အားလိုင်းကြိုးများအစား ကွန်ကရစ်မီးတိုင်များ၊ ကြွေသီးအသစ်များ၊ 11KV ဓာတ်အားလိုင်း ကြိုးများ ပြောင်းလဲတပ်ဆင်ခြင်းအပါအဝင် ၃၁၅ ကေဗွီထရန်စဖော်မာအသစ်တစ်လုံး တပ်ဆင်ပေးထားကြောင်း သိရသည်။

ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာန လျှပ်စစ်အင်ဂျင်နီယာမှူးများနှင့်ဝန်ထမ်းများက ဩဂုတ်လမှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

**သန်းထိုက်(ရေဦး)**

## မန္တလေး၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးလက်ကားဈေး ဖွင့်လှစ်ရန် ဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် သားငါးလက်ကားဈေးကြီးကို အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ရေးအတွက် မန္တလေးအစိမ်းရောင်မြို့တော် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်နှင့် သားငါးလုပ်ငန်းရှင်များနှင့် စက်တင်ဘာ ၁၃ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

မန္တလေးအဆင့်မြင့်ဈေးချိုတော် မန်းမြန်မာပလာဇာ ခြောက်လွှာရှိ Western Park စားသောက်ဆိုင်၌ ကျင်းပသည့် ဆွေးနွေးပွဲတွင် မန္တလေးအစိမ်းရောင်မြို့တော် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်း(စိန်နှင့်မြ)၊ မန္တလေးအစိမ်းရောင်မြို့တော် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးထွန်းဝင်းတို့က မန္တလေးလက်ကားဈေးကြီးနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် Strength United Myanmar ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခိုင်စိုးစုက



နိုင်ငံတကာမှ လက်ကားဈေးကြီးများ၏ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ မန္တလေးလက်ကားဈေးကြီး တည်ဆောက်မည့်ဒီဇိုင်းနှင့် ပုံစံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံနှင့် ပန်းမန်စိုက်ပျိုးသူများအသင်းမှ တာဝန်ရှိသူများ၊ ရေထွက်ပစ္စည်းနှင့် သားငါးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ ဘဏ်၊ တိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းရှင်များအသင်း စသည်တို့မှ တာဝန်ရှိသူများကလည်း လက်ကားဈေးကြီး အကောင်အထည်ဖော်ရေးအတွက် လိုအပ်သည့်အချက်များကို ဆွေးနွေးအကြံပြုတင်ပြခဲ့သည်။

ထို့နောက် မန္တလေးအစိမ်းရောင်မြို့တော် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးသန်းဝင်း(မန်းမြန်မာ) နှင့် Strength United Myanmar ကုမ္ပဏီလီမိတက်မှမန်နေဂျင်းဒါရိုက်တာ ဒေါ်ခိုင်စိုးစုတို့က မန္တလေးလက်ကားဈေးကြီး၏ ဗိသုကာဒီဇိုင်းလုပ်ငန်းအပ်နှံခြင်းသဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**တင်မောင်(မန္တလေး)**

## မြိုင်မြို့နယ်တွင် သားအမိနှစ်ဦး မိုးကြိုးထိမှန်သေဆုံး


**မြိုင် စက်တင်ဘာ ၁၈**

မြိုင်မြို့နယ် တည်ပင်ကျေးရွာ၌ သားအမိနှစ်ဦး မိုးကြိုးထိမှန်၍ သေဆုံးမှုစက်တင်ဘာ ၁၆ ရက်က ဖြစ်ပွားခဲ့ကြောင်း မြိုင်မြို့မရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက မြိုင်မြို့နယ်၊ တည်ပင်ကျေးရွာနေ ဒေါ်ဝင်း(၄၀ နှစ်)နှင့် ၎င်း၏သမီး မဖြိုးအိစံ (၁၉နှစ်) (တက္ကသိုလ်ဝင်တန်းအောင်) တို့နှစ်ဦးသည် နွားကျောင်းနေရာမှ မိုးရွာသဖြင့် ရှားပင်အောက်၌ မိုးခိုနားစဉ် မိုးကြိုးပစ်ချ၍ မိုးကြိုးထိမှန်ကာ ဒေါ်ဝင်း၏ မျက်နှာတွင် မည်းသွားပြီး သေဆုံးခဲ့ခြင်းဖြစ်ကာ မဖြိုးအိစံမှာလည်း မိခင်ဖြစ်သူ၏ လက်ကိုဆွဲလျက် သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြိုင်မြို့မရဲစခန်းမှ ရဲအုပ်သိန်းစိုးက သွားရောက်စစ်ဆေးခဲ့ပြီး သေမှုသေခင်းဖွင့်လှစ်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဂျာနယ်နှင့် စာအုပ်များကို အွန်လိုင်းမှ ဝယ်ယူ ငှားရမ်းနိုင်




**ရန်ကုန် စက်တင်ဘာ ၁၈**

အပတ်စဉ်ထုတ်ဂျာနယ်များ၊ မဂ္ဂဇင်းများနှင့် စာအုပ်အမျိုးမျိုးကို ပြင်ပစာအုပ်ထက် ဈေးနှုန်းသက်သာသော eBook အနေဖြင့် http://ebook.xan.com.mm ဝက်ဘ်ဆိုက်တွင် ဝယ်ယူ၍ဖြစ်စေ ငှားရမ်း၍ဖြစ်စေ ဖတ်ရှုနိုင်ကြောင်း သိရသည်။

ebook.xan.com.mm ဝက်ဘ်ဆိုက်တွင် သုတ၊ ရသစာအုပ်များ၊ ပညာရပ်ဆိုင်ရာ စာအုပ်များစသည့် စာအုပ်မျိုးစုံ အုပ်ရေ ၃၀၀ ခန့်နှင့် အပတ်စဉ်ထုတ် ဂျာနယ်များအနေဖြင့် 7Day News, The Politics, First Weekly စသည့် ဂျာနယ်များကို သက်ဆိုင်ရာ ထုတ်ဝေသူများ၊ စာရေးဆရာများနှင့် တရားဝင် အကျိုးတူပူးပေါင်းကာ ရောင်းချနေခြင်းဖြစ်သည်။

"ဒီမှာရောင်းချဖို့အတွက် စာအုပ်တိုက်တွေနဲ့ ချိတ်ထားတာ ၁၀ တိုက်လောက်ရှိပါပြီ။ ဈေးနှုန်းကိုတော့ ပြင်ပဈေးနှုန်းတွေထက် သက်သာအောင်ပေးဖို့ ထုတ်ဝေသူတွေနဲ့ ညှိထားပါတယ်။ စာအုပ်ဈေးနှုန်းရဲ့ တစ်ဝက်နဲ့ပဲ သတ်မှတ်ရောင်းပေးဖို့ စာအုပ်တိုက်တွေကို ပြောထားပါတယ်" ဟု ဝက်ဘ်ဆိုက်ကို ပြုလုပ်ထားသော Xan IT Solutions မှ မန်နေဂျင်းဒါရိုက်တာ ဦးကင်းဝန်က ပြောသည်။

ရောင်းချသော စာအုပ်များမှာ ဈေးနှုန်းအမျိုးမျိုးရှိကာ ဝယ်ယူပြီးပါက အဆိုပါ eBook ကို အပိုင်ရရှိမည်ဖြစ်သည်။ ငှားရမ်းလျှင်မူ စာအုပ်ကိုဒေါင်းလုပ်ဆွဲယူပြီး ငါးရက်အတွင်းသာ ဖတ်ရှုနိုင်မည်ဖြစ်ကာ ငှားရမ်းခမှာ တစ်အုပ်လျှင်ငွေကျပ် ၂၀၀ ဖြစ်သည်။ အဆိုပါဝက်ဘ်ဆိုက်တွင် ရောင်းချသည့်စာအုပ်များအပြင် အခမဲ့ရယူနိုင်သည့် စာအုပ်များကိုလည်း တင်ပေးထားပြီး ဂျာနယ်များမှာမူ အပြင်တွင် ထွက်သည်ထက် တစ်ရက်နောက်ကျကာ အခမဲ့တင်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ ရောင်းချငှားရမ်းသည့် စာအုပ်များကို ePub ဖိုင်အမျိုးအစားဖြင့် ရောင်းချခြင်းဖြစ်ပြီး ပုံမှန်စာအုပ်ဖိုင်များဖြစ်သော PDF ထက် ဖိုင်အရွယ်အစား ဆယ်ပုံတစ်ပုံခန့်သေးသဖြင့် ဒေါင်းလုပ်ပြုလုပ်ရာတွင် လွယ်ကူမည်ဖြစ်ကြောင်း သိရသည်။

စာအုပ်များကို ဝယ်ယူရန်အတွက် ဝက်ဘ်ဆိုက်တွင် မှတ်ပုံတင်ပြုလုပ်၍ Account တစ်ခု အခမဲ့ပြုလုပ်ရမည်ဖြစ်ပြီး ဝယ်ယူသည့်စာအုပ်ကို ရွေးချယ်၍ ငွေချေပြီးပါက အဆိုပါ Account မှတစ်ဆင့် ဒေါင်းလုပ်ဆွဲရမည်ဖြစ်သည်။ ဒေါင်းလုပ်ဆွဲပြီးလျှင် စာအုပ်ကို ရရှိပြီဖြစ်သော်လည်း ePub ဖိုင်အမျိုးအစားဖြစ်သဖြင့် ဖတ်ရှုရန်အတွက် ကွန်ပျူတာတွင် Viewer ဆော့ဖ်ဝဲနှင့် ဖုန်းများတွင် Viewer Application တစ်ခုကို ထည့်သွင်းထားရမည်ဖြစ်သည်။ ကွန်ပျူတာအတွက် ဆော့ဖ်ဝဲနှင့် အန်းဒရွိုက်အတွက် အပလီကေးရှင်းများကို ဝက်ဘ်ဆိုက်ထဲတွင်ပင် အခမဲ့ ဒေါင်းလုပ်ဆွဲ၍ ရယူနိုင်မည်ဖြစ်သည်။

ဒေါင်းလုပ်ဆွဲယူပြီးသည့် စာအုပ်များကို ဒေါင်းလုပ်ဆွဲသည့် ဖုန်းနှင့် ကွန်ပျူတာများမှ ဖတ်ရှုနိုင်မည်ဖြစ်သော်လည်း အခြားကွန်ပျူတာနှင့် ဖုန်းများသို့ထပ်ဆင့်၍ ဖြန့်ဝေပေးခြင်းကို ပြုလုပ်နိုင်မည်မဟုတ်ကြောင်း၊ ထပ်ဆင့်မျှဝေပေးလျှင်လည်း ဖိုင်ကိုမျှဝေပေးသည့်တိုင် အခြားဖုန်းများတွင် ဖတ်ရှု၍ ရမည်မဟုတ်ကြောင်း သိရသည်။ ထို့အပြင် စာလုံးများ၊ စာပိုဒ်များကို ကော်ပီကူးခြင်းနှင့် Screen Shot ဖမ်းခြင်းများကိုလည်း လုပ်နိုင်မည်မဟုတ်ကြောင်း သိရသည်။

"အဓိကကတော့ ရေးတဲ့စာရေးဆရာတွေ၊ ထုတ်တဲ့စာအုပ်တိုက်တွေရဲ့ Copy Right ကို ထိန်းချင်လို့ လုပ်ထားတာပါ။ ဝတ္ထုတွေဆိုရင် စာပိုဒ်တစ်ပိုဒ်ချင်းအလိုက် Copy Right ရှိတယ်။ ဒါကြောင့် စာအုပ်တိုက်တွေကတော့ ကြိုက်တာပေါ့။ User တွေကတော့ သိပ်မကြိုက်ဘူး"ဟု ဦးကင်းဝန်က ပြောသည်။

ရောင်းချသောစာအုပ်များအတွက် အကျိုးအမြတ်ခွဲဝေမှုအနေဖြင့် စာအုပ်တိုက်များက ePub ဖိုင် ပြုလုပ်ပေးပါက ရောင်းဈေးတွင် အခွန်အခများဖယ်ပြီး ကျန်ငွေကို စာအုပ်တိုက်နှင့် Xan ဝက်ဘ်ဆိုက်က တစ်ဝက်စီရယူကြောင်း၊ ePub ဖိုင်ကို ဝက်ဘ်ဆိုက်မှ ပြုလုပ်ပေးရပါက ထုတ်ဝေသူက ၄၀ ရာခိုင်နှုန်းနှင့် ဝက်ဘ်ဆိုက်က ၆၀ ရာခိုင်နှုန်းရယူကြောင်း သိရသည်။ ဝက်ဘ်ဆိုက်ကို စတင်ခဲ့သည်မှာ သုံးလခန့်ရှိပြီဖြစ်ကာ စာအုပ်အရေအတွက်များ ထပ်တိုးနိုင်ရေးအတွက် စာအုပ်တိုက်များ၊ ထုတ်ဝေသူများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် လက်ရှိထွက်ထားသည့် ဆော့ဖ်ဝဲနှင့် အပလီကေးရှင်းများမှာ ဒေါင်းလုပ်ဆွဲပြီးသော စာအုပ်များကိုသာ ဖတ်နိုင်ပြီး Account ပြုလုပ်ရန်၊ ဒေါင်းလုပ်ဆွဲရန်အတွက် ဝက်ဘ်ဆိုက်သို့ Browser ဖြင့် သီးသန့်ဝင်ရောက်နေရခြင်းဖြစ်ရာ စာအုပ်များကို တိုက်ရိုက်ဒေါင်းလုပ်ဆွဲနိုင်မည့် အပလီကေးရှင်း ဗားရှင်းအသစ်ကိုလည်း ဒီဇင်ဘာလအတွင်း၌ ထပ်မံထုတ်လုပ်သွားရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**

## ကင်မရာပိုင်းတွင် အားသာချက်များစွာပါဝင်သည့် လီနိုဗိုစမတ်ဖုန်းသစ်များ မိတ်ဆက်



ဆယ်လ်ဖီ ရိုက်ကူးမှုအတွက် အဆင်ပြေရန်နှင့် ကင်မရာပိုင်းကို ကောင်းမွန်အောင် အဓိကထား၍ ပြုလုပ်ထားသည့် လီနိုဗို VIBE Shot စမတ်ဖုန်း မော်ဒယ်သစ်နှင့် အခြား လီနိုဗိုဖုန်းမော်ဒယ်သစ် လေးမျိုးကို လီနိုဗို၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သော KMD ကွန်ပျူတာက စက်တင်ဘာ ၁၁ ရက်တွင် စတင်မိတ်ဆက်ခဲ့သည်။

ရှေ့ကင်မရာ 8 Megapixel နှင့် နောက်ကင်မရာ 16 MP အထိပါဝင်ပြီး ဆယ်လ်ဖီရိုက်ကူးမှုများနှင့် ဓာတ်ပုံရိုက်ကူးမှုအတွက် လုပ်ဆောင်ချက်သစ်များ များစွာပါဝင်သည့် VIBE Shot ဖုန်းမှာ မြန်မာစာလည်း ပါဝင်ပြီးဖြစ်ကာ တစ်နှစ်အာမခံပေးထားပြီး ဈေးနှုန်းမှာ ကျပ် ၃၈၉၀၀၀ ဖြစ်သည်။ မိတ်ဆက်ခဲ့သော အခြားဖုန်းမော်ဒယ်သစ်များမှာ A7000၊ A6000၊ VIBE X2 နှင့် S60 ဖုန်းများဖြစ်ပြီး ကင်မရာလုပ်ဆောင်ချက်များကို အဓိကထား၍ ပြုလုပ်ထားသည့် ဖုန်းများဖြစ်သည်။ **သူရဖြိုး**

## အခမဲ့ online IELTS သင်တန်း ဗြိတိသျှကောင်စီမှ ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

စိတ်ပါဝင်စားသူတိုင်း မည်သူမဆို အွန်လိုင်းမှတစ်ဆင့် အခမဲ့ ဝင်ရောက်လေ့လာနိုင်မည့် အခမဲ့ online IELTS သင်တန်းကို ဗြိတိသျှကောင်စီမှ စက်တင်ဘာ ၂၁ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

IELTS ဖြေဆိုရန် လေ့လာသင်ယူနေသူများနှင့် အင်္ဂလိပ်စာလေ့လာလိုက်စားသောသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ တစ်ပတ်လျှင် နှစ်နာရီဖြင့် ရက်သတ္တပတ်ခြောက်ပတ် ဖြစ်သည်။

IELTS တွင် ဖြေဆိုရသော reading, writing, speaking နှင့် listening အပိုင်းတိုင်းအတွက် video tutor နှင့် အတွေ့အကြုံရှိ IELTS နည်းပြဆရာများမှ အကြံပေးသင်ကြားပေးသွားမည်ဖြစ်ပြီး IELTS စာမေးပွဲအကြောင်း၊ အမှတ်ပေးပုံစံနှင့် စာမေးပွဲဖြေဆိုရန် ပြင်ဆင်လေ့လာနေသူများအတွက် အသုံးဝင်သော အကြံပေးချက်များကိုပါ လေ့လာသင်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် တစ်ကမ္ဘာလုံးရှိ IELTS စာမေးပွဲအတွက် လေ့လာသင်ယူနေသူများနှင့်လည်း အတွေ့အကြုံများ ဖလှယ်နိုင်သည့် အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်သည်။

သင်တန်းတက်ရန်အတွက် https://goo.gl/ifjJkN တွင် စာရင်းပေးသွင်းရမည်ဖြစ်ပြီး စာရင်းသွင်းပြီးနောက် စက်တင်ဘာ ၂၁ ရက်မှစ၍ မိမိနှစ်သက်သလို သင့်တော်ရာ အချိန်နှင့် စိတ်ကြိုက်လေ့လာနိုင်သောနှုန်းများဖြင့် သင်တန်းကို ဝင်ရောက်လေ့လာသင်ကြားနိုင်မည်ဖြစ်သည်။ သင်တန်း အစမှ အဆုံးအထိ သင်တန်းတစ်ခုလုံးမှာ အခမဲ့ဖြစ်ပြီး သင်တန်းဆင်းလက်မှတ် "Statement of Participation"ကို ဝယ်ယူလိုပါက နိုင်ငံတကာသုံး credit card ရှိလျှင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းတက်ရန် သက်သက်ဆိုပါက ငွေကြေးကုန်ကျမှု လုံးဝရှိမည်မဟုတ်ကြောင်းလည်း သိရသည်။ **သူရဖြိုး**

# ရေဘေးသင့်ကလေးဒေသ၌ အိမ်သုံးလျှပ်စစ်ပစ္စည်းများကို Samsung Myanmar က အခမဲ့စစ်ဆေးပေး

**ရန်ကုန် စက်တင်ဘာ ၁၈**

ရေဘေးကြုံတွေ့ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ၏ အိမ်သုံးလျှပ်စစ်ပစ္စည်းများကို Samsung Myanmar မှ ကျွမ်းကျင်ပညာရှင်များက စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ အခမဲ့ သွားရောက်စစ်ဆေး ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

Samsung Myanmar မှ ကျွမ်းကျင်ပညာရှင် ခုနစ်ဦးပါအဖွဲ့က ကလေးမြို့ပေါ်ရှိ Samsung ၏ Dealer ဆိုင်ကြီးဖြစ်သည့် အားမန်သစ်အီလက်ထရွန်နစ်ဆိုင်တွင် အခြေစိုက်၍ အဝတ်လျှော်စက်နှင့် ရေခဲသေတ္တာများကို အခမဲ့စစ်ဆေးပြုပြင်ပေးခဲ့ခြင်းဖြစ်သည်။ ပြုပြင်စစ်ဆေးလိုသည့် ပစ္စည်းများကို သယ်ယူလာရန် အခက်တွေ့နေသူများအတွက်လည်း ကြိုတင်စီစဉ်ထားသည့်မော်တော်ယာဉ်ဖြင့် အိမ်တိုင်ရာရောက် ပြုပြင်ပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အစက ဒီလိုမျိုး တစ်နိုင်ငံလုံးမှာလုပ်ဖို့အတွက် ရေဘေးသင့်တဲ့ ဒေသတွေက Samsung Dealer တွေကို စုံစမ်းကြည့်တယ်။ တော်တော်များများက သူတို့ဒေသတွေမှာ မြို့ပေါ်တွေမှာ ရေသိပ်မကြီးဘူး။ မြို့စွန်ရပ်ကွက်တွေ၊ ကျေးရွာတွေမှာပဲဖြစ်တာကြောင့် ဒီလိုလာလုပ်ပေးဖို့ အရမ်းကြီးမလိုအပ်ဘူးလို့ ပြောကြပါတယ်။ ဒါပေမယ့် ကလေးမှာကျတော့ တစ်မြို့လုံး မြို့ပေါ်တွေပါမကျန် ရေမြုပ်သွားတာဖြစ်တာကြောင့် ဒီက Dealer ဆိုင်ကလည်း ဒီလိုအစီအစဉ်မျိုးလာမယ်ဆိုရင် လာခဲ့ပါလို့ပြောတာကြောင့် လုပ်ဖြစ်တာပါ" ဟု Samsung Myanmar မှ မမေမိုးဦးက ဆိုသည်။

အဝတ်လျှော်စက်၊ ရေခဲသေတ္တာ စသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများသည် ရေလွှမ်းမိုးချိန်တွင် ရွှေ့ပြောင်းရခက်ခဲသောကြောင့် ဦးစားပေးပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ Samsung ထုတ်ကုန်များအနက်မှ တစ်နှစ်အတွင်း ဝယ်ယူထားသူများကို လက်ခနှင့် ပစ္စည်းဖိုး အခမဲ့ဖြင့်လည်းကောင်း၊ တစ်နှစ်ကျော်နေသည့် ပစ္စည်းများကို လက်ခအခမဲ့ဖြင့်လည်းကောင်း ပြုပြင်ပေးခဲ့ပြီး Samsung အမှတ်တံဆိပ်များသာမက အခြားအမှတ်တံဆိပ်များကိုလည်း အခမဲ့စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဆမ်ဆောင်းသည် ဩဂုတ် ၇ ရက်ကလည်း လက်ပန်တန်း၊ သုံးဆယ်မြို့နှင့် သာယာဝတီမြို့အနီးတစ်ဝိုက် ရေဘေးသင့်ဒေသ ရှစ်ခုသို့ သွားရောက်၍ ဆန်အိတ်နှင့် သောက်ရေသန့်ဘူးများကို ရေဘေးသင့်ပြည်သူများအား လှူဒါန်းခဲ့ကြောင်း၊ ဆက်လက်၍လည်း လှူဒါန်းသွားရန် စီစဉ်ထားကြောင်း သိရသည်။ **သွန်းဝသန်**



## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 16/HPGE/15-16 (ဘိလပ်မြေ ၅၀၀ တန် ဝယ်ယူခြင်း)

၂။ Tender No-16 ၏ တင်ဒါပိတ်ရက်မှာ ၅-၁၀-၂၀၁၅ ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၉၆နှင့် ၄၁၀၅၃၈**

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၃၈နေ ဒေါ်တင်နွဲ့၏ခင်ပွန်း၊ ကိုတင်သောင်းထွဋ်-မနွယ်နွယ်ဝင်း၊ ကိုအောင်မျိုးသောင်း၊ ကိုကြည်လင်း-မနွဲ့နွဲ့ယဉ်၊ ကိုနေမျိုးထွန်း - မမိုမိုသက်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၇-၉-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၅ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် သံဝေဂဌာနေ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ရီ

**အသက်(၆၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရက်ကွက်၊ရွှေဘို ၁၃လမ်း၊ အမှတ် ၁၀၈၅နေ (ဦးထွန်းရ-ဒေါ်ကြင်လှိုင်)တို့၏သမီး၊ ဦးကျော်သန်း-ဒေါ်မိုးမိုး၊ ဗိုလ်မှူးစောအောင်(ငြိမ်း) - ဒေါ်သန်းသန်းမြင့်၊ ဦးမောင်မောင်လွင်-ဒေါ်လှလှရီတို့၏ညီမ/အစ်မ၊ ဦးမောင်ကို၏ဇနီး၊ ဒုတိယရဲမှူးကြီးအောင်ကိုဝင်း-ဒေါ်အေးဆုမြတ်၊ ဗိုလ်မှူးမင်းမင်းဇော် - ဒေါ်အိမွန်ကျော်(ခ)ချိုတိုးတို့၏မိခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၆-၉-၂၀၁၅ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ရောင်နီဦးမိသားစု

# သက်ဝင်လှုပ်ရှားလာပြီဖြစ်သည့် မိတ္ထီလာကန်မှ ပြန်ခဲ့ပြီ

မိုးမြင့်၊ ကျော်သူထက်
ဓာတ်ပုံ-ကိုကိုလေး


ပြန်လည်တူးဖော်ပြီးစီးသည့် မိတ္ထီလာကန်ကြီး၏ သာယာလှပမှုကို တွေ့ရစဉ်။

"ရေမှာစစ်ကိုင်း၊ လှိုင်းမှာပခန်းငယ်၊ လယ်မှာတောင်တွင်း၊ စပါးမှာရမည်းသင်း၊ အင်းမှာတောင်သမန်၊ ကန်မှာ မိတ္ထီလာ"ဟု တင်စားစပ်ဆိုခဲ့ကြသည့် မိတ္ထီလာကန်သည် သဲနုန်းများပို့ချမှုကြောင့် တိမ်ကောလာသဖြင့် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးသွားပြီဖြစ်သည်။

သျှစ်သျှားကန်၊ မထိလာကန်၊ မေတ္တာကန်၊ ရေများကန်၊ ရှည်လျားကန်၊ မင်္ဂလာကန်ဟူ၍ အမည်အမျိုးမျိုး ခေါ်ဝေါ်သမုတ်ခဲ့ကြသည့် သမိုင်းဝင် မိတ္ထီလာကန်တော်ကြီး ပြန်လည်ပြုပြင်တူးဖော်မှုသည် ယခုအကြိမ်ဆိုလျှင် (၁၈)ကြိမ် ရှိခဲ့ပြီဖြစ်သည်။ ထိုသို့ ကန်ပြန်လည်တူးဖော်ပေးသည့်အပေါ် ဒေသခံပြည်သူများက ဝမ်းသာပီတိ ဖြစ်နေကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■

## U-19 မြန်မာနှင့်ထိုင်း လက်ရွေးစင်အသင်းများ ခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၈**

AFC-U 19 Championship (Group-G) ခြေစစ်ပွဲ ပွဲစဉ်များကို စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၆ ရက်အထိ ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ခြေစစ်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် မြန်မာ့ လက်ရွေးစင် U-19 အသင်းနှင့်ထိုင်းလက်ရွေးစင် U-19 အသင်းတို့သည် စက်တင်ဘာ ၂၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ခြေစမ်းပွဲကစားမည်ဖြစ်ရာ အဆိုပါ ယှဉ်ပြိုင်ကစားကြမည့် ပွဲစဉ်ကို ထိုနေ့ ညနေ ၄ နာရီ မိနစ် ၅၀ မှ စတင်ပြီး MRTV News Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ၏ သဘာဝဘေးဆိုင်ရာတုံ့ပြန်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် EOC

သတင်းဆောင်းပါး-တင်မောင်လွင်(မြန်မာ့အလင်း) ➢ ဓာတ်ပုံ-မောင်မွေး

"သဘာဝဘေးဖြစ်လာရင် EOC က တကယ်အရေးကြီးပါတယ်။ ရရှိတဲ့ သတင်းအချက်အလက်တွေပေါ်မူတည်ပြီး သဘာဝဘေးအန္တရာယ်တွေကို အောင်မြင်အောင်ဆောင်ရွက်ရတာဖြစ်တယ်။ ဒါတွေကသီအိုရီတွေ မဟုတ်ပါဘူး။ လုပ်ငန်းတွေကို တကယ့်လက်တွေ့အကောင်အထည်ဖော်တဲ့နေရာမှာ ပညာရှင်တွေရဲ့ လုပ်ဆောင်မှုအပိုင်းက တကယ်အရေးကြီးပါတယ်။ ပါဝင်တဲ့အဖွဲ့အစည်းတွေအားလုံးက အစိုးရနဲ့ချိတ်ဆက်ပြီး လုပ်ဆောင်ရတာ ဖြစ်ပါတယ်။ ဒီနေရာက မူဝါဒချမှတ်တဲ့နေရာမဟုတ်ပါဘူး။ ချမှတ်ထားတဲ့မူဝါဒတွေကို လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ Operation လုပ်ငန်းတွေ ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်" ဟု အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန၏အကြံပေးအမေရိကန်နိုင်ငံသားမစ္စတာဒွန်ပရိုက် (Mr.Don Price) က ပြောကြားသည်။

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန (RRD) နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန

စာမျက်နှာ ၁၂ ကော်လံ ၁ ◆




**ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းပွဲတော်သင်္ဘောကြီး**

ရန်ကုန်မြို့ အလုံမြို့နယ်ရှိ နိုင်ငံတကာသင်္ဘောဆိပ်ကမ်း၌ အောက်တိုဘာ ၂ ရက်မှ ၁၅ ရက်အထိ ဆိုက်ကပ်ရပ်နားသွားမည့် စာပေမျှော်လင့်ရာ (Logos Hope) ခေါ် ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းပွဲတော် သင်္ဘောကြီးကို တွေ့ရစဉ်။

သတင်း၊ စာမျက်နှာ-၃


နတ်ဆေးအလားစွမ်းပကား ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး အိမ်တိုင်းထား

ကျွန်မမိတ်ကပ်အမျိုးမျိုးကို ပြောင်းလိမ်းတဲ့အကျင့်ရှိပါတယ်။ အဲဒီလိုပြောင်းလိမ်းပါများလာတော့ ဓာတ်မတည့်တာတွေကြောင့်လားမသိဘူး. . .။ ကျွန်မမျက်နှာဟာ မကြာမကြာယားယံလာလို့ မျက်နှာကို စိတ်တိုင်းကျကုတ်မိရာမှ မျက်နှာမှာအသားများပတ်ကာ အရေလန်သလိုမျိုး အဖတ်ဖတ်တွေဖြစ်ပြီး အမည်းကွက်တွေထလာပါတယ်။ ကျွန်မမျက်နှာကြောင့် အရမ်းအားငယ်မိပါတယ်။ သိပ်မကြာခင်မှာဘဲ သူငယ်ချင်းတစ်ယောက် ဝယ်လာတဲ့ 'ရွှေပြည်နန်းသနပ်ခါး'ဘူး အစုံကိုတွေ့တာနဲ့ ဘာအတွက်ကောင်းတာလဲလို့ မေးကြည့်တဲ့အခါ ရွှေပြည်နန်းသံပရာသနပ်ခါးက သူ့မျက်နှာပေါ်က နေလောင်ထားတဲ့ အမည်းကွက်တွေကို ပျောက်ကင်းစေတဲ့အပြင် လည်ပင်း၊ လက်မောင်း စတဲ့နေရာတွေကိုပါ လိမ်းထားလိုက်တာ သူ့ရဲ့အသားအရေက ဝင်းဝါစိုပြေနေတာပဲလို့ပြောပါတယ်။ ရွှေပြည်နန်းသနပ်ခါးဟာ အသားအရေမှာဖြစ်တတ်တဲ့ရောဂါမှန်သမျှ ကုစားပေးနိုင်ကြောင်းလည်းပြောရာ ကျွန်မ 'ရွှေပြည်နန်းသနပ်ခါးဘူးတွေထဲက နံ့သာဖြူသနပ်ခါး'လေးကို တစ်ပတ်လောက် မနက်/ည ပုံမှန်စမ်းလိမ်းလိုက်တဲ့အခါ ကျွန်မမျက်နှာပေါ်မှ ယားယံမှုတွေ အနည်းငယ်သက်သာလာပါတယ်။ အားမလျှော့ဘဲ မနက်/ည ပုံမှန်ဆက်တိုက် လိမ်းလာလိုက်တာ ယားယံမှုတွေ ပျောက်ကင်းသွားတဲ့အပြင် အမည်းစက်တွေပါပျောက်ကင်းလာပြီး ကျွန်မမျက်နှာလေးဖြူစင်ဝင်းပလာတာပါပဲ။ ကျွန်မအရမ်းကို ဝမ်းသာပျော်ရွှင်ခဲ့ရပါတယ်. . .


ဒေါ်ဓာဓာနွယ်
(အလယ်တန်းပြ)

ဒေါ်ဓာဓာနွယ်(အလယ်တန်းပြ)၊ အ.လ.က(ခွဲ)၊ ကျေးအင်းထုံးဘို၊ တောင်ငူမြို့။
ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်ယဉ်ယဉ်အေး(ကျောင်းအုပ်ဆရာမကြီး)၊ အ.လ.က(ခွဲ)၊ ကျေးအင်းထုံးဘို၊ တောင်ငူမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)


မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS











**ရွေးကောက်ပွဲကျင်းပရန်**

**၅၀**

**ရက်သာလိုတော့သည်။**

မဲဆန္ဒရှင်တိုင်း
မဲပေးသင့်သည်။
မဲပေးမည်ဆိုပါက
သင့်အမည်
မဲစာရင်းတွင်
ပါရန်လိုသည်။

## ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ







# တောင်ငူမဲစာရင်းများ ရှာဖွေကြည့်ရှုရခက်နေ

**တောင်ငူ စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်၌ စက်တင်ဘာ ၁၄ ရက် နံနက် ၆ နာရီကစ၍ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာရာ တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်၊ တောင်ငူခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဌေး၊ တောင်ငူမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံလှတို့က မဲစာရင်းကပ်ကြေညာထားသည့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ လိုက်လံစစ်ဆေးကြည့်ရှုကြပြီး မဲစာရင်းကြည့်ရှုနည်းကို ရှင်းလင်းတင်ပြခဲ့ကြသည်။ **(ယာပုံ)**



တောင်ငူမြို့နယ်၌ မဲရုံပေါင်း ၂၀၀ နှင့် မဲဆန္ဒရှင်ပေါင်း ၁၇၆၈၈၆ ဦးမျှရှိရာ ယခု ဒုတိယအကြိမ် မဲစာရင်းမှာ အက္ခရာစဉ်အလိုက် ပြုစုထုတ်ပြန်သည်ဆိုသော်လည်း မိသားစုလိုက်၊ နယ်မြေအလိုက်၊ ကျေးရွာခွဲအလိုက်မဟုတ်တော့ဘဲ ရောနှောနေသည့်မဲစာရင်းများဖြစ်နေ၍ လာရောက်ကြည့်ရှုသူများသည် အလွယ်တကူရှာဖွေ မတွေ့ရှိသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။

သက်ဆိုင်ရာတာဝန်ရှိသူ၊ ရပ်ကွက်နှင့်ကျေးရွာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များကလည်း မျက်စိကျိန်း၊ ခေါင်းနောက်လောက်အောင်ကူညီရှာဖွေပေးနေကြရသည့်အပြင် မဲရုံတစ်ရုံချင်းအလိုက် မဲစာရင်းခွဲထုတ်ရန်ခက်ခဲနေသဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများက ယခင်ပဏာမမဲစာရင်းပြုစုသည့်မိသားစုလိုက် နယ်မြေအလိုက် မဲစာရင်းများကိုသာ အတည်ပြုကြေညာပေးရန် ဆန္ဒပြုပြောကြားနေကြကြောင်း သိရသည်။ **ကျော်လှ(တောင်ငူ)**

# လှိုင်းဘွဲ့မြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ခံရန်အတွက် ကိုယ်စားလှယ်လောင်း ၅၉ ဦး ယှဉ်ပြိုင်

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၈**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ခံရန်အတွက် ကိုယ်စားလှယ်လောင်း ၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

ပြည်သူ့လွှတ်တော်တစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ခုနစ်ဦး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) တစ်နေရာအတွက် ခုနစ်ဦး၊ အမှတ်(၂) တစ်နေရာအတွက် ခြောက်ဦး၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၃) တစ်နေရာအတွက် ခြောက်ဦး၊ အမှတ် (၄) တစ်နေရာအတွက် ခြောက်ဦး၊ ဗမာတိုင်းရင်းသားလူမျိုးလွှတ်တော်တစ်နေရာအတွက် ကိုးဦး၊ မွန်တိုင်းရင်းသားလူမျိုးလွှတ်တော်တစ်နေရာအတွက် ၁၀ ဦး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးလွှတ်တော်တစ်နေရာအတွက် ရှစ်ဦးတို့ ပါဝင်ယှဉ်ပြိုင် အရွေးခံကြမည်ဖြစ်ကြောင်း သိရသည်။

၎င်းလွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ အမျိုးသားတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဖလုံ၊ စဝေါ်ဒီမိုကရက်တစ်ပါတီ၊ ကရင်ဒီမိုကရက်တစ်ပါတီတို့သည် မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်နေရာ အားလုံးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကမန်အမျိုးသားတိုးတက်ရေးပါတီက ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၈

**ကမန်အမျိုးသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးဇော်ဝင်းက ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




မြန်မာပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူပြည်သားအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ကမန်အမျိုးသားတိုးတက်ရေးပါတီ(ဗဟို)မှ ဥက္ကဋ္ဌ ဦးဇော်ဝင်းဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီကို ၂၀၁၀ ပြည့်နှစ် ဇွန်လမှာ ပါတီ တည်ထောင်ခွင့် လျှောက်ထားခဲ့ပြီး ၂၀၁၀ ခုနှစ် ဇူလိုင် ၅ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမှတ်စဉ်(၃၆)ဖြင့် မှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ပင်ရင်းတိုင်းရင်းသား (၈)မျိုးကို လူတိုင်းသိကြပါတယ်။ ဒါပေမယ့် လူမျိုးစုတွေကိုတော့ လူတိုင်းမသိကြပါဘူး။ ကျွန်တော်တို့ကတော့ ရခိုင်မျိုးနွယ်စုမှာပါဝင်တဲ့ ကမန်လူမျိုးစုဖြစ်ပြီး ရခိုင်ပြည်နယ်မှာ အခြေခံပေါက်ဖွားလာတဲ့ လူမျိုးစုဖြစ်ပါတယ်။ ကမန်လူမျိုးတွေဟာ ရခိုင်ဘုရင်များအုပ်စိုးစဉ်ကာလက ရခိုင်တပ်မတော်မှာ လေးကိုင်သူရဲကောင်းများအဖြစ် အမှုထမ်းခဲ့ကြတဲ့ စစ်သည်တွေဖြစ်ကြောင်း ရခိုင်ဆရာတော်ကြီးများ ရေးသားခဲ့တဲ့ ရာဇဝင်သမိုင်းမှတ်တမ်းတွေမှာ တွေ့ရှိရပါတယ်။

ကမန်လူမျိုးတွေဟာ တိုင်းရင်းသားလူမျိုးစုတစ်ခုဖြစ်တဲ့အတွက် မြန်မာ့နိုင်ငံရေးမှာ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်အချိန်တွေမှာလည်း ကမန်အမျိုးသားဦးဖိုးခိုင်မှ နိုင်ငံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သလို ၁၉၉၀ ခုနှစ်မှာလည်း ကမန်တိုင်းရင်းသားများအနေဖြင့် နိုင်ငံရေးပါတီတည်ထောင်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်တွင်လည်း ကမန်အမျိုးသားတိုးတက်ရေးပါတီကို ဖွဲ့စည်းတည်ထောင်ပြီး ရခိုင်ပြည်နယ်အနှံ့မှာ ကိုယ်စားလှယ်ခြောက်နေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယခု ၂၀၁၅ ခုနှစ်တွင်လည်း ကျွန်တော်တို့ပါတီမှ ရန်ကုန်တိုင်းအပါအဝင် ရခိုင်ပြည်နယ် နေရာအချို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကိုယ်စားလှယ်အမည်စာရင်း တင်သွင်းပြီးဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပါတီဟာ အမျိုးသားရေးကို အခြေခံပေမယ့် ကျွန်တော်တို့ပါတီကို ဝင်ရောက်လိုသူ နိုင်ငံသားတိုင်း ဝင်ရောက်ခွင့်ရှိပါတယ်။ နိုင်ငံတော်ကသတ်မှတ်ထားတဲ့ ဥပဒေနှင့်ညီညွတ်တဲ့ ဘယ်သူမဆို ပါတီဝင်အဖြစ် လျှောက်ထားနိုင်ပါတယ်။ ဒါပေမယ့် ပါတီဝင်တိုင်းကတော့ ကမန်လူမျိုးဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်တော့မရှိပါဘူး။ ယခု ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ နိုင်ငံတော်ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်မယ့် အစိုးရသစ်နှင့် ဥပဒေပြုရေးမဏ္ဍိုင်ကို တည့်မတ်ထိန်းကျောင်းနိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်များ ထွက်ပေါ်လာရေးအတွက် အများကြီးအရေးကြီးပါတယ်။ အဲဒီလို မှန်ကန်ကောင်းမွန်ပြီး ကိုယ်ကျိုးမဖက်ဘဲ အုပ်ချုပ်မှုစနစ်ကောင်းမွန်တဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာရေးနဲ့ ပြည်သူတွေရဲ့ လိုလားချက်များကို အကောင်းဆုံးအကောင်အထည်ပေါ်လာစေနိုင်ဖို့ အစိုးရကို တိုက်တွန်းတင်ပြနိုင်မယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ထွက်ပေါ်လာရေးမှာ ပြည်သူတို့က ပေးအပ်ရွေးချယ်မယ့် အသည်းကြားက မဲတစ်ပြားပေါ်မှာ အဓိကမူတည်လျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့ရဲ့အကျိုးကို အမှန်တကယ် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိတဲ့ အစိုးရနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ပြည်သူများက မှားယွင်းပြီး မဲပေးရွေးချယ်မိမယ်ဆိုလျှင် အဲဒီလွှတ်တော်ကိုယ်စားလှယ်များက ပြည်သူတွေရဲ့အကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မှာ မဟုတ်ဘူးဆိုတာ အသေအချာပါပဲ။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ဒါကြောင့်လည်း ပြီးခဲ့တဲ့ရွေးကောက်ပွဲမတိုင်မီက ပြည်သူများဆီက မဲများရရှိပြီး ရွေးကောက်ပွဲအနိုင်ရရှိဖို့ နည်းလမ်းမျိုးစုံနဲ့ ကတိတွေပေးပြီး စည်းရုံးရေးဆင်းခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေထဲမှာ အချို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မဲအနိုင်ရရှိပြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရပြီးနောက် လွှတ်တော်ထဲကို ရောက်ရှိပြီးချိန်မှာ ပြည်သူများရဲ့အကျိုးကို မဆိုထားနှင့်၊ သူတို့ဝင်ရောက်အရွေးခံခဲ့တဲ့ မဲဆန္ဒနယ်ရဲ့အကျိုးကိုတောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိတာကို မိဘပြည်သူများ တွေ့မြင်ကြားသိနေရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ကတော့ အဲဒီလွှတ်တော်ကိုယ်စားလှယ်များလို ပြည်သူအများရဲ့အကျိုးကို လျစ်လျူရှုမယ့်သူများမဟုတ်ဘဲ ရပ်ရွာအကျိုးအတွက်၊ နိုင်ငံအတွက် စိတ်ကောင်းစေတနာမှန်နဲ့ မိမိတတ်နိုင်တဲ့ဘက်က ကြိုးစားဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ တကယ်မလုပ်နိုင်တဲ့ကိစ္စကို ကတိလွယ်လွယ်ပေးပြီး ပြည်သူများဆီကမဲကို လိမ်လည်ရယူသွားတဲ့သူတွေ မဖြစ်စေရပါဘူး။ ကျွန်တော်တို့ဟာ ကမန်တိုင်းရင်းသားတွေဖြစ်ပါတယ်။ ဒါပေမယ့် မိမိလူမျိုးအတွက်သာ ဦးစားပေးဆောင်ရွက်မယ့် သူများမဟုတ်ဘဲ မိမိဒေသ မြို့ရွာနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများ၏ အခက်အခဲ အကျပ်အတည်းများကို ဥပဒေနှင့်အညီ ကူညီဖြေရှင်း ဆောင်ရွက်ပေးဖို့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒါကြောင့် မဲဆန္ဒရှင်နိုင်ငံသူ၊ နိုင်ငံသားများအနေနဲ့ မိမိအသည်းကြားကမဲတစ်ပြားကို မဲပေးတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ စိတ်ကောင်းစေတနာမှန် မမှန်၊ အကျင့်စာရိတ္တကောင်း မကောင်း လေ့လာဆုံးဖြတ်ပြီး အရွေးမမှားကြဖို့ စေတနာကောင်းနဲ့ သတိပေး ပြောကြားလိုပါတယ်။

ကျွန်တော်တို့ကတော့ ကိုယ်မလုပ်ပေးနိုင်တာတွေကို ပုံကြီးချဲ့ပြီး ချမပြလိုပါဘူး။ ကိုယ်ကြိုးစားပြီး ဆောင်ရွက်နိုင်မယ့်ကိစ္စကို ပြည်သူ့အကျိုးအတွက် အတတ်နိုင်ဆုံး ဥပဒေဘောင်အတွင်းက ဆောင်ရွက်ပေးသွားမယ်လို့တင်ပြလိုပါတယ်။

ကျွန်တော်တို့ပါတီရဲ့ မူဝါဒကိုလည်း အခုလိုဖော်ပြထားပါတယ်။

**မူဝါဒသဘောထားများ**

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် လောကပါလတရားများကို အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာသော ပြည်ထောင်စုဖွားပြည်သူ၊ ပြည်သားများ၊ ပါတီများနဲ့လက်တွဲပြီး အနာဂတ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာစေဖို့ အစွမ်းကုန်ကြိုးပမ်းသွားရေး။

(ခ) အကြမ်းဖက်ဝါဒနဲ့ အခြားအစွန်းရောက်တဲ့ ဘယ်ဝါဒမျိုးကိုမဆို ဆန့်ကျင်သွားရေး။

(ဂ) ကမ္ဘာ့နိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများနဲ့ ဖြောင့်မတ်ပြီး ဘက်မလိုက်မူဝါဒကို အခြေခံတဲ့ ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ရေးတွင် ပါဝင်ကူညီရေး။

(ဃ) နိုင်ငံတစ်ဝန်းလုံးမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရေး။

(င) မြန်မာ့လူ့အဖွဲ့အစည်းကို အကျိုးမပြုတဲ့ အတွေးအခေါ် အယူအဆများ၊ ပပျောက်ချုပ်ငြိမ်းသွားအောင် ပညာပေးစည်းရုံးရေး။

ဘယ်လိုပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်တွေကို လွှတ်တော်တွင်းဝင်ရောက်ရေးအတွက် မကြာမီပြည်သူများက မဲပေးခွင့်ရကြတော့မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်တစ်ရပ်မှာ မိမိတို့ရွေးချယ်လိုတဲ့ ခေါင်းဆောင်ကို မဲပေးခွင့်ရရှိနေခြင်းသည်ဟာလည်း ဒီမိုကရေစီရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တာမို့လို့ မဲပေးမမှားဖို့၊ လူရွေးမမှား ဖို့၊ ပါတီရွေးမမှားဖို့တော့ အရေးကြီးပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံရေးဘက်ကို နည်းနည်းလေးဖြစ်ဖြစ်အလေးထားအချိန်ပေးပြီး လှည့်ကြည့်စေချင်ပါတယ်။ ကိုယ်ပေးရမယ့် အသည်းကြားကမဲတစ်ပြားကို လေးလေးနက်နက် တန်ဖိုးထားစေချင်ပါတယ်။ တတ်နိုင်သလောက် ချိန်ဆပြီး ဆုံးဖြတ်စေချင်ပါတယ်။



ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ရာမှာ ကိုယ်ရွေးချယ်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ အရည်အချင်း ကောင်း/မကောင်း၊ အများပြည်သူရဲ့အကျိုးကို ဆောင်ရွက်နိုင်သူဟုတ်မဟုတ် ခွဲခြားသိနိုင်ပြီး ရွေးချယ်နိုင်စွမ်းရှိဖို့ မဲပေးတဲ့ပြည်သူတွေမှာလည်းလိုအပ်ပါတယ်။ ရွေးကောက်ပွဲပြီးသွားလို့ အချိန်တန်လျှင် မိမိတို့ရစေချင်တဲ့လွှတ်တော်ကိုယ်စားလှယ်ရမှာမဟုတ်ဘဲ မရထိုက်မရစေချင်သူတွေသာ အနိုင်ရသွားတဲ့အချိန်မှာ တာဝန်မဲ့စကားကို အဲဒီအချိန်မှာ မပြောစေချင်ပါဘူး။

အဲဒီလိုတာဝန်မဲ့စကားကို ပြောမယ်ဆိုရင် မဲဆန္ဒရှင်ပြည်သူတွေက ဖြောင့်မတ်မှန်ကန်ပြီး အများပြည်သူအကျိုးကိုဆောင်ရွက်မယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို ဆန့်ကျင်ပြောဆိုသလိုဖြစ်နေမှာပါ။ မိမိတို့ရဲ့ မဲရွေးချယ်ပေးရန်တာဝန်ကို အလေးပေးမဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်ပဲဖြစ်ဖြစ်၊ မဲမပေးခဲ့တာကြောင့်ပဲဖြစ်ဖြစ် နိုင်ငံတော်အတွက် အများပြည်သူအတွက် လူကောင်းသူကောင်းတွေ ပြည်သူ့လွှတ်တော်အဆင့်ဆင့်ထဲကို ရောက်မလာခဲ့လို့ရှိရင် ကျွန်တော်တို့ရဲ့ တိုင်းပြည်အခြေအနေတိုးတက်လာနိုင်မလား။ ဘယ်လိုဖြစ်သွားနိုင်လဲဆိုတာကို စဉ်းစားကြစေလိုပါတယ်။ တိုင်းပြည်ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးရမယ့်သူများက မဲဆန္ဒရှင်ပြည်သူများသာ ဖြစ်ပါတယ်လို့ တင်ပြလိုပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်တွေကို မဲပေးခဲ့မယ်ဆိုလျှင် ကျွန်တော်တို့ ပြည်သူတွေရဲ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတဲ့အခါ ကျွန်တော်တို့ကို မဲပေးခဲ့တဲ့ ပြည်သူတွေရဲ့အကျိုး၊ နိုင်ငံ၊ မြို့ရွာအကျိုးကို အပြောနဲ့မဟုတ်ဘဲ အလုပ်နဲ့ သက်သေပြသွားမှာပါ။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ လူမျိုးစုပါတီဖြစ်တာကြောင့် စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရန်ကုန်တိုင်းမင်္ဂလာတောင်ညွန့်မြို့နယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၄)မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီတံဆိပ်ကတော့ အခုပြသတဲ့ဒီပုံပဲ ဖြစ်ပါတယ်။ ပြည်သူများလွှတ်တော်ကိုယ်စားလှယ်များကို သေချာလေ့လာဆန်းစစ်ပြီး မိမိအသည်းကြားက မဲတစ်ပြားကိုပေးတဲ့အခါ မဲပေးမမှားကြဖို့ တိုင်းပြည်နဲ့နိုင်ငံသားများရဲ့ အကျိုးကိုသယ်ပိုးဆောင်ရွက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုပြောကြားရင် နိဂုံးချုပ်အပ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေ။



## မိတ္ထီလာတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**မိတ္ထီလာ စက်တင်ဘာ ၁၈**

မိတ္ထီလာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သည့် ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးသင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၁၅ ရက် ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး သင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချရာကော်မရှင်၊ ကောက်မရှင်အဖွဲ့ခွဲဖွဲ့စည်းပုံ၊ မဲဆန္ဒနယ်နှင့် မဲရုံကိစ္စရပ်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းကလည်းကောင်း၊ လွှတ်တော်သုံးရပ်၊ နိုင်ငံရေးပါတီဥပဒေ၊ နည်းဥပဒေများကို မြို့နယ်ဥပဒေအရာရှိ ဒေါ်ရီရီမြင့်(အဖွဲ့ဝင်)က လည်းကောင်း၊ မြို့နယ်နှင့်ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းတာဝန်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမောင်မောင်ငြိမ်း(အဖွဲ့ဝင်)က လည်းကောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ စာနယ်ဇင်းများ၊ အရပ်ဘက်အဖွဲ့အစည်းနှင့်ပူးပေါင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ ကိစ္စရပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းရီ(အဖွဲ့ဝင်)က လည်းကောင်း၊ မဲရုံအဖွဲ့လုပ်ငန်းတာဝန် လမ်းညွှန်၊ ကြိုတင်မဲဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး၊ စာရင်းဇယားပုံစံများနှင့် ဂရုပြုရမည့် လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက စက်တင်ဘာ ၁၅ ရက်မှ ၁၆ရက်အထိ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၈

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းဌေးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




"မင်္ဂလာပါခင်ဗျား-"

ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မိဘပြည်သူများခင်ဗျား-

ကျွန်တော်ကတော့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းဌေးဖြစ်ပါတယ်။ မဲဆန္ဒရှင်တိုင်းရင်းသားမိဘပြည်သူအပေါင်းကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။

**ပါတီဖွဲ့စည်းတည်ထောင်ခြင်းနှင့် ရည်ရွယ်ချက်**

ကျွန်တော်တို့ **ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**ဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မျိုးနွယ်စုငယ် ပါတီတစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားလူနည်းစုမျိုးနွယ်စုငယ်များ အခြားသော တိုင်းရင်းသားများနဲ့အတူ တန်းတူညီတူ တရားမျှတ လွတ်လပ်ခံစားခွင့်ရရှိရေးကို ဆောင်ရွက်မည့် ပါတီဖြစ်ပြီးတော့ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများရဲ့ အကျိုးစီးပွားကိုလက်တွဲပူးပေါင်း အကောင်အထည်ဖော်ရန်အတွက် အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံပြီး ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့လို မျိုးနွယ်စုငယ်တိုင်းရင်းသားများဟာ ကျေးလက်ဒေသ၊ နယ်စပ်ဒေသတောထဲ တောင်ထဲတွေမှာ နေထိုင်ကြပြီး တောင်သူလုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုတာများပါတယ်။ အများစုက ဆင်းရဲကြပါတယ်။ ပညာရေးနိမ့်ကျပါတယ်။ ပညာမသင်နိုင်တဲ့ လူဦးရေများပြီး လယ်ယာ၊ တောင်ယာလုပ်ငန်းတွေနဲ့ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်ကြရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ပါတီအနေနဲ့ ကျေးလက်ဒေသ၊ ကျေးလက်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍများကို အထူးအလေးထား ဦးစားပေးဆောင်ရွက်မည့် ပါတီလည်းဖြစ်ပါတယ်။

ကျွန်တော်တို့ ခမီတိုင်းရင်းသားတွေဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်များဖြစ်တဲ့ စစ်တွေ၊ မြောက်ဦး၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ဘူးသီးတောင်နဲ့ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွေအထိ ပျံ့နှံ့နေထိုင်လျက်ရှိကြပါတယ်။ ရခိုင်ပြည်နယ်ရှိ မိမိတို့ ခမီလူမျိုးစုတစ်စုအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခမီမျိုးနွယ်စုတွေရဲ့ လူမှုဘဝ၊ လူသားအရင်းအမြစ်များ အခြားသောပြည်ထောင်စုဖွားတိုင်းရင်းသား နောင်တော်/ညီတော်များနဲ့အတူ တစ်ပြေးညီဖွံ့ဖြိုးလာစေရေး ဆောင်ရွက်နိုင်ရန်အလို့ငှာ **"ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ကို ဖွဲ့စည်းရခြင်းလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီကနေ့အခြေအနေအချိန်အခါအရ မိမိတို့ခမီတိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ National Indinity လို့ခေါ်တဲ့ (အမျိုးသားရေးသွင်ပြင်လက္ခဏာများ) မပျောက်ပျက်စေဖို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ဖွဲ့စည်းရခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ရုံးချုပ်ကတော့ အမှတ်(၁၁၄) ဆင်ကူးလမ်း အကွက်(၁) ရပ်ကွက် စစ်တွေမြို့ ရခိုင်ပြည်နယ်မှာ ဖွင့်လှစ်ထားရှိပါတယ်။

လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ခင်ဗျား-

**ပါတီမူဝါဒ(၄)ချက်**

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ မူဝါဒသဘောထားကတော့-

(၁) ကမ္ဘာ့နိုင်ငံများအလယ်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် ထာဝရခိုင်မာစွာရပ်တည်ရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။

(၂) စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် / ဖက်ဒရယ်ပြည်ထောင်စုစနစ် ပီပြင်စွာ ဖော်ဆောင်ရာ၌ တိုင်းရင်းသားအချင်းချင်း လက်တွဲဆောင်ရွက်ရန်။

(၃) ခမီမျိုးနွယ်စုတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်ပြီး အခြားသော မျိုးနွယ်စုများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးကူညီသွားရန်။

(၄) မိမိတို့ဓလေ့ထုံးစံ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ခေတ်နှင့်လျော်ညီစွာတီထွင်လေ့ကျင့်ပြုစုပျိုးထောင်မှုများဆောင်ရွက်သွားရန် . . . . . တို့ဖြစ်ပါတယ်။

ကျွန်တော်တို့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ရဲ့ မူဝါဒ၊ သဘောထား (၄) ချက်ကို လေ့လာကြည့်ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအား ကမ္ဘာ့နိုင်ငံများအလယ်မှာ ငြိမ်းချမ်းသာယာစည်ပင်ဝပြောသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး/ဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်လိုတယ်ဆိုတာကို နားလည်သဘောပေါက်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ပါတီအနေနဲ့ **"ပြည်ထောင်စု မပြိုကွဲရေး"**၊ **"တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး"**၊ **"အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"** ဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားတယ်၊ မျိုးနွယ်စုငယ်ပါတီဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ရဲ့ မူဝါဒသဘောထားများအပေါ် အကောင်အထည်ဖော်လုပ်ဆောင်သွားမည့် ရှေ့လုပ်ငန်းစဉ် အခြေခံမူများကတော့-

(၁) တိုင်းရင်းသားလူမျိုးများအားလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားဖြင့် ကမ္ဘာ့အလယ်တွင် ခိုင်မာစွာရပ်တည်သွားနိုင်ရေးဆောင်ရွက်ရန်။

(၂) ပါတီစုံဒီမိုကရေစီဖော်ဆောင်ရာတွင် တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူရှိမှု၊ အပြန်အလှန်လေးစားမှု၊ ပုဂ္ဂိုလ်ရေးပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို အခြေခံ၍ဆောင်ရွက်ရန်။

(၃) မိမိတို့လူမျိုးစုများနှင့် အခြားတိုင်းရင်းသားလူမျိုးစုများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အားသွန်ခွန်စိုက်ဆောင်ရွက်ရန်။

(၄) ပထဝီဒေသကွဲပြားမှုအရ လူမျိုးအမည်နာမ အမျိုးမျိုးကွဲပြားနေသော မိမိတို့လူမျိုးစုများအား တစုတစည်းတည်းဖြစ်အောင် ဆောင်ရွက်သွားရန်။

(၅) မိမိတို့မျိုးနွယ်စု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက အခြားသောတိုင်းရင်းသား လူမျိုးများနှင့်ဖြစ်စေ၊ အခြားသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ရန်. . . . ဖြစ်ပါတယ်။

စောစောက ကျွန်တော်တို့ "ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ" ပေါ်ပေါက်လာရခြင်းနဲ့ ပါတီရဲ့မူဝါဒကို အကျဉ်းချုပ် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အခုဆက်လက်ပြီး ပါတီအလံတော်နဲ့ ပါတီတံဆိပ်(Logo) ကို တင်ပြသွားမယ်ဖြစ်ပါတယ်။

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအလံကတော့ မိဘပြည်သူများမြင်တွေ့တဲ့အတိုင်း အစိမ်းရောင်၊ အဖြူရောင်၊ အပြာရောင်တို့ကို အချိုးညီစွာ အရောင်သုံးမျိုးဖြင့် အလျားလိုက် ကန့်လန့်ဖြတ်ရောစပ်ထားပြီး အထက်ကွက်မှာ အပြာရောင်၊ အလယ်ကွက်မှာ အဖြူရောင်နဲ့ အောက်ခြေမှာတော့ အစိမ်းရောင်ဖြစ်ပါတယ်။ ပါတီအလံတော်ရဲ့ အထက်ကွက်အပြာရောင် လက်ဝဲဘက်ထောင့်မှာ ကျွန်တော်တို့ ခမီဘာသာစကားနဲ့ **"မခီအာ့ဆိန်"** လို့ခေါ်တဲ့ အနီရောင်မိုးသောက်ကြယ်ပြောင်တစ်လုံး ပါပါတယ်။

အလံတော်ရဲ့ အပြာရောင်အဓိပ္ပာယ်ဟာ မိုးကောင်းကင်ကိုရည်ညွှန်းပြီး အေးချမ်းခြင်း၊ တည်ငြိမ်ခြင်းသဘောကို ဆောင်ပါတယ်။ မိုးသောက်ကြယ်ပြောင်အနီရောင်ကတော့ ရဲရင့်တက်ကြွပြတ်သားခြင်းကို အဓိပ္ပာယ်ဆောင်ပါတယ်။ အလံတော်ရဲ့ အဖြူရောင်ကတော့ စိတ်ဓာတ်ဖြူစင်ခြင်းကို ညွှန်းဆိုပြီး ဖြူစင်ရိုးသားဖြောင့်မတ်ခြင်းကို အဓိပ္ပာယ်ဆောင်ပါတယ်။ အလံတော်ရဲ့ အောက်ခြေအစိမ်းရောင်ကတော့ ကမ္ဘာမြေကြီးကို ညွှန်းဆိုပြီး စိမ်းလန်းစိုပြည် တည်ငြိမ်သန့်ရှင်းခြင်း အဓိပ္ပာယ်ဆောင်ပါတယ်။

**ပါတီ၏အထိမ်းအမှတ်တံဆိပ်**

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အထိမ်းအမှတ်(Logo) တံဆိပ်ကတော့ ကျွန်တော်တို့ ခမီဘာသာစကားနဲ့ **"ဝ, မယက်"** ခေါ်ပြီး မြန်မာလိုတော့ **"ငှက်ဝါ"** ဖြစ်ပါတယ်။ နောက်ခံအပြာရောင်နဲ့ သစ်ကိုင်းပေါ်မှာနားနေတဲ့ ငှက်ဝါပုံကို ဖော်ထားပြီး တည်ကြည်ခြင်း၊ အေးချမ်းခြင်း အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ ပါတီဆောင်ပုဒ်ကတော့ **"စုပေါင်းဆွေးနွေး၊ တစ်ဦးချင်းတာဝန်ယူ"** ဖြစ်ပါတယ်။



ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်ရှိ မဲဆန္ဒရှင် မိဘပြည်သူများနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ခင်ဗျား-

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက် နေ့မှာ ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ **"ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ"** အနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်လေးမြို့နယ်အတွင်းမှာ ပြည်သူ့လွှတ်တော် နှစ်နေရာနဲ့ ပြည်နယ်လွှတ်တော် သုံးနေရာ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြမှာ ဖြစ်ပါတယ်။ အရွေးခံမယ့် မြို့နယ်တွေနဲ့ ကိုယ်စားလှယ်တွေကတော့ မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော် အမျိုးသမီးကိုယ်စားလှယ် ဒေါ်လှစောရီ၊ ပုဏ္ဏားကျွန်းမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွီးမောင်၊ ပေါက်တောမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးရွှေဘော်စိန်၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှအောင်နဲ့ ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသန်းဌေးတို့ပဲ ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများနဲ့ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကို မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ဟာ ရခိုင်ပြည်နယ်မှာ ရှေးပဝေသဏီကတည်းက မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ သမိုင်းရှည်ကြာ အတူတကွနေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသားများဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်သူ/သားများ ငြိမ်းချမ်းသာယာစည်ပင်ဝဖြိုးစေဖို့အတွက် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ခွင့်ရှိတဲ့ အချိန်အခါဖြစ်တယ်လို့လည်း ကျွန်တော်တို့ပါတီက ယုံကြည်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရေးဟာ အလွန်အရေးကြီးလှပါတယ်။ ကျွန်တော်တို့ ပါတီအနေနဲ့ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ပြည်နယ်အကျိုးပြု၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေမှာ တစ်ထောင့်တစ်နေရာ ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုး စေဖို့အတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ အနေဖြင့် လက်တွဲပူးပေါင်း ပါဝင် ဆောင်ရွက်ချင်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် ပါတီငယ်တစ်ခုဖြစ်သည့် အားလျော်စွာ ရခိုင်ပြည်နယ်ရဲ့ အကျိုးစီးပွား၊ ပြည်ထောင်စု အကျိုးစီးပွားများကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခွင့်ရရှိရေးအတွက် ကျွန်တော်တို့ပါတီဝင်ပြိုင်မယ့် မဲဆန္ဒနယ်တွေမှာ ငှက်ဝါအမှတ်တံဆိပ်ဖြစ်တဲ့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ကို ဆန္ဒမဲပေးကြပါ၊ အားပေးကြပါလို့ မေတ္တာရပ်ခံ တိုက်တွန်းနှိုးဆော်ပြန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား-။

ကျွန်တော်တို့ရခိုင်ပြည်နယ်သူ/ သားများနဲ့တကွ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး

**တနင်္သာရီ စက်တင်ဘာ ၁၈**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်သူများ လုံခြုံစွာ မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက်က တနင်္သာရီခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှမြင့်တို့က မဲစာရင်းများနှင့် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၈

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**လေးစားအပ်တဲ့မိဘပြည်သူများခင်ဗျား-**

၂၀၁၅ ရွေးကောက်ပွဲကြီးဟာ မကြာခင် ရောက်ရှိလို့လာပါတော့မည်။ ဒါကြောင့် မြန်မာနိုင်ငံဟာ နိုင်ငံရေးခေတ်သစ်တစ်ခုကို ၂၀၁၅ အလွန်မှာ စတင်ဝင်ရောက်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ စားဝတ်နေရေးမပြေလည်လို့ ဆင်းရဲတွင်းနက်နေတဲ့ ပြည်သူတွေကို ကူညီဖို့၊ ဖက်ဒရယ်ဒီမိုကရေစီအခြေခံ ဥပဒေပေါ်ပေါက်စေဖို့နဲ့ အမျိုးသားညီညွတ်ရေးကြီးကို ရှာဖွေဖော်ထုတ်နိုင်ဖို့ နိုင်ငံသစ်တည်ဆောက်ရေးအင်အားစုတွေနဲ့ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခင်က လယ်သိမ်းယာသိမ်း၊ မြေအသိမ်းခံရလို့ လက်ငုတ်ပျောက်ပြီး လုပ်စားကိုင်စားမရတဲ့သူတွေ၊ လက်ဝါးကြီးအုပ် စီးပွားရေးကြောင့် လုပ်ခွင့်ကိုင်ခွင့်တွေ ဆုံးရှုံးနေကြတဲ့သူတွေ၊ အဲဒီလက်ဝါးကြီးအုပ်စီးပွားရေးကြောင့် ချမ်းသာတဲ့သူတွေက ထားစရာမရှိအောင် ချမ်းသာနေကြပြီး ဆင်းရဲသူတွေက စားစရာမရှိအောင် ဆင်းရဲနေတဲ့ မြန်မာ့လူမှုစီးပွားရေးဘဝကို ပြောင်းဖြစ်ဖို့ NDF ပါတီပေါ်ပေါက်လာတာဖြစ်ပါတယ်။ အလုပ်သမားတွေရဲ့ဘဝကို ကြည့်ပြန်တော့လည်း သင့်တင့်မျှတတဲ့ လုပ်ခ၊ လုပ်အားနဲ့ ထိုက်တန်တဲ့လုပ်ခတွေရကြပြီလား။ မရကြသေးပါဘူး။ ဒါကြောင့် အလုပ်သမားရေး၊ လယ်သမားရေးတွေဟာ ရှင်းမရနိုင်တဲ့ အနေအထားကို ရောက်နေတာ အားလုံးအသိပါပဲ။ ကျောင်းသားသမဂ္ဂတွေ၊ လယ်သမား၊ အလုပ်သမားသမဂ္ဂတွေ တရားဝင်တည်ရှိဖို့ကိစ္စဟာလည်း အလှမ်းဝေးနေဆဲပဲလို့ ပြောရပါလိမ့်မယ်။ ဒါဟာ ဒီမိုကရေစီလွတ်လပ်ခွင့်ကို မခံစားကြရသေးဘူးဆိုတဲ့ သက်သေပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မြေပေါ်မြေအောက် သယံဇာတတွေ ပေါကြွယ်ဝတယ်လို့ မစားရ၊ ဝခမန်းပြောနေကြတယ်။ ဒါပေမယ့် အဲဒီသယံဇာတ အခွင့်အလမ်းတွေကို ပြည်သူတွေ မခံစားကြရဘူး။ ဘယ်သူတွေ ခံစားနေရသလဲ။ လက်တစ်ဆုပ်စာ အခွင့်ထူးခံတွေပဲ ခံစားနေရတယ်မဟုတ်လား။ ဒါကြောင့် ဒီကနေ့ ပြည်သူတွေ ကြုံတွေ့ခံစားနေရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့ ဥပဒေပြုရေး နယ်ပယ်တွေက အနိဋ္ဌာရုံတွေဟာ ခေတ်အဆက်ဆက် လက်ဝါးကြီးအုပ်ဖိနှိပ်မှုတွေကြောင့် ဖြစ်တယ်ဆိုရင် ဘယ်သူငြင်းမလဲ။ ငြင်းလို့မရနိုင်ဘူး။

အဲဒီတော့ ဒီကနေ့ ပြည်သူတွေ ကြုံတွေ့ခံစားနေရတဲ့ စားဝတ်နေရေး ဒုက္ခတွေက လွတ်မြောက်ဖို့ဆိုရင် ဒီခေတ်ကြီးကို ပြောင်းပစ်ရပါမယ်။ NDF ပါတီဟာ ပြည်သူ့အတွက် စွမ်းနိုင်တယ်။ ဒါကြောင့် ဒီခေတ်ကြီးကို ပြောင်းပစ်ဖို့ ခမောက်ပါတီ NDF ဟာ ပြည်သူ့ရှေ့မှောက်ကို ရောက်လာတာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

နိုင်ငံသစ်ဆီသွားတဲ့နေရာမယ် ညီညွတ်ရေးကို ရှေးမရှုဘဲ နိုင်ငံရေးလောဘတွေတက်ပြီး သခွတ်ပင်ကမီးတကျိုကျိုလုပ် အပုပ်ချနေကြရင် ဒီမိုကရေစီကတော့ မျှော်တိုင်းဝေးနေဦးမှာပါပဲ။ အဲဒီလို နိုင်ငံရေး ငါတကောကောပြီး ပုဂ္ဂိုလ်နိုင်ငံရေးတွေ၊ အာဏာနိုင်ငံရေးတွေကိုပဲ လုပ်နေကြမယ်ဆိုရင် နိုင်ငံရေးဝိပ္ပတ္တိခေတ်ဆိုးကြီးက ပြည်သူတွေ ဘယ်တော့မှ လွတ်နိုင်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် ပြည်သူ့အတွက် လုပ်တဲ့နိုင်ငံရေးလား။ အာဏာအတွက် လုပ်တဲ့နိုင်ငံရေးလားဆိုတာ နိုင်ငံရေးပါတီတွေကို ခွဲခွဲခြားခြား သိထားဖို့ လိုပါလိမ့်မယ်။ ခမောက်ပါတီကတော့ လွှတ်တော်တွေထဲမှာ ပြည်သူတွေအတွက် သဲသဲမဲမဲ အရေးဆိုခဲ့တယ်။ လွှတ်တော်သက်တမ်းနဲ့အမျှ အဆိုတွေ၊ မေးခွန်းတွေ၊ ဥပဒေကြမ်းတွေ အများဆုံးတင်သွင်းခဲ့တဲ့ ပါတီတစ်ခုလည်း ဖြစ်တယ်။ ဒါကြောင့် လွှတ်တော်ထဲမှာ ကိုယ်စားလှယ်တစ်ယောက်ထဲပဲ ရှိပါစေ။ အဲဒီလွှတ်တော်ကြီးကို ကိုင်လှုပ်နေဦးမှာပဲဆိုတာ ဒီနေရာကနေ အတိအလင်း ကြေညာလိုက်ပါတယ်။

NDF ဟာ နိုင်ငံတစ်နံတစ်လျားမှာ နယ်စည်းမခြားဘဲ မြေအသိမ်းခံရတဲ့ တောင်သူတွေရဲ့ ပြဿနာကိုဖြေရှင်းဆောင်ရွက်ခဲ့တယ်။ ဒါ ပြည်သူ့ထံပါးက ဘယ်တော့မှ ခွာမသွားဘူး။ ပြည်သူနဲ့ အတူ ရပ်မယ်ဆိုတဲ့အတိုင်း ရပ်ခဲ့တာပဲ။ အဲဒါကြောင့် ဒီမိုကရေစီနဲ့ လွတ်လပ်ခွင့်တွေကို တကယ်ဆောင်ကြဉ်းပေးမယ့် ပါတီကို ဦးနှောက်ထဲက မဲတစ်ပြားကိုထည့်လိုက်ပါ။ ဒါမှစိတ်ချရပါလိမ့်မယ်။

အဲဒီလို ပြည်သူတွေ စားဝတ်နေရေး အဆင်ပြေရေးနဲ့ လူမှုဘဝတွေသက်သာစေဖို့ NDF က ကြိုးပမ်းခဲ့တယ်ဆိုတာ တွေ့နိုင်ပါလိမ့်မယ်။ ဒါဟာ ဒီခေတ်ကြီးကို ပြောင်းပစ်ဖို့ NDF ရဲ့ ကြိုးပမ်းချက်တွေပါပဲ။ အဲဒါကြောင့် NDF ခမောက်ပါတီကို ယုံလိုက်ပါ။ ဒီမိုကရေစီကို လိုချင်ရင်၊ လူမှုရေးဒုက္ခတွေက လွတ်ချင်ကြရင် "ဒီခေတ်ကြီးကို ပြောင်းပစ်ဖို့ NDF ကိုယ်စားလှယ်တွေကို ရွေးချယ်လိုက်ပါ" အဲဒါဆိုရင် လာမယ့်လွှတ်တော်တွေထဲမှာ ခမောက်ပါတီ NDF ဟာ ပြည်သူ့အကျိုးပြုနိုင်ငံရေးကို စံပြုလောက်အောင် ထမ်းဆောင်သွားမှာပဲဆိုတာ ကတိပြုပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ပြည်သူတွေက ခမောက်ပါတီ NDF ကို ရွေးချယ်လိုက်ရင် ကျွန်တော်တို့ပါတီဟာ စားဝတ်နေရေး ချောင်လည်စေဖို့ အဓိကထား ကြိုးပမ်းသွားပါမယ်။ ဒါကြောင့်-

- ထားစရာမရှိအောင် ချမ်းသာသူတွေနဲ့ စားစရာမရှိအောင် ဆင်းရဲနေသူများရဲ့ ချမ်းသာဆင်းရဲကွာဟမှုကြီးကို ကျဉ်းကျုံ့ပစ်နိုင်အောင် ကြိုးပမ်းသွားပါမယ်။
- လယ်သိမ်းယာသိမ်း မြေသိမ်းခံပြည်သူတွေရဲ့ ဘဝအာမခံချက်ရှိရေးအတွက် မိမိတို့နှစ်သက်ရာ စပါးမျိုးတွေကို စိုက်ပျိုးခွင့်ရရှိရေး လယ်လုပ်သူတိုင်း လက်ဝယ်ပိုင်ပိုင် လယ်လုပ်ပိုင်ခွင့် ရရှိနိုင်အောင် မဖြစ်မနေ ကြိုးပမ်းသွားပါမယ်။
- အခြေခံလူတန်းစားတွေရဲ့ မိသားစုလုပ်ငန်းတွေကို ဘဏ်ချေးငွေတွေရရှိအောင် ဆောင်ကြဉ်းသွားပါမယ်။
- ၂၀၂၀ ပြည့်နှစ်မှာ ကျေးရွာအားလုံး လျှပ်စစ်မီးရရှိစေဖို့ ဘက်ပေါင်းစုံက ဖန်တီးဖော်ဆောင်သွားပါမယ်။
- ဒါတင်မကသေးပါဘူး။ ကုန်ဈေးနှုန်းတွေလည်း တည်ငြိမ်စေရပါမယ်။ ဒါကြောင့် အခွန်နှုန်းထားတွေ လျော့ကျစေပြီး တစ်ဖက်မှာ လုပ်ငန်းဦးရေပမာဏ တိုးချဲ့ကောက်ခံရေးကို ကြိုးပမ်းသွားပါမယ်။
- ပြည်သူအများ အလုပ်အကိုင်သစ်တွေ ဖြစ်ပေါ်စေဖို့ ရထားလမ်း၊ ကားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်စေရပါမယ်။ နောက်ပြီး ရထားပို့ဆောင်ရေးနဲ့ ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်ကုမ္ပဏီကြီးငယ်လတ်တွေကို လုပ်ကိုင်ခွင့်ပြုစေရပါမယ်။ ဒါ့ကြောင့် ခရိုနီ လုပ်ငန်းရှင်ကြီးတွေရဲ့ မတည်ငွေတွေနဲ့ နိုင်ငံကို ပြန်လည်အကျိုးပြုရေးမှာ ပါဝင်နိုင်အောင် လမ်းဖွင့်ပေးသွားရပါမယ်။ ဒါတွေအပြင်-
- ပြည်တွင်း ငြိမ်းချမ်းရေးရရှိသည်အထိ ကျွန်တော်တို့ ခမောက်ပါတီ NDF ဟာ ပြည်သူနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်း ကတိပြုလိုက်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

အဲဒါကြောင့် ပြည်သူလူထုကြီးကို ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ်။ ရွေးကောက်ပွဲ မဲထည့်တဲ့အခါမယ် ဟိုလူထည့်ရကောင်းနိုးနိုး၊ ဟိုပါတီထည့်ရကောင်းနိုးနိုး၊ ဒီမိုကရေစီသမားတွေပဲဆိုပြီး မဲထည့်မှားရင်တော့ ဒီမိုကရေစီစုန်းပြူးတွေပဲရပါလိမ့်မယ်။ ဒီမိုကရေစီသမားဆိုတိုင်း အထင်ကြီးစိတ်နဲ့ မဲထည့်မှားရင်ကျားကြောက်လို့ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုးတာနဲ့တွေ့ရလိမ့်မယ်လို့ သတိပေးချင်ပါတယ်။ ဒီမိုကရေစီအရေခြုံထားတဲ့ အာဏာနိုင်ငံရေးသမားတွေကို မဲထည့်မှားရင်တော့ နောင်ငါးနှစ်လုံးလုံး နိုင်ငံရေးအမှောင်ဖုံးပြီး ပြည်သူတွေ ဒုက္ခလှလှကြီးတွေ့ပါလိမ့်မယ်။ အဲဒါမြေကြီးကို လက်နဲ့ခတ်ရင်လွဲချင်သာလွဲမယ်၊ ဒုက္ခကတော့တွေ့မှာအမှန်ပဲ၊ ဒါကြောင့် ဘယ်သူတွေက အပြောသမားတွေလဲ၊ ဘယ်ပါတီက လက်တွေ့သမားတွေလဲဆိုတာ လေ့လာပြီးမှ ဦးနှောက်ထဲက မဲတစ်ပြားထည့်ကြဖို့ တိုက်တွန်းချင်တယ်။

**မိဘပြည်သူများခင်ဗျား-**

အသည်းကြားက မဲတစ်ပြားပဲဆိုရင်တော့ ဒီမိုကရေစီ အာဏာရှင်စနစ်အောက်မှာ ပြည်သူတွေနေရပါလိမ့်မယ်။ အသည်းကြားက မဲတစ်ပြားလုပ်ခဲ့ကြလို့ တိုင်းပြည်မှာ ဘာတွေဖြစ်ခဲ့သလဲ။ ပုဂ္ဂိုလ်နိုင်ငံရေးတွေနဲ့ အာဏာလုပွဲတွေပဲဖြစ်ခဲ့တယ်ဆိုတာ သမိုင်းမှာ သက်သေထင်ရှားရှိခဲ့ပါတယ်။

ခမောက်ပါတီ NDFဟာပြည်သူကို မရေမရာနိုင်ငံရေး အိပ်မက်တွေပေးတဲ့ ပါတီမျိုးလား မဟုတ်ပါဘူး။ ခြစည်းရိုးပေါ် ခွထိုင်ပြီး မူမရှိ၊ လုပ်ငန်းစဉ်မရှိ အခွင့်အရေးမျှော်နိုင်ငံရေးအချောင်သမား စားဖားတွေလား ဆိုတာကို လေ့လာပြီးမှ မဲထည့်လိုက်ပါ။ ကျွန်တော်တို့ပါတီဟာ မှန်ရာကန်ရာကို ပြောပြီးပြောသလိုလုပ်မယ့် ပါတီဖြစ်တယ်။ ဒါကြောင့်မဲရရေးအတွက်ပြည်သူကို လှည့်စားပြီးပြောနေမယ့်ပါတီမျိုး မဟုတ်ဘူးဆိုတာ ရဲရဲကြီးကတိပေးလိုက်ပါတယ်။ ဒါကြောင့်ပြည်သူကိုဘယ်တော့မှ သစ္စာမဖောက်ဘူး။ အခွင့်အရေးကြောင့်နဲ့တော့ လူထုအကျိုးပြုနိုင်ငံရေးက တစ်လက်မမှ သွေဖည်မသွားဘူးဆိုတာ ဒီနေရာကနေနိုင်ငံရေးသစ္စာ စကားဆိုပါတယ်။

အဲ့ဒါကြောင့် NDF ကိုယုံလိုက်ပါ။ ပြည်သူ့အတွက်ဆိုရင် NDF စွမ်းနိုင်တယ်။ ဒါကြောင့်ဒီမိုကရေစီကို လိုချင်ရင်၊ စားဝတ်နေရေးပြေလည်ချင်ရင် ခမောက်ပါတီကိုယ်စားလှယ်တွေကို ရွေးချယ်လိုက်ပါ။

ဒီခေတ်ကြီးကိုမှ ပြောင်းချင်ရင်တော့ ခမောက်ပါတီ NDF ကိုမဲထည့်ပါမှ ခင်ဗျားတို့နောင်ရေးစိတ်အေးရပါလိမ့်မယ်။ ဘာကြောင့်လဲ။ ခမောက်ပါတီ လွှတ်တော် ကိုယ်စားလှယ်တွေဟာ ပြည်သူတွေက မလိုလားတော့ပါဘူးဆိုပြီး မျက်နှာတစ်ချက်ညိုးတာနဲ့ နိုင်ငံရေးသိက္ခာမဲ့စွာ လွှတ်တော်တွေထဲမှာ ပေကပ်နေမယ့် လူစားမျိုးတွေ မဟုတ်ဘူးဆိုတာကို ရဲရဲကြီးအာမခံရင်းနိဂုံးချုပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## ရွေးကောက်ပွဲတွင် မီဒီယာအသိအမှတ်ပြုကတ်များထုတ်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး၌ သတင်းရယူကြမည့် မီဒီယာသမားများအတွက် အသိအမှတ်ပြု ကတ်ပြားများထုတ်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြောကြားသည်။

"ရွေးကောက်ပွဲမှာ ပါဝင်ပတ်သက်ကြတဲ့ မဲရုံတာဝန်ရှိသူတွေ၊ နိုင်ငံရေးပါတီတွေ၊ လေ့လာစောင့်ကြည့်သူတွေအားလုံးမှာ ဆိုင်ရာဆိုင်ရာ ကတ်တွေ ထုတ်ပေးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲမှာ ပါဝင်ပတ်သက်နေတဲ့ မီဒီယာသမားတွေကိုလည်း သိက္ခာရှိရှိ သတင်းရယူပါစေဆိုတဲ့ ဆန္ဒနဲ့ကတ်တွေထုတ်ပေးဖို့ရှိပါတယ်။ ဒီကတ်ပါတဲ့အတွက်ကြောင့် အထူးအခွင့်အရေးတော့ ရမှာမဟုတ်ပါဘူး။ သတင်းရယူတဲ့အခွင့်အရေးကတော့ အတူတူပါပဲ"ဟု ဦးကိုကိုက ချက်ထရီယံဟိုတယ်၌ ပြုလုပ်သော ဆွေးနွေးပွဲတစ်ရပ်တွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

သို့ရာတွင် သတင်းထောက်တိုင်းကို ကတ်ထုတ်ပေးနိုင်မည် မဟုတ်ကြောင်း၊ သတင်းတိုက်တစ်တိုက်တစ်မြို့နယ် သုံးဦးနှုန်းထုတ်ပေးမည်ဖြစ်ကြောင်း စောစောပိုင်းသတင်းများအရ သိရသည်။

ရွေးကောက်ပွဲသတင်းများ ရယူရာတွင် တိုက်သတင်းထောက်များ သာမက အလွတ်တန်း သတင်းထောက်များလည်း ကတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေသတ်မှတ်ထားသော စည်းကမ်းဘောင်အတွင်းမှ လွတ်လပ်စွာ သတင်းများ ရယူနိုင်ကြောင်း သိရသည်။

သို့သော်လည်း ကတ်ပြားရသတင်းထောက်များအနေဖြင့် မဲရုံပရိဝုဏ်အတွင်း ဝင်ရောက်ကာ သတင်းရယူနိုင်ရန် ကော်မရှင်သို့ တင်ပြထားကြောင်း၊ မဲရုံများအတွင်း ဓာတ်ပုံရိုက်ခွင့်ပေးမည် မဟုတ်ကြောင်း မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ဥက္ကဋ္ဌ ဦးကျော်မင်းဆွေက အဆိုပါအစည်းအဝေးတွင် ဖြည့်စွက် ပြောကြားသည်။

**ကြံတိုင်းအောင်**

## မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများ သန်လျင်၌ တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၁၈**

သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်က မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးချစ်ညွှန့်က ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းများကို ထုတ်ပြန်ထားရှိကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် စည်းရုံးဟောပြောဆောင်ရွက်နိုင်ရန် သန်လျင်မြို့နယ်တွင် နေရာသုံးနေရာသတ်မှတ်ပေးထားကြောင်း၊ မဲရုံများ၊ ကြိုတင်ဆန္ဒမဲပေးသည့် ကိစ္စရပ်များတွင် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ကြည့်ရှုနိုင်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**